

# “အရပ်သားများ အားလုံး ဒုက္ခ ခံစားကြရ”

## မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားနေသော ပဋိပက္ခ၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ

AMNESTY INTERNATIONAL

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ သည် တက်ကြွလှုပ်ရှားသူပေါင်း၊ ထောက်ခံအားပေးသူပေါင်း ၇ သန်းကျော် ပါဝင်သော ကမ္ဘာတဝန်းလုံး လူ့အခွင့်အရေးကို ရရှိခံစားနိုင်စေရန် ကြိုးပမ်းလှုံ့ဆော်နေသည့် အဖွဲ့ ဖြစ်သည်။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ လူသားတိုင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများနှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ရရှိခံစားနိုင်စေရန် ဖြစ်သည်။

ကျွန်ုပ်တို့ သည် အစိုးရ၊ နိုင်ငံရေးအယူဝါဒ၊ စီးပွားရေးအကျိုးအမြတ်နှင့် ဘာသာရေး တို့မှ ကင်းလွတ်သောအဖွဲ့ တစ်ခု ဖြစ်ပြီး အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လှူဒါန်းငွေများဖြင့် ရပ်တည်နေသော အဖွဲ့ဖြစ်သည်။

© အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ ၂၀၁၇
ဤအစီရင်ခံစာပါအကြောင်းအရာများသည် Creative Commons အရ လိုင်စင်ယူထားပါသည်။
(ရည်ညွှန်းချက်ပေးခြင်း၊ စီးပွားဖြစ်မဟုတ်ခြင်း၊ ဆင့်ပွားအကျိုးအမြတ်မရှိခြင်းနှင့်
အပြည်ပြည်ဆိုင်ရာ ၄.၀) https://creativecommons.org/licenses/by-nc-nd/4.0/legalcode
နောက်ထပ်သိလိုပါက မိမိတို့၏ ဝက်ဆိုက် www.amnesty.org
မှ ခွင့်ပြုချက်များ စာမျက်နှာတွင် ကြည့်ပါ။
အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ မဟုတ်ပဲ အခြားမူပိုင်ခွင့် ပိုင်ရှင်တစ်ဦးဦးကို
ရည်ညွှန်းခဲ့လျှင်မူ Creative Commons လိုင်စင်နှင့် အကျုံးမဝင်ပါ။
ပထမအကြိမ် - ၂၀၁၇
ပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် လီမီတက် မှ ထုတ်ဝေသည်။
Peter Benenson House, 1 Easton Street
London WC1X 0DW, UK

**အညွှန်း- ASA ၁၆/ ၆၄၂၉/၂၀၁၇**
**မူရင်း - အင်္ဂလိပ်ဘာသာ**

**amnesty.org**

*မျက်နှာဖုံး ဓာတ်ပုံ- ကချင်လွတ်လပ်ရေး တပ်မတော် (ကေအိုင်အေ) မှ တပ်သားနှစ်ဦး ကချင်ပြည်နယ် ကေအိုင်အေ ထိန်းချုပ်နယ်မြေရှိ လိုင်ဇာ အနီးက တောင်များကို လှမ်းမျှော်ကြည့်နေပုံ၊ ဇွန် ၂၀၁၃။*
*© မူပိုင် Daniel Quinlan*

# မာတိကာ


**မြေပုံ** **5**

**အတိုကောက် ဝေါဟာရများ** **7**

**အစီရင်ခံစာ အနှစ်ချုပ်** **9**

**လေ့လာပုံနည်းလမ်း** **11**

**၁။ နောက်ခံအကြောင်း** **15**

**၂။ မြန်မာစစ်တပ်၏ ကျူးလွန်ဖောက်ဖျက်မှုများ** **19**

ထင်သလို ဖမ်းဆီး နှိပ်စက်ညှဉ်းပန်းမှုများ 20

ဥပဒေနှင့် မညီသော သတ်ဖြတ်စီရင်မှုများနှင့် လူများကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ပျောက်ဆုံးသွားမှုများ 22

အဓမ္မ လုပ်အားပေးခိုင်းမှုနှင့် အခြားဆက်နွယ်နေသော ညှဉ်းပန်းမှုများ 27

အရပ်သားများ နေထိုင်ရာဒေသများကို မခွဲခြားပဲ အမြောက်နှင့် ပစ်ခတ်ခြင်း 31

ရွာများကို ခွဲခြားမှုမရှိပဲ အမြောက်နှင့်ပစ်ခတ်ခြင်း 31

ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင် ဒုက္ခသည်စခန်းများအနီးတွင် အမြောက်ဖြင့်တိုက်ခိုက်ခြင်း 37

လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်ပြီး ရွာများကို ရှင်းလင်းခြင်း 42

လူသားချင်းစာနာမှု အကူအညီများကို ကန့်သတ်ခြင်းများ 45

**၃။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ ကျူးလွန်မှုများ** **50**

ပြန်ပေးဆွဲခြင်းများနှင့် သတ်ဖြတ်ခြင်းများ 51

အဓမ္မ စစ်သားစုဆောင်းမှု နှင့် ကလေးစစ်သား စုဆောင်းမှု 54

ရွာများ၊ ရွာသားများထံမှ အဓမ္မဆက်ကြေး ကောက်ခံခြင်း 56


**၄။ မြေမြှုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ** **59**

**၅။ နိဂုံးနှင့် အကြံပြုချက်များ** **64**

# မြန်မာနိုင်ငံ မြေပုံ




*© အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*




*© အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*

# အတိုကောက် ဝေါဟာရများ

| | |
|---|---|
| **AA** | ရခိုင့်တပ်မတော်၊ ၂၀၀၉ ခုနှစ် နောက်ပိုင်းကာလများကဖွဲ့စည်းခဲ့သော ရခိုင်လူမျိုးများဖြင့် ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့။ ၎င်းတပ်ဖွဲ့များကို ကေအိုင်အေက လေ့ကျင့်သင်တန်းပေးခဲ့ပြီး မြောက်ပိုင်း မဟာမိတ်အဖွဲ့များနှင့် ပူးတွဲ၍ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ |
| **IED** | လက်လုပ် ဖောက်ခွဲရေးပစ္စည်း။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက အဓိက အသုံးပြုတတ်သော မြေမြှုပ်မိုင်းနှင့် အလားသဏ္ဍာန်တူသည့် လက်နက်။ |
| **KDA** | ကချင် ဒီမိုကရက်တစ် တပ်မတော်၊ ၂၀၁၀ ခုနှစ်တွင် ကေအိုင်အေမှ ခွဲထွက်၍ လက်နက်စွန့်ကာ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခဲ့သည်။ ကေဒီအေ အဖွဲ့ဝင်ဟောင်းများမှာ ယခုလက်ရှိတွင် ရှမ်းပြည်မြောက်ပိုင်းတွင် တပ်မတော်ကဖွဲ့စည်း ပေးထားသော ပြည်သူ့စစ်အဖွဲ့ဝင်များ ဖြစ်လာသည်။ |
| **KIO/A** | ကချင် လွတ်လပ်ရေး တပ်မတော်/အဖွဲ့၊ တရုတ်နယ်စပ်ရှိ ဒေသအသေးလေးတစ်ခုကို ထိန်းချုပ်ထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၏ နိုင်ငံရေးနှင့် စစ်ရေးအုပ်စု၊ ကေအိုင်အေသည် ရှမ်းပြည်မြောက်ပိုင်းတွင်လည်း လှုပ်ရှားသည်။ |
| **MNDAA** | မြန်မာတိုင်းရင်းသား ဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့၊ ကိုးကန့်တပ်ဖွဲ့ဟု အသိများပြီး ရှမ်းပြည်မြောက်ပိုင်းရှိ ကိုးကန့်နယ်မြေတွင် အခြေစိုက်သည်။ မြန်မာစစ်တပ်နှင့် အနှစ်နှစ်ဆယ်ကြာရှိထားသော အပစ်ရပ်ရေး ၂၀၀၉ ခုနှစ်တွင်ပျက်ခဲ့သည်။ |
| **NLD** | အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ဒီမိုကရေစီရေးအတွက် လှုပ်ရှားခဲ့သော နိုင်ငံရေးပါတီ ဖြစ်ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အများစုအနိုင်ရခဲ့ကာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အရပ်သားတစ်ပိုင်း အစိုးရ အာဏာရရှိခဲ့သည်။ |
| **NA-B** | မြောက်ပိုင်း မဟာမိတ်အဖွဲ့ (မြန်မာနိုင်ငံ)၊ မြောက်ပိုင်း မဟာမိတ်အဖွဲ့ဟု အသိများသည်။ ရှမ်းပြည်မြောက်ပိုင်းတွင် လှုပ်ရှားနေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လေးဖွဲ့ ပူးပေါင်းဖွဲ့စည်းထားသည်။ |
| **PSLF / TNLA** | ပလောင်ပြည် လွတ်မြောက်ရေးတပ်ဦးနှင့် ၎င်း၏ စစ်တပ် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်ဖွဲ့ တို့သည် ရှမ်းပြည်မြောက်ပိုင်းမြို့နယ်အချို့တွင် အဓိကအားကောင်းပြီး ယင်းဒေသများကို အခြေပြုကာ အစိုးရစစ်တပ်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီအဖွဲ့တို့အား တိုက်ခိုက်လျက်ရှိသည်။ |

| | |
|---|---|
| **RCSS / SSA-S** | ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် တောင်ပိုင်းဟုလည်း အသိများသည်။ ၂၀၁၅ ခုနှစ်တွင် အစိုးရနှင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်ကို လက်မှတ်ထိုးခဲ့သည်။ သမိုင်းကြောင်းအရ ၎င်းတို့ တည်ရှိခဲ့ရာ ဒေသဟု ဆိုသော ရှမ်းပြည်မြောက်ပိုင်း ဒေသအချို့တွင် အဓိက အခြေစိုက်လှုပ်ရှားသည်။ ၂၀၁၅ နိုဝင်ဘာလမှစ၍ တအာင်းတပ်ဖွဲ့များနှင့် တိုက်ပွဲများမကြာမကြာ ဖြစ်လာခဲ့သည်။ |
| **SSPP / SSA-N** | ရှမ်းပြည်တိုးတက်ရေးပါတီနှင့် ၎င်း၏ စစ်တပ် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း၊ ၁၉၈၉ နှင့် ၂၀၁၂ ခုနှစ်များတွင် မြန်မာအစိုးရနှင့် အပစ်ရပ်လက်မှတ်ထိုးခဲ့သည်။ ၂၀၁၉ ခုနှစ်မှ စ၍ အစိုးရတပ်နှင့် တိုက်ပွဲများ ကြိုကြားကြိုကြားဖြစ်ခဲ့သော်လည်း အပစ်ရပ်ရေးမှာ အများအားဖြင့် တည်မြဲနေခဲ့သည်။ |
| **Tatmadaw** | တပ်မတော်၊ မြန်မာအစိုးရစစ်တပ်၏ တရားဝင်အမည်၊ ယခုအစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မြန်မာစစ်တပ်ဟု ယေဘုယျအားဖြင့်အသုံးပြုတတ်သော်လည်း အင်တာဗျူးများတွင် ဖြေကြားသူများက တပ်မတော်ဟု သုံးနှုံးတတ်သဖြင့် တိုက်ရိုက်ပြောစကားများတွင် တပ်မတော်ဟုသာ သုံးနှုံးထားသည်။ |
| **UXO** | မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ၊ ပစ်ခတ်ခဲ့ချိန်က မပေါက်ကွဲခဲ့ပြီး နောင်နှစ်ပေါင်းများစွာအထိ ပေါက်ကွဲ အန္တရာယ်ပေးနိုင်နေသည့် လက်နက်ကျည်ဆံများ။ |

# အစီရင်ခံစာ အနှစ်ချုပ်

> **ကျွန်မ ခင်ပွန်းရဲ့အလောင်းကို ပြန်ရချင်တယ်။ ဒါပေမယ့် အနားမှာ စစ်တပ်က အပြည့်ပဲ၊ ကျွန်မတို့ အိမ်လည်းပြန်လို့ မရဘူး။ ကျွန်မ အသက်ရှင်နေပေမယ့် လွတ်လွတ်လပ်လပ်တော့ မရှိပါဘူး။**
>
> ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ကတည်းက ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ရွာကိုစွန့်ခွာတိမ်းရှောင်နေရသော အသက် ၄၀ အရွယ်အမျိုးသမီး၊ သူ၏ ခင်ပွန်းမှာလည်း ၂၀၁၆ ဒီဇင်ဘာလတွင် ပျောက်ဆုံးသွားခဲ့သည်။၁ [1]

မြန်မာ့ တပ်မတော်နှင့် နိုင်ငံတွင်းမှ အင်အားအကြီးမားဆုံးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ဖြစ်သည့် ကေအိုင်အေ ကချင်လွတ်လပ်ရေး တပ်မတော်တို့အကြား ရှိခဲ့သည့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားခဲ့ပြီး ခြောက်နှစ်အကြာတွင် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားလာခဲ့သည်။ ၂ [2] ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံနှင့် ထိစပ်နေသော ရှမ်းပြည်မြောက်ပိုင်း ဒေသများတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်အတူ နိုင်ငံတကာ ဥပဒေအရ ရာဇဝတ်မှုမြောက်သော အထူးသဖြင့် လူနည်းစု တိုင်းရင်းသား အရပ်သားများအပေါ် ကျူးလွန်သည့် ဆိုးဝါးသည့်လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ဖြစ်ပွားခဲ့သည်။ အရပ်သား ၉၈၀၀၀ ကျော် နေအိမ်များစွန့်ခွာ ထွက်ပြေးခဲ့ရပြီး တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ ထိန်းချုပ်မှု အောက်တွင်ရှိသော ဒေသများကို လူသားချင်းစာနာသည့် အကူအညီများ ပေးပို့ခြင်းကို အစိုးရက ကန့်သတ်ထားသည့် အတွက်လည်း အခြေအနေများ ပိုမိုဆိုးဝါးခဲ့ရသည်။

ဤအစီရင်ခံစာတွင် ၂၀၁၆ ခုနှစ် နှစ်လယ်မှ စတင်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် ဖြစ်ပွားနေသော တိုက်ပွဲများတွင် ပါဝင်ပတ်သက်နေသူများက ကျူးလွန်ခဲ့သော နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် လူသားချင်းစာနာသည့် ဥပဒေများကို ဖောက်ဖျက်ကျူးလွန်မှုများကို လေ့လာတင်ပြထားပါသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် မြန်မာ့တပ်မတော်က ကေအိုင်အေ တပ်ဖွဲ့များ စခန်းချရာ တောင်ကုန်းများကို ဆက်တိုက် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့်အတွက် ဒီဇက်နှစ်ပိုင်းများအတွင်း အပြင်းထန်ဆုံး တိုက်ပွဲများ ဖြစ်လာခဲ့ပြီး အရပ်သား အများအပြားလည်း အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ နောက်ထပ် လပိုင်းအကြာတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ လေးဖွဲ့ စုပေါင်းထားသော မြောက်ပိုင်းမဟာမိတ်အဖွဲ့က ရှမ်းပြည်မြောက်ပိုင်းရှိ တပ်မတော်စခန်းနှင့် ရဲစခန်းများကို တိုက်ခိုက်ခဲ့ရာ တပ်မတော်ဖက်မှ အပြင်းအထန် လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ ၂၀၁၇ မေလ တွင်ကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မတိုင်ခင်တွင်လည်း တိုက်ပွဲများ ပြန့်နှံ့ဖြစ်ပွားခဲ့ရာ အရပ်သားများမှာ ထိခိုက်ခံရမှု အများဆုံး ဖြစ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၂၀၁၇ ခုနှစ် မတ်လမှ မေလအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းဒေသများရှိ မြို့များနှင့် စစ်ဘေးရှောင်ဒုက္ခသည်စခန်း ၁၀ခုဆီသို့ သုတေသန လေ့လာရေး ခရီးစဉ် သုံးကြိမ် သွားရောက်ခဲ့သည်။ ယင်းဒေသများသည် အစိုးရထိန်းချုပ်မှု အောက်တွင် ရှိသည့် နေရာ များရော အစိုးရထိန်းချုပ်မှု အောက်မှ ကင်းလွတ်သော ဒေသများလည်း

---

[1] ၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

[2] ၂ မြန်မာနိုင်ငံ တဝှမ်းရှိ အဖွဲ့များ၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာဌာနခွဲများကို တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကဲ့သို့သော စာရွက်စာတမ်းများတွင် အပါအဝင် တရားဝင်အားဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) ဟု ရည်းညွှန်းခေါ်ဆိုကြပါသည်။ ဤအစီရင်ခံစာသည် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းလက်နက်ကိုင် တိုက်ပွဲများအတွင်း ကျူးလွန်သော ချိုးဖောက်မှုများ၊ ညှဉ်းပန်းမှုများ ကို အဓိကထားဖေါ်ပြသောကြောင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၎င်းတို့အား အထူးအားဖြင့်(EAOs) တို့၏ လက်နက်ကိုင်ဌာနခွဲများကို “တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ”ဟု ရည်ညွှန်း သုံးစွဲပါမည်။

ပါဝင်သည်။ ယင်းခရီးစဉ်များအတွင်း စစ်ပွဲဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းများကို ခံစားခဲ့ရသောသူများနှင့် တိုက်ရိုက်မျက်မြင် သက်သေများအပါအဝင် စုစုပေါင်း လူ ၁၄၇ ကျော်ကို တွေ့ဆုံမေးမြန်းခဲ့သည်။ မိမိတို့မေးမြန်းခဲ့သူများအထဲတွင် ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီပေးနေသူများ၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် ဒေသခံလူကြီးများလည်း ပါဝင်ပါသည်။ စုဆောင်းရယူခဲ့သော အထောက်အထားများတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော ဓာတ်ပုံများနှင့် ဗီဒီယိုများ၊ မြန်မာစစ်တပ်မှ ထုတ်ပြန်သော အမိန့်များနှင့်ထုတ်ပေးထားသော သက်သေခံ လက်မှတ်များ စသည့် အစိုးရစာရွက်စာတမ်းများ၊ စစ်တပ်က လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်း၊ မော်တာအမြောက်များနှင့် ပစ်ခတ်ခဲ့ခြင်း စသည့်ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ဂြိုဟ်တုမှ ရိုက်ယူထားသော ဓာတ်ပုံများနှင့် ဂြိုဟ်တုမှ နေရာထောက်လှမ်း ရယူထားချက်များကို လေ့လာစစ်ဆေးခြင်းများဖြစ်သည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများတွင် ဆင်တူသောအကြောင်းအရာ အများအပြားရှိပါသည်။ ပါဝင်ပတ်သက်နေသော လက်နက်ကိုင်အဖွဲ့များ၊ မကြာသေးမီကမှ စ၍တိုက်ပွဲများ ပြန့်နှံ့ဖြစ်ပွားလာခြင်း၊ တိုင်းရင်းသား လူနည်းစုတို့၏ အခွင့်အရေး၊ သယံဇာတ အရင်းအမြစ်များ သူပိုင်ကိုယ်ပိုင် အငြင်းပွားမှုနှင့် မြေယာကို အသုံးပြုခြင်းများတို့ ဖြစ်သည်။ သို့သော် အဓိက ကွဲပြားနေသော အချက်များလည်း ရှိသည်။ ကချင်ပြည်နယ်တွင် ဖြစ်နေသောစစ်မှာ မြန်မာစစ်တပ်နှင့် ကေအိုင်အေတို့ ထိပ်တိုက်တွေ့ကြခြင်း ဖြစ်သော်လည်း ရှမ်းပြည်မြောက်ပိုင်းမှ စစ်ပွဲမှာ တိုင်းရင်းသားအဖွဲ့ အတော်များများပါဝင်ပြီး အချို့မှာ အချင်းချင်းမဟာမိတ်ပြုထားကြပြီး အချို့မှာ တစ်ဖက်စီမှ တိုက်ခိုက်နေကြသည်။ မြန်မာစစ်တပ်ဖက်တွင်လည်း ပြည်သူ့စစ်အဖွဲ့အမျိုးမျိုး ပါဝင်နေကြသည်။ ပဋိပက္ခအတွင်း နှစ်ဖက်စလုံးမှ အဖွဲ့များသည် အကျိုးအမြတ်များသော ဘိန်းနှင့် မက်သာဖီတမင်းဆေးပြားများ ရောင်းဝယ်ခြင်းများတွင် ပတ်သက်နေခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာတွေ့ရှိချက်အရ ၂၀၁၆ နှစ်ကုန်ပိုင်းမှစ၍ မြန်မာစစ်တပ်၏ အဆိုးဝါးဆုံး ချိုးဖောက်ကျူးလွန်မှုများကို ရှမ်းပြည်မြောက်ပိုင်းတွင် အများဆုံးပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ယင်းဒေသတွင် စစ်သားများသည် အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပြီးချိန်တွင် လူနည်းစု တိုင်းရင်းသားအရပ်သားများကို ထင်သလိုဖမ်းဆီး နှိပ်စက်ခြင်းနှင့် အခြားညှဉ်းပန်းမှုများ ပြုလုပ်လေ့ရှိသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း မုံးကိုးဒေသ[3] တွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားလာချိန်တွင် မြန်မာစစ်တပ်က တိုင်းရင်းသားအရပ်သားများကို ဖမ်းဆီး၍ ၎င်းတို့၏ တောင်ကုန်းစခန်း အတွင်းစည်းတလျှောက်တွင် လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ သေနတ်နှင့် လက်ပစ်ဗုံးဆံများ ထိမှန်ပြီး အရပ်သားတော်တော်များများ သေဆုံးပြီး အချို့မှာ ဒဏ်ရာ အပြင်းအထန်ရသွားခဲ့သည်။

လူ ၂၅ ဦးကို ဥပဒေပြင်ပမှ ကွပ်မျက်စီရင်ခြင်းလေးကြိမ်နှင့် လူများကို ဖမ်းခေါ် သွားပြီး ဖျောက်ပစ်လိုက်သော အမှု နှစ်ကြိမ်တို့ကိုလည်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာနှောင်းပိုင်းက မြန်မာစစ်တပ်နှင့် အမ်အင်ဒီအေအေ ကိုးကန့်တပ်များတိုက်ပွဲ ဖြစ်ပွားပြီးနောက်တွင် မြန်မာစစ်တပ် စစ်သားများက ပန်ဆန်းနှင့် မုံးကိုးအကြားရှိ နမ်ကိုင်ဟိုးရွာမှ ရွာသား ၁၈ ဦးကို ဖမ်းခေါ် လာသည်ကို တွေ့ခဲ့ရကြောင်း မျက်မြင်သက်သေ နှစ်ဦးက ပြောပြသည်။ သေနတ်သံများကိုလည်း ကြားခဲ့ရသည်ဟုဆိုသည်။ တရုတ်ပြည်ဖက်သို့ ရက်သတ္တပတ်အတန်ကြာ သူတို့ထွက်ပြေးတိမ်းရှောင်ပြီး ရွာသို့ ပြန်လာခဲ့ရာတွင် တွင်းကြီးနှစ်တွင်းအတွင်း မီးလောင်ထားသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်ဟုဆိုသည်။ ဆွေမျိုးများက ယင်းပစ္စည်းများမှာ စစ်တပ်က ဖမ်းခေါ် သွားသော သူများ၏ ပစ္စည်းများ ဖြစ်သည်ဟု အတည်ပြုကြပါသည်။

မြန်မာစစ်တပ်သည် ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့သည့် အလေ့အထအတိုင်း အရပ်သားများကို အထမ်းသမားများ သို့မဟုတ် လမ်းပြများအဖြစ် အသုံးပြုတတ်သည်။ ယင်းအလေ့အထမှာ အဓမ္မလုပ်အားပေးခိုင်းခြင်း ဖြစ်ရုံသာမက ညှဉ်းပန်းခြင်းနှင့် တိုက်ပွဲအတွင်း နှစ်ဖက်ပစ်ခတ်မှုတွင် ထိခိုက်သေဆုံးနိုင်သည့် အန္တရာယ်ရှိရာသို့ အရပ်သားများကို ပို့ဆောင်ရာလည်းရောက်ပါသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလက ကချင်အမျိုးသားလေးယောက်ကို မြန်မာစစ်သားများက လမ်းပြအဖြစ်ခေါ် လာစဉ် တီအင်အယ်အေတပ်များက ဝင်တိုက်သည်နှင့် ကြုံရသည်။ စစ်သားများက ကချင်လေးယောက်ကို သူတို့ စစ်ကြောင်းနေရာကို သတင်းပေးသည်ဟု စွပ်စွဲကာ ရက်စက်စွာ ရိုက်နှက်ခဲ့သည်။ သုံးယောက်၏ မျက်နှာများကိုလည်း မှတ်ဆိတ်ရိတ်ဓားများနှင့် မွှမ်းခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် တိုက်ရာတွင် မြန်မာစစ်တပ်သည် မော်တာနှင့် အမြောက်များဖြင့် ပစ်ခတ်လေ့ရှိသည်။ မကြာခဏ ဆိုသလိုပင် ဗုံးဆံများသည် အရပ်သားများနေထိုင်ရာသို့ ကျရောက်ပြီး အရပ်သားများ သေဆုံး ဒဏ်ရာရခြင်း၊

---

[3] ၃ မုံးကိုး ကို မွန်ကို၊ မန်ဂူ၊ မန်ကန် ဟုလည်း အသိများကြသည်။ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့များနှင့် ရွာများကဲ့သို့ပင် စာလုံးပေါင်း အမျိုးမျိုးပေါင်းကြပါသည်။ တိုင်းရင်းသားလူမျိုးစုကွဲများနှင့် ဘာသာစကားများ ကွဲပြားမှုတို့နှင့် တခါတရံ သက်ဆိုင်ပါသည်။ ဤအစီရင်ခံစာ တစ်ခုလုံးတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်း စာနာမှုဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးမှူး၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသည့် မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) မှ နာမည်စာလုံးပေါင်းများနှင့် ကိုက်ညီစေရန် ၎င်းတို့အတိုင်း အသုံးပြုထားပါသည်. MIMU အကြောင်းကို http://themimu.info/about-us တွင်ရှု။ သို့သော် ဤအစီရင်ခံစာတွင်ပါရှိသော ကျေးရွာငယ်များစွာ၏ အမည်များမှာ MIMU ၏မြေပုံတွင်မပါရှိပါ။ ၎င်းတို့၏ အမည်စာလုံးပေါင်းများမှာ တွေ့ဆုံမေးမြန်းသူများ နှင့် ဘာသာပြန်သူများမှ ပေးသည်များဖြစ်ပါသည်။

နေအိမ်များ ပျက်စီးခြင်းနှင့် နေရပ်မှ ထွက်ပြေးတမ်းရှောင်ရခြင်းများ ဖြစ်စေသည်။ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် နေအိမ်အနီး ပုံးဆံကျရောက်ပေါက်ကွဲသဖြင့် အသက် ၈၁ နှစ် အရွယ် အမျိုးသမီးကြီး တစ်ဦးသေဆုံးခဲ့သည်။ အသက် ၈နှစ် ၉ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးအပါအဝင် အရပ်သားနှစ်ဦးလည်း သေဆုံးခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ကလည်း ရှမ်းပြည်မြောက်ပိုင်းတွင်ပင်ရှိသည့် ဟိုချောင်ရွာအနီးတွင် အမြောက်ဆံများ ကျရောက်ခဲ့သဖြင့် အနည်းဆုံး လူရှစ်ယောက် ဒဏ်ရာရသွားခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကလည်း စစ်ရှောင်ဒုက္ခသည်စခန်း နှစ်ခု အနီးသို့ မော်တာကျည်များ ဆက်တိုက်ကျလာခဲ့သဖြင့် စခန်းမှ ထောင်ပေါင်းများစွာသော လူများ ထပ်ပြီး ထွက်ပြေးခဲ့ကြရပြန်ပါသည်။ ကလေးလေးယောက်မိခင် အသက် ၅၆ နှစ်ရှိသူ ဒါရှီခေါင်နက "မြေကြီးကလည်း တုန်ခါနေတယ်၊ အသံကြီးတွေကလည်း မိုးကြိုးပစ်နေသလိုပဲ" ဟု ပြောပြသည်။

ယင်းကဲ့သို့ အရပ်သားများနှင့် အရပ်ဖက်အဆောက်အဦများ ပုံမှန်လိုလို ထိခိုက်ပျက်စီးနေရခြင်းကို ကြည့်လျှင် မြန်မာစစ်တပ်သည် စစ်ဖက်နှင့် အရပ်ဖက် ပစ်မှတ်များကို ခွဲခြားခြင်းမရှိသလို အရပ်သားများ ထိခိုက်သေဆုံးရမှုများ အနည်းဆုံးဖြစ်အောင် လုံလောက်သည့် စီမံဆောင်ရွက်မှု မရှိကြောင်းတွေ့ရသည်။ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများကလည်း တိုက်ပွဲဖြစ်နေချိန်တွင် အရပ်သားများရှိရာအရပ်မှ ဖြတ်သန်းသွားခြင်း သို့မဟုတ် အရပ်သားများနေထိုင်ရာဒေသနှင့် ကပ်လျက် စခန်းချခြင်းများက မော်တာကျည်ဆံများကို ဖိတ်ခေါ် နေသလို ဖြစ်ပြီး အရပ်သားများကို အန္တရာယ်ရှိစေပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သော ချိုးဖောက်မှုများ အများအပြားကို မြန်မာ့တပ်မတော် တပ်မ ၃၃ နှင့် ၉၉ တို့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ခံရသူများက ၎င်းတို့အားပြုလုပ်သော သူများကို သူတို့ ယူနီဖောင်းပေါ် ရှိ အမှတ်တံဆိပ်များနှင့် ခွဲခြားသိကြသလို ဒေသတစ်ခုတွင် ကြာရှည် စခန်းချထားသူများအားလည်း မည်သည့် တပ်ကဖြစ်သည်ကို သိခဲ့ကြသည်။ မြန်မာစစ်တပ်မှ စစ်သားများသည် မည်သည့်အခါမျှ အရေးယူ မခံရသလောက်ဖြစ်ပြီး ယုံကြည်ရလောက်သည့် စုံစမ်းစစ်ဆေးမှုများမှာ ရှားပါးပြီး အရေးယူမှုမှာလည်း လုံဝမရှိသလောက်ဖြစ်သည်။ အကျိုးဆက်အားဖြင့် ခံရသူများနှင့် ၎င်းတို့၏ မိသားစုများက  အာဏာပိုင်များထံ သွားရောက်တိုင်တန်းလျှင်လည်း အကြောင်းမထူးဟု ယူဆလာကြပြီး တိုင်တန်းလျှင် လက်စားချေ ခံရမည်ကိုလည်း စိုးရိမ်ကြောက်ရွံ့ ကြသည်။ ကချင်နှင့် မြောက်ပိုင်းရှမ်းပြည်ကဲ့သို့ တိုက်ပွဲများ ဖြစ်နေသော ဒေသများတွင် တာဝန်ကျသော တပ်မှူးများမှာ ကျူးလွန်ဖောက်ဖျက်မှုများ ရှိကြောင်း ယုံကြည်ရလောက်သည့် စွပ်စွဲချက်များ ရှိနေသော်လည်း ရာထူးတိုးမြှင့် ချီးမြှောက်ခံရတတ်သည်ဟု ကျွမ်းကျင်သူ တော်တော်များများက ပြောကြသည်။

ကချင်ပြည်နယ်တွင် ထောင်သောင်းချီသော စစ်ဘေးရှောင် ဒုက္ခသည်များ၏ အခြေအနေကို ပိုဆိုးသွားစေသည်မှာ အစိုးရနှင့် စစ်တပ်က အထူးသဖြင့် အစိုးရထိန်းချုပ်ရာနယ်မြေ အပြင်ဖက်မှ ဒေသများသို့ လူသားချင်းစာနာသည့် အကူအညီပေးမှုများကို ကန့်သတ်ထားခြင်းဖြစ်သည်။ ဒေသခံ လူမှုကူညီရေးအဖွဲ့များက ယင်းသို့သော အခြေအနေများကို သက်သာသွားစေရန် တရုတ်ဖက်မှလှည့်၍ ပစ္စည်းများပေးပို့ခြင်းများ ပြုလုပ်ခဲ့သော်လည်း အရေးပေါ် လိုအပ်နေချိန်တွင် အစားအသောက်၊ နေထိုင်စရာ၊ ရေ နှင့် သန့်ရှင်းရေး အကူအညီများကို စောင့်ကြည့်၍ အလျင်အမြန်ပေးနိုင်ခြင်း မရှိခဲ့ဟု လူသားချင်းစာနာသည့် အကူအညီပေးနေသူများက ပြောပြကြသည်။ တခါတရံ ဤသို့ အကူအညီများကို စစ်တပ်မှ ပိတ်ပင်သည်မှာ ရက်စက်လွန်းရာကျခဲ့သည်။ ၂၀၁၇ ဖေဖေါ်ဝါရီလတွင် စစ်ဘေးရှောင် အမျိုးသမီးများထံ ပေးပို့မည့် အမျိုးသမီးသန့်စင်ပစ္စည်းများ၊ ဆပ်ပြာများ၊ အတွင်းခံများနှင့် သွားပွတ်တံများကို ပိတ်ပင်ခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မြန်မာစစ်တပ်၏ ရန်မှ ကာကွယ်ပေးသူများဟု အရပ်သားများက မှတ်ယူတတ်ကြသော်လည်း ယင်းတပ်ဖွဲ့များ ကိုယ်တိုင်ကလည်း နိုင်ငံတကာ ဥပဒေများကိုချိုးဖောက်ကြပါသည်။ ယင်းအဖွဲ့များသည် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများကို စစ်သားသစ်အဖြစ် အဓမ္မစုဆောင်းတတ်ကြပြီး ပဋိပက္ခကြောင့် စားဝတ်နေရေး ကြပ်တည်းနေရသည့် ရွာသားများထံမှ ဆန်နှင့် ငွေကြေးကို တောင်းခံတတ်ကြသည်။ ရှမ်းပြည်မြောက်ပိုင်းတွင် တပ်သားသစ် စုဆောင်းနေသည်ဟူသော သတင်းကြားသည်နှင့် ရွာသားများ ထွက်ပြေးတတ်ကြကြောင်း အရပ်သားများက ပြောပြကြသည်။ တပ်မတော်၏ ထိုးစစ်များနှင့် တိုင်းပြည်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အလားအလာ မကောင်း ခြင်းများ အပေါ် မူတည်ပြီး ယင်းသို့ တပ်သားသစ် စုဆောင်းမှုများ ၂၀၁၇ ခုနှစ်အတွင်းတွင် ပိုဆိုးလာခဲ့သည်။

၂၀၁၅ နိုဝင်ဘာလကတည်းက တိုက်ပွဲများဖြစ်နေခဲ့သော တီအင်အယ်အေ နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (အာစီအက်စ်အက်စ်) တို့သည်လည်း တစ်ဖက်အဖွဲ့ကို ထောက်ခံနေသည်ဟု ၎င်းတို့ ယူဆသူများကို ဖမ်းဆီးခေါ် ဆောင်လေ့ရှိသည်။ လပေါင်းများစွာ ကြာလာသည်အထိ ဖမ်းခေါ် သွားခံရသူများ သေသည်ရှင်သည် မသိရကြောင်း ၎င်းတို့၏ ဆွေမျိုးများက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြကြသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာစစ်တပ်နှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ အများအပြားက မြေမြှုပ်မိုင်းများ၊ မြေမြှုပ်မိုင်းနှင့် အလားသဏ္ဍာန်တူသော လက်လုပ်ဖောက်ခွဲရေး ပစ္စည်းများကို ဆက်လက်၍ ချနေဆဲဖြစ်သည်။ ယင်း လက်နက်များမှ မည်သူမည်ဝါမခွဲခြားပဲ အန္တရာယ်ပေးသဖြင့် အရပ်သား လူထုအတွက် များစွာ ထိခိုက်စေပါသည်။ ၂၀၁၇

ဇန်နဝါရီလက ရှမ်းပြည်မြောက်ပိုင်း နမ့်ဆမ်မြို့နယ် အတွင်းတွင် မိမိ၏ လက်ဖက်ခင်းတွင် အလုပ်လုပ်ပြီး ပြန်လာသော အသက် ၄၁ နှစ်အရွယ် အမျိုးသားတစ်ဦး  လမ်းပေါ်တွင် ထောင်ထားသော မိုင်းနင်းမိသဖြင့် ခြေတစ်ဖက် ပြတ်ခဲ့ရသည်။ ယင်းကဲ့သို့ ဒဏ်ရာရသွားသော လူ အများအပြား ကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်း ခဲ့ရသည်။ ကလေးသူငယ်များမှာလည်း မိဘများကို လယ်ယာတောတွင် ကူညီနေစဉ်ဖြစ်စေ၊ မပေါက်ကွဲသေးသော ဗုံးစကို ကစားစရာ အမှတ်ဖြင့် ကစားမိစဉ် ဖြစ်စေ ထိခိုက်ဒဏ်ရာရကြပါသည်။ စစ်ဘေးရှောင် ဒုက္ခသည် အများအပြားမှာ မြေမြှုပ်မိုင်းကို ကြောက်ရွံ့သဖြင့် နေအိမ်သို့မပြန်ရဲ၊ ယာတောသို့ အလုပ်သွားမလုပ်ရဲ ဖြစ်နေကြပါသည်။

မြန်မာအစိုးရသည် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေစာချုပ်များ အများစုကို လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သော ချိုးဖောက်မှု အများအပြားမှာ နိုင်ငံတကာဥပဒေ၏ ဓလေ့ထုံးတမ်း စံနှုန်းများကို ချိုးဖောက်ခြင်း ဖြစ်ကြောင်းတွေ့ရသည်။ ချိုးဖောက်မှု အများမှာလည်း စစ်ရာဇဝတ်မှုမြောက်ပါသည်။ ချိုးဖောက်မှုတွင် ပါဝင်သော စစ်သားများ၊ ယင်းချိုးဖောက်မှု ပြုလုပ်ရန် အမိန့်ပေးသော၊ ကာကွယ်ရန်၊ တားဆီးရန်ပျက်ကွက်သော၊ ကျူးလွန်မှုများကို အရေးမယူသော တပ်မှူးများကိုလည်း တာဝန်ခံခိုင်းရန် မြန်မာအစိုးရက လုပ်ဆောင်ရပါမည်။ အစိုးရထိန်းချုပ်မှုမှ ကင်းလွတ်နေသော ဒေသများ အပါအဝင်နေရာများသို့ လူသားချင်းစာနာသည့် အကူအညီများ ပေးအပ်ရန် သွားရောက်ခြင်းကို ကန့်သတ်ထားမှုများအား တစ်နိုင်ငံလုံးတွင် ချက်ခြင်း ရုပ်သိမ်းပေးရပါမည်။ တစ်နိုင်ငံလုံးရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို လေ့လာစုံစမ်းရန် တာဝန်ပေးထားသော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လွတ်လပ်သော အချက်အလက်ရှာဖွေရေးအဖွဲ့ကိုလည်း အဆီးအတားမရှိ သွားရောက်လေ့လာခွင့် ပေးရပါမည်။

ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရသည် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်နေခဲ့ပြီး အပစ်ရပ်ကာလတချို့တွင်သာ ရပ်နားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တိုက်ပွဲကို အဆုံးသတ်ရေးကို ၎င်းတို့ အမွေအဖြစ် ချန်ရစ်ရန် ကြိုးပမ်းနေသည်။ သို့ရာတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပဋိပက္ခများ တိုက်ပွဲများအတွင်း မြန်မာစစ်တပ်က တိုင်းရင်းသားလူနည်းစု အရပ်သားများကို ဆက်ဆံပုံက အစိုးရ၏ ကြိုးပမ်းချက်များကို အနှောက်အယှက်ပြုနေပြီး အစိုးရနှင့် တပ်မတော်အပေါ် မလိုလားစိတ်များ ဖြစ်ပေါ်လာစေပါသည်။ ပဋိပက္ခသည် ကြီးမားတိုးပွားလာနေပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ဥပဒေများကို ချိုးဖောက်မှုတို့ ပိုမိုဆိုးဝါးလာမည်ကို မြန်မာနိုင်ငံမြောက်ပိုင်းရှိ အရပ်သားများနှင့် ယင်းဒေသမှ အခြေအနေများကို နှစ်ပေါင်းများစွာ စောင့်ကြည့်လေ့လာ နေခဲ့သော ကျွမ်းကျင်သူများက စိုးရိမ်နေကြပါသည်။ ယင်းအခြေအနေကို ရှောင်ရှားနိုင်ရန်မှာ တာဝန်ခံမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှု တို့သည် မြန်မာအစိုးရ၏ လုပ်ငန်းစဉ်များတွင် ဗဟိုချက်မမှ ပါဝင်ရန် လိုအပ်ပါသည်။

# လေ့လာပုံ နည်းလမ်း

ဤအစီရင်ခံစာကို အဓိကအားဖြင့် ၂၀၁၇ ခုနှစ် မတ်လမှ မေလအတွင်း မြန်မာနိုင်ငံအတွင်းသို့ သွားရောက်လေ့လာ တွေ့ရှိချက်များကို အခြေပြုရေးသားပါသည်။ မတ်လဆန်းတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ လေ့လာသူနှစ်ဦး ကချင်ပြည်နယ်အတွင်းရှိ ကချင်လွတ်လပ်ရေးအဖွဲ့/တပ်မတော် (ကေအိုင်အို/အေ) ထိန်းချုပ်ရာဒေသများသို့ သွားရောက်ခဲ့သည်။ လိုင်ဇာမြို့၊ မိုင်ဂျာယန်မြို့နှင့် စစ်ဘေးရှောင် ဒုက္ခသည်စခန်း ၇ ခုကိုလည်း သွားရောက်ခဲ့သည်။ မတ်လနှောင်းပိုင်းတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ လေ့လာသူတစ်ဦးက နိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်၊ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားနှင့် ရှမ်းပြည်မြောက်ပိုင်းမှ အဓိက မြို့ကြီးတစ်မြို့ဖြစ်သော လားရှိုးမြို့တို့တွင် သုတေသနလုပ်ငန်းများ လုပ်ခဲ့သည်။ နောက်ဆုံး မေလတွင် အဖွဲ့မှ လေ့လာသူတစ်ဦးက ရန်ကုန်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် တွေ့ဆုံမေးမြန်းမှုများလုပ်ခဲ့သည်။ ထိခိုက်ခံစားရသူများကို ပြည်နယ်အတွင်းရှိ ရွာများ၊ မြို့များ၊ စစ်ရှောင်စခန်းများမှ လုံခြုံသော နေရာများသို့ ခေါ်ယူကာ တွေ့ဆုံခဲ့သည်။ အဖွဲ့မှ လေ့လာသူသည် နမ္မတူမြို့နယ်အတွင်းရှိ စစ်ရှောင် ဒုက္ခသည်စခန်းသို့လည်း သွားရောက်ခဲ့သည်။ ယင်းကဲ့သို့ သွားရောက်တွေ့ဆုံမှုများအပြင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ လေ့လာသူများသည် မြန်မာနိုင်ငံမှပုဂ္ဂိုလ်များနှင့် တယ်လီဖုန်း၊ စကိုက်တို့မှ ဆက်သွယ် မေးမြန်းခြင်း၊ လန်ဒန်၊ ဝါရှင်တန် ဒီစီ နှင့် ဘန်ကောက်တို့တွင် လူတွေ့မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ အတွင်းမှ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေချိုးဖောက်ခံရသူများ၊ ညဉ်းပန်းခံရသူများ၊ ယင်းဖြစ်ရပ်များကို မျက်မြင်တွေ့ရှိခဲ့သူများ၊ အသတ်ခံခဲ့ရ၊ ပြန်ပေးဆွဲ ဖမ်းဆီးခံခဲ့ရ၊ ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြသည်ဆိုသော အရပ်သားများ၏ ဆွေမျိုးများ၊ ရပ်ရွာလူကြီးများ၊ ယင်းဒေသအတွင်း လှုပ်ရှားနေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့မှ အရာရှိများ၊ သတင်းသမားများ စုစုပေါင်း ၁၄၀ကျော်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ဆက်စပ်သော ဓာတ်ပုံနှင့်ဗီဒီယိုများကိုလည်း လေ့လာခဲ့သည်။ အစိုးရထုတ် စာရွက်စာတမ်းများ၊ မြန်မာစစ်တပ်က ထုတ်ပေးသည်ဆိုသော သက်သေခံကတ်ပြားများ၊ စစ်တပ်က ပစ်ခတ်ခဲ့သော မော်တာများ အမြောက်ဆံများ လူနေအိမ်ခြေများအနီးတွင် ကျရောက်ခဲ့သည်ဆိုသော ဖြစ်ရပ်များအတွက် ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တု ဓာတ်ပုံများနှင့်နေရာပြ အညွှန်းမြေပုံများ၊ သက်ဆိုင်သော မီဒီယာသတင်းများနှင့် အဲန်ဂျီအိုများ၏ အစီရင်ခံစာများကိုလည်း လေ့လာခဲ့သည်။

ဤအစီရင်ခံစာတွင် ၂၀၁၆ခုနှစ် နှစ်လယ်မှ စတင်ပြီး ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြန်ဖြစ်လာချိန်နှင့် လအတန် ကြာသောအခါ ရှမ်းပြည်မြောက်ပိုင်းတွင်ပါ တိုက်ပွဲများ ဖြစ်လာသည့် ကာလများကို အထူးပြုလေ့လာထားပါသည်။ ယခု ဖြစ်ပျက်နေသော အခြေအနေများကို ပို၍နားလည်သိရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၂၀၁၁ ခုနှစ်ဇွန်လမှ စတင်ပြီး နိုင်ငံတကာ လူ့အခွင့်အရေးနှင့်လူသားချင်းစာနာမှု ဥပဒေများကို ချိုးဖောက်ခံခဲ့ရသူများ နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း သွားရောက်လေ့လာချက်တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် လူသုံးဦးမှ လွဲ၍ ကျန်အားလုံးကို လူတွေ့ မေးမြန်းခဲ့ပါသည်။ သုံးဦးမှာ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ လေ့လာသူများ မသွားရောက်နိုင်သော နေရာတွင် ရောက်နေပြီး ၎င်းတို့ကိုယ်တိုင်လည်း မိမိတို့အဖွဲ့သားများ တွေ့ဆုံမေးမြန်းမှုများ လုပ်နေသည့် မြို့များသို့ မလာရောက်နိုင်သည့်အတွက် တယ်လီဖုန်းဖြင့်သာ ဆက်သွယ်မေးမြန်းခဲ့ရသည်။ တွေ့ဆုံမေးမြန်းမှု အများစုမှာ မြန်မာ၊ ကချင်၊ ပလောင်နှင့် ရှမ်းဘာသာစကားများကို အင်္ဂလိပ်လို ဘာသာပြန်ဆိုပြီး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများကို စစ်ရှောင်စခန်းတွင်ဖြစ်စေ၊ အခြားလုံခြုံသောနေရာများတွင် ဖြစ်စေ တတ်နိုင်သမျှ သီးသန့်နေရာများတွင် ပြုလုပ်ခဲ့သည်။ တွေ့ဆုံမေးမြန်းရမည့် လူများ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ပုဂ္ဂိုလ်များရှိရာသို့ လာရလျှင် ခရီးစရိတ်ကုန်ကျငွေကို ပြန်လည်ထုတ်ပေးသော်လည်း တွေ့ဆုံမေးမြန်းခွင့်ပေးရန် မည်သည့်

အခကြေးငွေ မက်လုံးမှ မပေးခဲ့ပါ။ ထို့အပြင် ဖြေကြားပေးနေသူသည်လည်း ၎င်းတို့ ဆက်မဖြေလိုက ရပ်နားလိုသော အချိန်တွင် ရပ်နားနိုင်ခွင့်ရှိခဲ့ပါသည်။

တွေ့ဆုံမေးမြန်းခဲ့သူများတွင် ၎င်းတို့သဘောအလျောက် အမည်သုံးခွင့်ပြုသူများ၏ အမည်ကို အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားပါသည်။ အချို့သူများက ၎င်းတို့အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်ကို သိရှိသွားလျှင် မြန်မာစစ်တပ်မှ ဖြစ်စေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ဖြစ်စေ လက်တုံ့ပြန်အရေးယူ ခံရမည်ကို စိုးရိမ်သဖြင့် ၎င်းတို့၏ အမည်များ၊ ၎င်းတို့မှန်း သိစေနိုင်သည့် အချက်အလက်များကို မဖော်ပြပဲထားပါသည်။

မေလ ၂၄ ရက်နေ့တွင် မိမိတို့လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ အတိအကျသိလိုသော မေးခွန်းများကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးသို့ စာရေးသား မေးမြန်းခဲ့သည်။ ယခု အစီရင်ခံစာကို ပုံနှိပ်ချိန်အထိ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ရုံးမှ အကြောင်းပြန်ကြားချက်မရသေးပါ။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ကေအိုင်အိုနှင့် တီအင်အယ်အေ၏ ပင်မအဖွဲ့ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (ပီအက်စ်အယ်အက်ဖ်) တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များထံသို့လည်း မိမိတို့၏ တွေ့ရှိ သုံးသပ်ချက်များနှင့် ပတ်သက်၍ သိလိုသော မေးခွန်းများကို စာဖြင့် ပေးပို့ခဲ့သည်။ ပီအက်စ်အယ်အက်ဖ်က ဇွန်လ ၄ ရက်နေ့တွင်၊ ကေအိုင်အိုက ဇွန်လ ၆ ရက်နေ့တွင် အကြောင်းပြန်ခဲ့သည်။ ၎င်းတို့၏ ဖြေကြားချက်များကို ဤအစီရင်ခံစာမှ သက်ဆိုင်သော အပိုင်းများတွင် ထည့်သွင်းဖော်ပြထားပါသည်။

# ၁။ နောက်ခံ အကြောင်း

မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး တိုင်းရင်းသား လက်နက်ကိုင်ဖွဲ့ ကချင်လွတ်လပ်ရေးအဖွဲ့/တပ်မတော် (ကေအိုင်အို/အေ) နှင့် အစိုးရအကြား ၁၇ နှစ်တာ အပစ်ရပ်စာချုပ် ၂၀၁၁ ခုနှစ် ဇွန်လက ပျက်ပြယ်သွားခဲ့ပြီးသည့်နောက်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် တိုက်ပွဲများဖြစ်လာခဲ့သည်မှာ ခုနှစ်နှစ်ထဲရောက်လာခဲ့ပြီ ဖြစ်သည်။[၄][4] အရပ်သား ၉၈၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးနေရပြီး [၅][5] အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ နိုင်ငံ၏ အခြားဒေသများတွင် ပြတ်တောင်းပြတ်တောင်း ရှေ့သို့သွားနေသော်လည်း ကချင်နှင့်ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အများစုကမူ ယင်းလုပ်ငန်းစဉ်တွင် ချွတ်ယွင်းချက် ကြီးကြီးမားမားရှိနေသည်ဟု ရှုမြင်ထားကြသည်။

မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်း ဒေသများဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းသည် တရုတ်နိုင်ငံနှင့် ရှည်လျားသော နယ်စပ်ချင်း ထိစပ်နေပါသည်။ နိုင်ငံရေး လူမျိုးရေး တင်းမာမှုများမှာ လွတ်လပ်ရေး မရခင် အချိန်ကတည်းက ရှိခဲ့သည်။ ဗြိတိသျှတို့က ဗမာလူမျိုးအများစု နေထိုင်သော ပြည်မနှင့် တောင်တန်းဒေသများကို ခွဲခြားအုပ်ချုပ်ခဲ့သည်။[၆][6] ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး ညီလာခံအပြီးတွင် ကချင်နှင့် ရှမ်းအပါအဝင် လူနည်းစုတိုင်းရင်းသား ကိုယ်စားလှယ်များက "ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရရှိရေးနှင့် တိုင်းပြည်၏ ဓနဥစ္စာကို ညီမျှစွာ ခွဲဝေယူရေး ကတိကဝတ်များဖြင့်" ပြည်ထောင်စုဖွဲ့စည်းရန် သဘောတူခဲ့ကြသည်။[၇][7]

၁၉၄၇ ခုနှစ် ဇူလိုင်လတွင် လက်ရှိ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ် အောင်ဆန်းစုကြည်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း အလုပ်ကြံခံရပြီးသည့်နောက် ၁၉၄၇ ခုနှစ် အခြေခံဥပဒေပါ အဓိကပြဌာန်းချက်များအပေါ် သဘောကွဲလွဲမှုများလည်း ဖြစ်လာပြီး ပင်လုံကတိကဝတ်များ ပျက်ပြယ်လာခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် ဗြိတိန်ထံမှ လွတ်လပ်ရေး ရခဲ့အပြီး လပိုင်းအတွင်းမှာပင် လက်နက်ကိုင်အုပ်စုများက နိုင်ငံအဝန်း ဆန့်ကျင်ပုန်ကန်ကြသည်။ အချို့က လုံးဝလွတ်လပ်ရေးကို တောင်းဆိုပြီး အချို့က ကိုယ်ပိုင်ပြဌာန်းခွင့် ပိုမိုပေးသည့် ဖက်ဒရယ်စနစ်ကို တောင်းဆို ခဲ့ကြသည်။[၈][8]

အစိုးရက ၎င်းတို့၏ အကျိုးစီးပွားကို စောင့်ရှောက်ကြည့်ရှုတော့မည်မဟုတ်ဟု ယုံကြည်လာသည့် ကချင်အမျိုးသားရေးအုပ်စုများက ၁၉၆၁ ခုနှစ်တွင် ကေအိုင်အေကို ဖွဲ့စည်းပြီး လက်နက်ကိုင် တော်လှန်ခဲ့သည်။ တစ်နှစ်အကြာတွင် မြန်မာ့တပ်မတော်က စစ်အာဏာသိမ်းလိုက်ပြီး စစ်တပ်က အာဏာအားလုံးကို ချုပ်ကိုင်လိုက်ကာ အတိုက်အခံ နိုင်ငံရေးပါတီများကို ဖျက်သိမ်းခြင်း၊ လူမှုလွတ်လပ်ခွင့်များကို ဖိနှိပ်ခြင်းများ ပြုလုပ်ခဲ့သည်။[၉][9] လက်နက်ကိုင် ဆန့်ကျင်မှုများတိုးပွားလာခဲ့ပြီး ရှမ်းပြည်မြောက်ပိုင်းတွင်လည်း ကိုးကန့်နှင့် ဝ အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်များပါဝင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်ကွန်မြူနစ်များ၏ ငွေကြေးနှင့် စစ်ရေးအကူအညီကို ရခဲ့သည်။[၁၀][10]

တိုက်ပွဲများ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ပြီးနောက် မြန်မာ့တပ်မတော်သည် ကွန်မြူနစ်ပါတီမှ ခွဲထွက်ခဲ့ပြီးသော ဝပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA)၊ မြန်မာနိုင်ငံ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ် (MNDAA) အပါအဝင် အင်အားကြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့နှင့် ၁၉၈၉ ခုနှစ်တွင် အပစ်ရပ်ရေး သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။[၁၁][11]

---

[4] ၄ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ *"Untold Miseries": ကချင်ပြည်နယ်တွင် စစ်ကာလအတွင်း ညှဉ်းပန်းမှုများနှင့် အဓမ္မရွှေ့ပြောင်းရမှုများ၊* ၂၀၁၂ စာ ၂၂-၂၄

[5] ၅ OCHA၊ ပဋိပက္ခ သုံးသပ်မှု၊ http://www.unocha.org/country/myanmar/about-ocha-myanmar/crisis-overview-0 (၂၆ မေ ၂၀၁၇ ထိ စစ်ဘေးရှောင် ဒုက္ခသည်စခန်းများမှ စာရင်း အရ)

[6] ၆ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့ အာရှအစီရင်ခံစာ အမှတ် ၂၁၄၊ ၂၀ နိုဝင်ဘာ ၂၀၁၁၊ စာ-၁

[7] ၇ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ စာ-၁

[8] ၈ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ စာ-၂။ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ "*Untold Miseries*", စာ- ၂၂-၂၃ ကိုလည်းရှု

[9] ၉ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ စာ-၂

[10] ၁၀ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ စာ-၂

[11] ၁၁ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ စာ-၂

နောက်ထပ်ငါးနှစ်အတွင်းတွင်လည်း ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်မှ အဖွဲ့များနှင့် အပစ်ရပ်လက်မှတ်ထိုးခဲ့ရာ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် ၁၉၉၄ ဖေဖော်ဝါရီတွင် ကေအိုင်အေတို့ လက်မှတ်ထိုးခဲ့သည်။ [၁၂][12]

၂၃ နှစ်ကြာလာချိန်တွင် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲများ အနှံ့အပြား ပြန်ဖြစ်လာခဲ့သည်။ မြန်မာစစ်တပ်နှင့် ကေအိုင်အေ၊ အမ်အင်ဒီအေအေတို့ အကြားရှိထားသော အပစ်ရပ် သဘောတူညီချက်လည်း ပျက်ပြားခဲ့ပြီး တိုင်းရင်းရင်းသား လက်နက်ကိုင်အဖွဲ့ အသစ်များလည်း ပေါ်ထွက်လာခဲ့သည်။ ယင်းတို့အထဲတွင် ၁၉၆၀ ခုနှစ်ထဲက ပေါ်ထွန်းခဲ့ဖူးသော ပလောင်အမျိုးသားရေး လှုပ်ရှားမှုအဖွဲ့ဖြစ်သည့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (တီအင်အယ်အေ) နှင့် ကေအိုင်အေကလေ့ကျင့်ပေးခဲ့သော ၂၀၀၀ ပြည့်လွန်နှစ်များတွင်ဖွဲ့စည်းခဲ့သည့် ရခိုင့်တပ်မတော် (အေအေ) တို့ပါဝင်သည်၊ အေအေသည် တီအင်အယ်အေ၊ အမ်အင်ဒီအေအေတို့နှင့် ပူးပေါင်းလှုပ်ရှားသည်။[၁၃][13] ကချင်နှင့် မြောက်ပိုင်းရှမ်းပြည်ရှိ လက်နက်ကိုင်အဖွဲ့များအထဲတွင် မြန်မာစစ်တပ်က ဖွဲ့စည်းပေးထားသော ပြည်သူ့စစ် အဖွဲ့များလည်း ပါဝင်လာသည်။ ယင်းအဖွဲ့များ၏ လှုပ်ရှားမှုများမှာ ရပ်ရွာကာကွယ်ရေးအဖွဲ့အဖြစ်၊ မူးယစ်ဆေး ကုန်ကူးသူများအဖြစ်မှ တိုက်ပွဲများတွင် တပ်မတော်နှင့် ပူးပေါင်းတိုက်ခိုက်သည်များအထိ ရှိခဲ့သည်။[၁၄][14]

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသော အခြေအနေများ၏ နောက်ခံအကြောင်းတရားတွင် တိုင်းရင်းသား လူနည်းစုများက တိုင်းပြည်၏ လူဦးရေ၏ ၆၅ ရာခိုင်နှုန်းကျော်သော ဗမာများကို နိုင်ငံရေး စီးပွားရေးအရ မျက်နှာသာပေးထားသည်ဟု ၎င်းတို့က ယူဆသော ဗဟိုအစိုးရကို နှစ်ပေါင်းများစွာ ဆန့်ကျင်တိုက်ခိုက်၍ ကိုယ်ပိုင်ပြဌာန်းခွင့် ပိုရရန် တောင်းဆိုနေကြခြင်းဖြစ်သည်။ [၁၅][15] ယင်းမကြေနပ်မှုများကို မြန်မာစစ်တပ်၏ တိုင်းရင်းသားဒေသများတွင် အသုံးပြုနေသော သောင်းကျန်းမှုနှိမ်နင်းရေး နည်းဗျူဟာများက ပို၍ဆိုးဝါးသွားစေခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များက စတင်အသုံးပြုလာသော ဖြတ်လေးဖြတ်နည်းဗျူဟာက သူပုန်အုပ်စုများကို ဒေသခံ အရပ်သားများ ဆီက ရိက္ခာ၊ ငွေကြေး၊ သတင်းအချက်အလက်နှင့် တပ်သားသစ် အထောက်အပံ့မရနိုင်အောင် လုပ်ရန် ရည်ရွယ်ခဲ့သည်။ ရွာများကို ရှင်းလင်း၊ သီးနှံများနှင့် လယ်ယာမြေများကို မီးရှို့ပြီး၊ ဒေသခံများမှာ ဖမ်းဆီး နှိပ်စက်ခံရပြီး တခါတရံ သတ်ဖြတ်ခံရသည်အထိ ဖြစ်ခဲ့သည်။[၁၆][16] ဤနည်းလမ်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့ပြီး ကယား၊ ကရင်နှင့် ချင်းပြည်နယ်စသော တိုင်းရင်းသားဒေသများတွင်လည်း အသုံးပြုသည်ကို တွေ့ရသည်။ [၁၇][17]

ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းများတွင် ဖြစ်ပွားနေသော ပဋိပက္ခ၏ အကြောင်းများသည် သဘာဝသယံဇာတများကို ထုတ်ယူအသုံးချခြင်း၊ လယ်ယာမြေနှင့် အခြေခံအဆောက်အဦ စီမံကိန်းကြီးများ၊ ဘိန်းကုန်ကူးခြင်းတို့ နှင့်လည်း ဆက်စပ်နေသည်။ ကချင်ပြည်နယ်သည် ကမ္ဘာ့အကောင်းဆုံး ကျောက်စိမ်းများထွက်သည့် သတ္တုတွင်းများရှိပြီး တွင်းထွက်များထုတ်ယူ အသုံးပြုသည့် လုပ်ငန်းများကို စောင့်ကြည့်လေ့လာနေသည့် Global Witness အဖွဲ့၏ အဆိုအရ တစ်နှစ်ကို ဒေါ်လာ ၃၁ ဘီလျံအထိ ဝင်ငွေရှိနေကြောင်း၊ အများစုမှာ စစ်တပ်က ၎င်းတို့နှင့် ဆက်စပ်နေသော လုပ်ငန်းရှင်ကြီးများမှ တစ်ဆင့် ရယူနေကြသည်ဟု ဆိုထားပါသည်။ [၁၈][18] ရွှေနှင့် သစ် အပါအဝင် အခြားသယံဇာတ များကလည်း မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို များစွာ ကြွယ်ဝချမ်းသာ စေခဲ့သည်။ ပြည်နယ်နှစ်ခုစလုံးတွင်လည်း အစဉ်အလာအရ ရေအားလျှပ်စစ်စက်ရုံကြီးများ၊ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းစသော အခြေခံအဆောက်အဦ ဆောက်လုပ်သည့် စီမံကိန်းများနှင့် ဆက်စပ်ပြီး တိုက်ပွဲများ ဖြစ်ခဲ့သည်။ [၁၉][19]

မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်ပြီးလျှင် ကမ္ဘာ့ဒုတိယအများဆုံး ဘိန်းထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ရှမ်းပြည်နယ်သည် ဘိန်းထွက်ရာ အချက်အချာဒေသဖြစ်သည်။[၂၀][20] ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) က ရှမ်းပြည်နယ်အတွင်းရှိ ရွာပေါင်း ၅၉၁ ရွာတွင် လေ့လာမှုပြုခဲ့ရာ အကြမ်းအားဖြင့် အိမ်ထောင်စု ဆယ်စုတွင် တစ်စုက

---

[12] ၁၂ မြန်မာနိုင်ငံရှိ လက်နက်ကိုင် အဖွဲ့အစည်းများ၏ အမည်စာရင်းအပြည့်အစုံ နှင့် အပစ်ရပ်ရေးလက်မှတ်ထိုးသည့် သို့မဟုတ် ပျက်ပြားသည့် အချိန်များကို Myanmar Peace Monitor, *Armed Ethnic Groups*, http://www.mmpeacemonitor.org/stakeholders/armed-ethnic-groups တွင်ကြည့်နိုင်ပါသည်။

[13] ၁၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ များ နှင့် တိုင်းရင်းသားလူမျိုးများဆိုင်ရာ ကျွမ်းကျင်သူများအား အင်တာဗျူးနှင့် အီးမေးဆက်သွယ်မေးမြန်းမှုများ၊ မေ ၂၀၁၇။ Myanmar Peace Monitor, *Armed Ethnic Groups*; Melissa Crouch, "Ethnic Rights and Constitutional Change: The Recognition of Ethnic Nationalities in Myanmar/Burma," in *Central-Local Relations in Asian Constitutional Systems* (၂၀၁၅, ထုတ် Andrew Harding and Mark Sidel),စာ ၁၂၀ ကိုရှု။ Paul Keenan, "ပလောင်လွတ်မြောက်ရေး တပ်ဦး/ Ta'ang National Liberation Army," Burma Centre for Ethnic Studies အစီရင်ခံစာ အမှတ် ၂၅ /၂၀၁၅

[14] ၁၄ မြန်မာနိုင်ငံရှိ လက်နက်ကိုင်များ၏ (- စစ်တပ်လက်အောက်ခံနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ လက်အောက်ခံများ အပါအဝင်) သမိုင်းကြောင်းနှင့် လက်ရှိ ဝက်ဆိုဒ်များနှင့် ပတ်သက်၍ အသေးစိတ်ကို John Buchanan, *Militias in Myanmar*, အာရှဖောင်ဒေးရှင်း၊ ဇူလိုင် ၂၀၁၆ ကိုကြည့်ရန်။

[15] ၁၅ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းတည်ရှိပုံ နောက်ထပ် အချက်အလက်များကို -ရိုက်တာသတင်း "Factbox: Key facts about Myanmar," ၁၈ နိုဝင်ဘာ ၂၀၁၁၊ Lex Rieffel, "Peace in Myanmar depends on settling centuries-old ethnic conflicts," Brookings Institute, ၂၀ မတ်၂၀၁၇ တွင်ရှု။

[16] ၁၆ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ စာ-၂

[17] ၁၇ ဥပမာ - ရှုရန်- လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ *Untold Miseries"* စာ ၂၅-၂၆ ။ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ *We Are Like Forgotten People": The Chin People of Burma: Unsafe in Burma, Unprotected in India,* ဇန်နဝါရီ ၂၀၀၉။ ဟားဗတ် ဥပဒေ တက္ကသိုလ် နိုင်ငံတကာ လူ့အခွင့်အရေး ဌာန *Policy Memorandum: Preventing Indiscriminate Attacks and Wilful Killings of Civilians by the Myanmar Military* မတ် ၂၀၁၄ က ၁၂- ၂၅

[18] ၁၈ Global Witness, *Jade: Myanmar's "Big State Secret"*, အောက်တိုဘာ ၂၀၁၅။

[19] ၁၉ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ *"Untold Miseries"* စာ- ၂၉-၃၃

[20] ၂၀ UNODC "မြန်မာနှင့် လောနိုင်ငံတွင် ဘိန်းထုတ်လုပ်မှု များစွာတည်ငြိမ် ဟု UNODC အစီရင်ခံစာပြော" ၁၅ ဒီဇင်ဘာ ၂၀၁၅။ UNODC ၏ အရှေ့တောင်အာရှ ဘိန်းစစ်တမ်း ၂၀၁၅၊ လော နှင့် မြန်မာ၊ ဒီဇင်ဘာ ၂၀၁၅ ကိုလည်းရှု။

ဘိန်းထုတ်လုပ်မှုနှင့် တိုက်ရိုက်ပတ်သက်နေသည်ကို တွေ့ခဲ့ရသည်။ အခြားသက်မွေးဝမ်းကျောင်းရန် နည်းလမ်းမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အဦ အားနည်းခြင်း၊ အုပ်ချုပ်မှုနှင့် လုံခြုံရေး အားနည်းခြင်းတို့သည် အကြောင်းရင်းများဖြစ်ကြသည်။[၂၁ 21] ကေအိုင်အေ နှင့် တီအင်အယ်အေတို့ ကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့က ၎င်းတို့၏ ဒေသများအတွင်း ဘိန်းထုတ်လုပ်မှုကို တိုက်ဖျက်နေသော်လည်း[၂၂ 22] အခြားအဖွဲ့များနှင့် မြန်မာစစ်တပ်က ထောက်ခံပေးထားသော ပြည်သူ့စစ်အဖွဲ့များမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၊ မက်သာဖီတမင်းဆေးပြား ထုတ်လုပ်ရောင်းဝယ်မှုမှ အကျိုးအမြတ်များ ရယူနေကြဆဲဖြစ်သည်။ [၂၃ 23]

၂၀၁၁ ခုနှစ် ကချင်ပြည်နယ်တွင် တိုက်ပွဲများပြန်ဖြစ်လာချိန်နှင့် တပြိုင်နက်တည်းလိုမှာပင် သမ္မတဦးသိန်းစိန် အစိုးရကလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အသစ်တစ်ခုကို စတင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အရောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့နှင့် နှစ်ဖက်သဘောတူ အပစ်ရပ်စာချုပ်များ ချုပ်ဆိုလာနိုင်ခဲ့သည်။ [၂၄ 24] ထို့နောက် ၂၀၁၅ ခုနှစ်တွင် အစိုးရက တစ်နိုင်ငံလုံး အပစ်ရပ်ရေးစာချုပ် (NCA) ချုပ်ဆိုနိုင်ရန် စီစဉ်လာခဲ့သည်။ စာချုပ်၏ ရည်ရွယ်ချက်များမှာ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရန်၊ နိုင်ငံသားအားလုံး တန်းတူ အခွင့်အရေး ရရေးအတွက် အာမခံရန်"၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခံရခြင်းမှ အရပ်သားများအား အကာအကွယ်ပေးရန်၊ ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားနိုင်ရန်တပ်များနေရာချထားခြင်းကို စီစဉ်ရန်၊ နေရပ်စွန့်ခွာ ထွက်ပြေးနေရသူများအတွက် လူသားချင်းစာနာသည့် အကူအညီများပေးနိုင်ရန်နှင့် ၎င်းတို့ လုံခြုံစွာ မိမိတို့ဆန္ဒအလျောက် နေရပ်သို့ပြန်နိုင်ရန် ဆိုသော အချက်များ ပါဝင်သည်။ [၂၅ 25] ပို၍ ပြည့်စုံလွှမ်းခြုံသည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဖြစ်ပေါ် လာရေးအတွက် ရည်ရွယ်သည့် "အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ" ပြုလုပ်ရန်ဆိုသည့် ရည်ရွယ်ချက်လည်း ပါဝင်သည်။ [၂၆ 26]

သို့ရာတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် လှုပ်ရှားနေကြသည့် အဓိက အဖွဲ့များဖြစ်သည့် အေအေ၊ အမ်အင်ဒီအေအေ နှင့် တီအင်အယ်အေတို့မှာ တစ်နိုင်ငံလုံးအပစ်ရပ်ရေးစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ထိုးခွင့် မရခဲ့ပေ။[၂၇ 27] အားလုံးပါဝင်ခွင့်မရခြင်းနှင့် ဆက်လက်ဖြစ်နေသော တိုက်ပွဲများက အခြားတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ပါဝင်နိုင်ရေးနှင့် ပါဝင်လိုစိတ်တို့ကို လျော့နည်းစေခဲ့သည်။[၂၈ 28] ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် လှုပ်ရှားနေကြသည့် အဖွဲ့များအနက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (အာစီအက်စ်အက်စ်) တစ်ဖွဲ့တည်းသာ NCA ကို လက်မှတ်ထိုးခဲ့သည်။ တစ်လအကြာတွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အာစီအက်စ်အက်စ်နှင့် တီအင်အယ်အေတို့အကြား ထိတွေ့တိုက်ပွဲများ ဖြစ်ခဲ့သည်။ သမိုင်းကြောင်းအရ နယ်မြေ သူပိုင်ငါပိုင် အငြင်းပွားမှုများက ပဋိပက္ခအတွင်း နောက်ထပ်အက်ကွဲကြောင်းတစ်ခု ပေါ် လာစေပြီး မြန်မာစစ်တပ်ကလည်း ယင်းအခြေအနေကို အသုံးချနေခဲ့ပုံပေါ် ပါသည်။ [၂၉ 29]

၂၀၁၅ နိုဝင်ဘာလက သမိုင်းဝင် ရွေးကောက်ပွဲများအပြီးတွင် ဒီမိုကရေစီရေး လှုပ်ရှားမှု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၆ ခုနှစ် မတ်လအကုန်တွင် အာဏာ ရလာခဲ့သည်။ အခြေခံဥပဒေ တားမြစ်ချက်အရ သမ္မတလုပ်ခွင့်မရသော ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဟူသော ရာထူးကို ဖန်တီးရယူကာ အရပ်သားတစ်ပိုင်းအစိုးရ၏ ခေါင်းဆောင်နေရာကို ရယူခဲ့သည်။ အစိုးရက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ကာ ၂၀၁၆ ခုနှစ်ဩဂုတ်လနှင့် ၂၀၁၇ ခုနှစ် မေလတို့တွင် ၂၁ ရာစုပင်လုံညီလာခံများကို ကျင်းပခဲ့သည်။[၃၀ 30]

ယင်းငြိမ်းချမ်းရေး ညီလာခံများက မည်သည့် တိုးတက်မှု ရစေခဲ့သည်ဆိုသည်ကို ယခုအချိန်အထိ ရှင်းရှင်းလင်းလင်း မသိရသေးပါ။ ညီလာခံနှစ်ခု အကြား ကိုးလတာ ကာလအတွင်းတွင် တိုက်ပွဲများကလျော့မသွားပဲ ပို၍ပင် တိုးလာခဲ့ပါသည်။

---

21 ၂၁UNODC, *Evidence for enhancing resilience to opium poppy cultivation in Shan State, Myanmar*, မတ် ၂၀၁၇၊ စာ ၆-၃၀ ရှု။

22 ၂၂ David Shaw, "Drugs and bullets in Myanmar," အယ်ဂျာဇီးရား၊ ၈ ဖေဖော်ဝါရီ ၂၀၁၇။ Niels Larsen, "On patrol with Myanmar rebels fighting both the army and drug addiction," Vice News၊ ၂၃ ဧပြီ ၂၀၁၅ ကိုရှု။

23 ၂၃ ရိုက်တာ "Factbox - the MNDAA: Myanmar's Crowdfunding Ethnic Insurgent Group," ၂၁ မတ် ၂၀၁၇။ Anshuman Behera, "Insurgency, Drugs and Small Arms in Myanmar," *Strategic Analysis*, အတွဲ ၄၁(၁) ၂၀၁၇၊ စာ ၃၄-၄၈။ Charlie Campbell, "Obstacles ahead in Burma's opium war," တိုင်းမ်၊ ၁၉ မတ် ၂၀၁၃ ကိုရှု။

24 ၂၄ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ခြေလှမ်းသစ်၊ နိုင်ငံရေးဆွေးနွေးမှုများဆီသို့၊ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့ အာရှဆွေးနွေးပွဲ အမှတ် ၁၄၉၊ ၁၉ အောက်တိုဘာ၊ စာ-၂၊ ၁၆

25 ၂၅ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကြား တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၊ ၁၅ အောက်တိုဘာ ၂၀၁၅။

26 ၂၆ အခန်း ၁၅။ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ဖြစ်စဉ်၊ စာ-၃ ကိုလည်းရှု

27 ၂၇ နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ဖြစ်စဉ်၊ စာ- ၂၊၇၊၁၀။ လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့မှာ မြန်မာအစိုးရတပ်နှင့် နှစ်ဘက်အပစ်ရပ်ရေး မရှိသေးပါ။ ယင်းအချက်မှာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ၎င်းတို့ လက်မှတ်ထိုးခြင်းမပြုနိုင်ဟု အစိုးရစစ်တပ်ကပြောနေသော အကြောင်းရင်းများစွာထဲမှ တစ်ခုဖြစ်သည်။ အစိုးရစစ်တပ်က ၎င်းတို့ ဦးစွာလက်နက်စွန့်ရမည်ဟုတောင်းဆိုနေပြီး တိုင်းရင်းသားအုပ်စုများကလည်း လုံးဝလက်မခံနိုင်ဖြစ်နေသည်။ ထက်နိုင်ဇော် "ကာကွယ်ရေးဦးစီးချုပ်- AA, MNDAA or TNLA အဖွဲ့တို့ နှင့် ဆွေးနွေးမှုမပြုနိုင်" ဧရာဝတီ၊ ၁ မတ် ၂၀၁၇။ နန်းလွင်နှင်းပွင့် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲ မပါဝင်ခင် တိုင်းရင်းသားမဟာမိတ် ၃ဖွဲ့ လက်နက်ဖြုတ်ဖို့ စစ်တပ်တောင်းဆို" ဧရာဝတီ၊ ၁၆ ဇွန် ၂၀၁၆။

28 ၂၈နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ မြန်မာ-ငြိမ်းချမ်းရေး ဖြစ်စဉ်၊ စာ- ၂ မှ ၄

29 ၂၉အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။ DVB " အာစီအက်စ်အက်စ် နှင့် တီအင်အယ်အေတို့ကြား ရင်ဆိုင်တိုက်ပွဲများ ထပ်မံဖြစ်" မေ ၁၅ ၂၀၁၇ ကိုလည်းရှု

30 ၃၀ Joe Freeman "ဒုတိယအကြိမ် မြန်မာငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဒေါ်အောင်ဆန်းစုကြည် ဖွင့်လှစ်" ဗွီအိုအေ၊ ၂၄ မေ ၂၀၁၇

ပထမ ပင်လုံညီလာခံ ကျင်းပခဲ့သည့် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင်ပင် မြန်မာစစ်တပ်က ကေအိုင်အေ၏ ဗျူဟာကျသော တောင်ကုန်းစခန်းများကို အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ၃၀[31] လအတန်ကြာပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တီအင်အယ်အေ၊ အေအေ၊ အမ်အင်ဒီအေအေ အဖွဲ့များစုပေါင်းဖွဲ့စည်းထားသည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် အနည်းဆုံး ကေအိုင်အေတပ်ရင်း နှစ်ရင်း ပူးပေါင်းပါဝင်ကာ၃၂[32] ရှမ်းပြည်မြောက်ပိုင်းရှိ မြန်မာစစ်တပ်နှင့် ရဲစခန်းများကို တပြိုင်တည်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ ၃၃[33] မြန်မာစစ်တပ်က ထိုးစစ်များဆက်တိုက် ဆင်နေပြီး တစ်ချိန်တွင် နေရာတစ်နေရာနှင့် တစ်ဖွဲ့ကို တိုက်ပြီး နောက် တစ်ဖွဲ့ကို ဆက်တိုက်ခြင်းမျိုး ပြုလုပ်ခဲ့သဖြင့် အခြေအနေများ ဆက်ဆိုးဝါးနေခဲ့ပါသည်။

တိုက်ပွဲများ ဆက်ဖြစ်နေသည့်ကြားမှပင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းမှ အဓိက လက်နက်ကိုင်အဖွဲ့များ အများစုက ၂၀၁၇ မေလ တွင်ကျင်းပခဲ့သော ဒုတိယအကြိမ်ပင်လုံညီလာခံဖွင့်ပွဲကို တက်ရောက်ခဲ့ပြီး ညီလာခံပြင်ပ ဆွေးနွေးပွဲအဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြသည်။ ၃၄[34] အချို့အဖွဲ့များ တက်ရောက်ဖြစ်ခဲ့ခြင်းမှာ တရုတ်နိုင်ငံက ယင်းအဖွဲ့များ၊ မြန်မာအစိုးရနှင့် စစ်တပ်တို့အပေါ် သံတမန်ရေးဖိအား တောက်လျှောက်ပေးခဲ့သည့် ရလာဒ်ဖြစ်ပါသည်။ ၃၅[35]

ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံတကာ၏ အာရုံစိုက်မှုမှာ လုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ နိုင်ငံတော်မူဝါဒအရ ခွဲခြားဆက်ဆံခံနေရသော ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအရေး ဖြစ်ခဲ့သည်။၃၆[36] ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာသည့် ဥပဒေ ချိုးဖောက်မှုများမှာလည်း ပုံစံတူဖြစ်သည်။ စစ်တပ်က လူမျိုးစုနှင့် ဘာသာရေးအရ လူနည်းစုများကို ဦးတည် ပစ်မှတ်ထားနေခြင်းသည် စစ်တပ်က ဖိနှိပ်ချိုးဖောက်မှုများကို အရေးယူတာဝန်ခံရခြင်း မရှိပဲ ဆက်ကျူးလွန်ခွင့် ရနေခြင်း ဖြစ်ပါသည်။

---

[31] ၃၀ Paul Vrieze and Lawa Yang ၏ " ဒေါ်အောင်ဆန်းစုကြည်ကို မယုံကြည်နိုင်ကြ၊ မြန်မာပြည်သူအများ ဘာ့ကြောင့် ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ လျော့ပါးနေရသလဲ" တိုင်းမ် မဂ္ဂဇင်း၊ ၂၂ နိုဝင်ဘာ ၂၀၁၆။ သူသူအောင် "ကေအိုင်အေ၏ ဂိဒွန်တောင်ထိပ်စခန်းကို တပ်မတော်စီးနင်း" မြန်မာတိုင်း ၁၉ ဒီဇင်ဘာ ၂၀၁၆။

[32] ၃၂ မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များတွင် ကေအိုင်အေအဖွဲ့ တခုလုံး ပါမပါမှာလည်း အငြင်းပွားမှုတချို့ရှိနေသည်။ မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များ၏ ကြေငြာချက်များတွင် ကေအိုင်အေ၏ တံဆိပ် ပါဝင်ပြီး ပြည်တွင်းနှင့် ပြည်ပ မီဒီယာများ ကလည်း သာမန်အားဖြင့် ကေအိုင်အေသည် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များတွင် တရားဝင်ပါဝင်သည်ဟု မှတ်ယူထားကြသည်။ ဥပမာ-ရှုရန် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအပေါ် ထုတ်ပြန်သည့် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များ (မြန်မာနိုင်ငံ)၊ ၁၇ ဇန်နဝါရီ ၂၀၁၇ http://northernalliance.today/nab-statement-1-17/ ။ မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များ (မြန်မာနိုင်ငံ)၊ ကျွန်ုပ်တို့အကြောင်း၊http://northernalliance.today/about-us/ ။ ခင်ဇော်ဝင်း , "Is fighting with the NA-B the beginning of a full-fledged crisis?," မြန်မာတိုင်းမ်း၊ ၉ ဒီဇင်ဘာ ၂၀၁၆။ သို့သော် ကေအိုင်အို ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွမ်မော် က "မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များတွင် MNDAA, TNLA, and AA တို့သာပါဝင်ပြီး ကေအိုင်အေ တစ်ခုလုံး ပူးပေါင်းပါဝင်ခြင်း မရှိ၊ ကေအိုင်အေ တပ်မဟာ ၄ နှင့် ၆ သာပါဝင်သည်" ဟု ပြောခဲ့သည်။ ဧရာဝတီ "KIA General Gun Maw: 'To Talk and Live as Equals, That is Genuine Peace'," ၁၇ ဇန်နဝါရီ ၂၀၁၇။

[33] ၃၃ "တပ်မတော်နဲ့ မြောက်ပိုင်းမဟာမိတ်တပ်များ ၂၀၁၇ တွင် တိုက်ပွဲဆက်လက်ဖြစ်ပွား" မြန်မာတိုင်း၊ ၅ ဇန်နဝါရီ ၂၀၁၇။ သူသူအောင် လေကြောင်းတိုက်ပွဲအပြီး မုံးကိုးကို တပ်မတော် ပြန်ထိန်းချုပ်နိုင်" မြန်မာတိုင်း၊ ၆ ဒီဇင်ဘာ ၂၀၁၆

[34] ၃၄ စင်ဟွာသတင်း " မြန်မာ အောင်ဆန်းစုကြည် အပစ်ရပ် လက်မှတ်မထိုး လက်နက်ကိုင် ၇ဖွဲ့ နှင့် တွေ့ဆုံ" ၂၆ မေ ၂၀၁၇။ ကျော်ခ " ဝအဖွဲ့မှ ကျောက်ကော်အန်း - ဒေါ်အောင်ဆန်းစုကြည်က သူ့ဘဝသက်တမ်းမှာ ငြိမ်းချမ်းရေး ရလိုသည်ဟုပြော" ဧရာဝတီသတင်း၊ ၂၉ မေ ၂၀၁၇

[35] ၃၅ Bertil Lintner, "China captures Myanmar's peace process," အာရှတိုင်း၊ ၃ ဖွန် ၂၀၁၇ ကို ရှု။

[36] ၃၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ *"We Are at Breaking Point": Rohingya: Persecuted in Myanmar, Neglected in Bangladesh ( အညွှန်း* - ASA ၁၆/ ၅၃၆၂ /၂၀၁၆)၊ ၁၉ ဒီဇင်ဘာ ၂၀၁၆။

# ၂။ မြန်မာ စစ်တပ်၏ ကျူးလွန်ဖောက်ဖျက်မှုများ

> **“တပ်မတော်က ရွာထဲဝင်လာပြီးရင် လုပ်ချင်တာလုပ်တာပါပဲ။ သူတို့ကို လေးစားဖို့ ခက်ပါတယ်။ ကျွန်တော်တို့ အစိုးရရဲ့ တပ်တွေလို့ သူတို့ကို မြင်ဖို့ခက်ပါတယ်။”**
>
> ၂၀၁၆ခုနှစ် နိုဝင်ဘာက ရှမ်းပြည်မြောက်ပိုင်း မန်တုံမြို့နယ်အတွင်းတွင် မြန်မာစစ်တပ်စစ်သားများ၏ နှိပ်စက်ညှဉ်းပန်းခြင်း ခံခဲ့ရသော အသက် ၃၀ အရွယ် ရွာသား ၃၇[37]

၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ပြီး မြန်မာ စစ်တပ်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် စစ်ဆင်ရေးများ အပြင်းအထန် ပြုလုပ်ခဲ့သည်။ နယ်မြေဧရိယာ ကျယ်ဝန်းပြီး တိုင်းရင်းသား အဖွဲ့ပေါင်းစုံလှုပ်ရှားနေသည့် ဒေသဖြစ်သည့် အတွက် စစ်ဆင်ရေးများမှာ အချိန်မတူသလို စစ်ဆင်ပုံများလည်း မတူကြပေ။ တိုင်းရင်းသားလူနည်းစု အရပ်သားများမှာ ဖမ်းဆီးနှိပ်စက်ခံရမည်ကို  အမြဲတန်း ကြောက်ရွံ့စိုးရိမ်နေကြရသည်။ အဆိုးဆုံး ချိုးဖောက်မှုများကို မြန်မာစစ်တပ်က စစ်ဆင်ရေးအသစ်တစ်ခု စတင်ချိန် သို့မဟုတ် စစ်တပ်က ခေတ္တဖြစ်စေ နယ်မြေဆုံးရှုံးလိုက်ရချိန်၊ တိုက်ပွဲတွင် ၎င်းတို့ဖက်မှ တပ်သားများ ကျဆုံးမှု ရှိချိန်များတွင် အများဆုံးဖြစ်ပွားတတ်သည်။  မြန်မာမြောက်ပိုင်းအရေး ကျွမ်းကျင်သူအတော်များများက စစ်တပ်ဖက်က အရှက်ရသည့် ဖြစ်ရပ်ဖြစ်ပွားချိန်သည် အရပ်သားများအား ကျူးလွန်မှုများ ဖြစ်ပွားတော့မည်ဆိုသည့် ရှေ့ပြေးပြယုဂ်တစ်ခု ဖြစ်သည်ဟု ပြောကြပါသည်။၃၈[38]

ယေဘုယျအားဖြင့် ကြည့်လျှင် ၂၀၁၆ ခုနှစ်အကုန်မှ စ၍ ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုကြီးများကို ကချင်ပြည်နယ်ထက်စာလျှင် ရှမ်းပြည်မြောက်ပိုင်းတွင် အများဆုံးတွေ့ခဲ့ရသည်။ အကြောင်းရင်းတစ်ခုမှာ ကချင်ပြည်နယ်မှ အရပ်သားများက တိုက်ပွဲဖြစ်သည့် နေရာများကို ပို၍ရှောင်ရှားနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး တိုက်ပွဲများမှာလည်း မြန်မာစစ်တပ်နှင့် ကေအိုင်အေတပ်များအကြား အများအားဖြင့် တပ် တပ်ချင်းဖြစ်ပွားကြခြင်း ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းတွင်မူ လက်နက်ကိုင်အဖွဲ့ အများအပြားရှိနေပြီး အများမှာလည်း အရပ်သားလူထု နေထိုင်သည့် အရပ်များနှင့် နီးကပ်စွာ ရှိနေကြသည့်အတွက် မြန်မာစစ်တပ်ကလည်း စစ်ဖက်နှင့် အရပ်ဖက် ပစ်မှတ်များကို ခွဲခြားလေ့မရှိပဲ ရံဖန်ရံခါ အရပ်သားများကိုပါ စုပေါင်းသိမ်းကြုံးအပြစ်ပေးတတ်သည့် ပုံစံမျိုး တွေ့ရပါသည်။

အထူးသဖြင့် တိုင်းရင်းသား လူနည်းစုများထဲမှ စစ်သားလုပ်နိုင်ရန် အရွယ်ရောက်နေပြီဖြစ်သော လူငယ်များမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖွဲ့နှင့် ပတ်သက်နိုင်သည်ဟု မြန်မာစစ်တပ်က ယူဆပြီး ဖမ်းဆီး၊ ညှဉ်းပန်း၊ သတ်ဖြတ်၊ အစဖျောက်ခြင်း၊ အဓမ္မ လုပ်အားပေးခိုင်းစေခြင်းများ အများဆုံး ခံရတတ်သည်။ အခြားသော ကျူးလွန်မှုများဖြစ်သည့် ပစ်မှတ်ကို

---

[37] ၃၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။

[38] ၃၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။ နှင့် စကိုက် အင်တာဗျူးများ၊ မတ် နှင့် မေ ၂၀၁၇။

မခွဲခြားပဲ အမြောက်နှင့် ပစ်ခြင်း၊ လွတ်လပ်စွာ သွားလာခွင့်ကို ပိတ်ပင်ခြင်းနှင့် လူသားချင်းစာနာသည့် အကူအညီပေးမှုများကို ကန့်သတ်ခြင်းတို့မှာ အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများကို အများဆုံး ထိခိုက်ပါသည်။

ရှမ်းပြည်မြောက်ပိုင်းမှ အရပ်သားများက မြန်မာ့တပ်မတော် ခြေမြန်တပ်မ ၃၃ နှင့် ၉၉ တို့သည် အဓိက ကျူးလွန်သူများ ဖြစ်သည်ဟု ပြောကြသည်။ သို့ရာတွင် ပြစ်မှုကျူးလွန်သည်ဟု ယုံကြည်ရလောက်သော တပ်သားများမှာ မည်သည့်အခါမျှလောက် စုံစမ်းစစ်ဆေးခြင်းမခံရပါ၊ အရေးယူ အပြစ်ပေးခံရခြင်းက ပို၍ ရှားပါသည်။ တိုက်ခိုက်ရေးတပ်ရင်းများတွင် နေရာရထားခြင်းမှာ ရာထူးတိုးမြှင့်ရန်နှင့် အကျိုးအမြတ်ရရန်အတွက် အဆင့်တစ်ခု ဖြစ်နေတတ်ပါသည်။ ဤသို့ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရနေခြင်းများက နောက်ထပ် ကျူးလွန်မှုများကို ဖြစ်လာစေပါသည်။

# ထင်သလို ဖမ်းဆီး နှိပ်စက်ညှဉ်းပန်းမှုများ

## "သူတို့ မေးခွန်းတစ်ခုမေးပြီးရင် ရိုက်တယ်။ မေးလိုက် ရိုက်လိုက်ပဲ။"

၂၀၁၆ ဒီဇင်ဘာလက ဖမ်းဆီး ရိုက်နှက်ခံခဲ့ရသော ကွတ်ခိုင်မြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ အသက် ၃၅ နှစ်အရွယ်ရွာသား [၃၉] [39]

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ကစပြီး နှိပ်စက်မှုမြောက်နိုင်တဲ့ ဖမ်းဆီးညှဉ်းပန်းမှု ကိုးခုဖြစ်ပွားခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ရှိခဲ့သည်။ တစ်ဦးချင်းစီ ဖမ်းဆီးခြင်းမျိုးရှိသလို အုပ်စုလိုက်ဖမ်းဆီး နှိပ်စက်ခံရခြင်းမျိုးလည်းရှိပြီး တစ်ကြိမ်တွင် ပြင်းထန်သော တိုက်ပွဲများဖြစ်နေချိန်တွင် အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ခြင်း ရှိခဲ့သည်။ ဤဖြစ်ရပ်မျိုးကို မြန်မာ့တပ်မတော်က ထိုးစစ်ဆင်များဆင်ချိန်နှင့် တပ်မတော်စစ်ကြောင်းကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖွဲ့က လာရောက် တိုက်ခိုက်ပြီးချိန်မျိုးတွင် အများဆုံးတွေ့ရသည်။ ထို့ကြောင့် တိုင်းရင်းသား လူနည်းစုများကို အုပ်စုလိုက် သံသယထားပြီး စုပေါင်း အပြစ်ပေးခဲ့သလို ဖြစ်နေပါသည်။ မှတ်တမ်းတင်နိုင်ခဲ့သော ဖြစ်ရပ်အားလုံးမှာ ရှမ်းပြည်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်၊ သို့သော် မြန်မာစစ်တပ်သည် ကချင်ပြည်နယ်တွင်လည်း ဖမ်းဆီး နှိပ်စက် ညှဉ်းပန်းမှုများ ပြုလုပ်ခဲ့သည့် သမိုင်းကြောင်း ရှည်လျားစွာရှိခဲ့ပါသည်။ [၄၀] [40] ကချင်ပြည်နယ်တွင် ယင်းအဖြစ်မျိုး လျော့နည်းလာရခြင်းမှာ ကေအိုင်အို ထိန်းချုပ်ရာ ဒေသများတွင် နေထိုင်ကြသောသူများသည် မြန်မာစစ်တပ်စစ်သားများနှင့် တွေ့နိုင်မည့် နေရာများသို့ ပြန်မသွားကြခြင်းကြောင့် ဖြစ်နိုင်ကြောင်း အရပ်လူကြီးများနှင့် လူသားချင်းစာနာကူညီမှု ဆောင်ရွက်ပေးနေသူ တော်တော်များများက ပြောပြကြသည်။ [၄၁] [41]

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ ကလေးနှစ်ယောက်ဖခင် အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးသည် လယ်တောမှ ပြန်လာစဉ် မြန်မာစစ်တပ် စခန်းချထားသော ဘုန်းတော်ကြီးကျောင်းရှေ့အရောက်တွင် အဖမ်းခံလိုက်ရသည်။ ယင်းဒေသအတွင်း မကြာခင်က သေနတ်သံများ ကြားခဲ့ရသည်ဟု သူကပြောသည်။ စစ်သားများက သူ့ကို ကေအိုင်အေ သူလျှိုဟု စွပ်စွဲခဲ့သည်ဟု ယခုလို ပြောပြပါသည်။

> *"သူတို့ ကျွန်တော့်ကို ခေါ်သွားပြီး စစ်သားတွေက ကျွန်တော့်ကို လက်နောက်ပြန် ကြိုးတုပ်ပြီး ရိုက်ကြတယ်။ မင်း ကေအိုင်အေ စစ်သားလား၊ စောစောက သေနတ်နဲ့ ပစ်နေတာဘယ်သူလဲ လို့ မေးတယ်။ မေးခွန်းတစ်ခု မေးပြီး ရိုက်တယ်၊ မေးလိုက် ရိုက်လိုက်ပဲ။ ကျွန်တော် ကေအိုင်အေ စစ်သားမဟုတ်ပါဘူး၊ ဒီမှာ တောင်ယာလုပ်ပြီး ဒီအိမ်မှာပဲ နေတာပါလို့ ဖြေလိုက်ပါတယ်။*
>
> *ပထမတော့ လက်သီးနဲ့ ထိုးကြတယ်။ ကျွန်တော့် မျက်နှာနဲ့ ရင်ပတ်ကို ထိုးကြတယ်။ နောက်တော့ တစ်ယောက်က သစ်ကိုင်းနဲ့ ကျွန်တော့် ရင်ပတ်နဲ့ ခြေထောက်တွေကို ရိုက်တယ်။ အဲဒီ ဒဏ်ရာတွေ အခုအထိ ခံနေရတုန်းပါပဲ။"* [၄၂] [42]

၎င်းအဖမ်းခံရသည့် သတင်းကို ကြားသိရသည့် ရွာလူကြီးက ကြားဝင်၍ သူ့ကို ပြန်လွှတ်ပေးအောင် ကြိုးစားပေးခဲ့ပါသည်။ ဖမ်းခံခဲ့ရသည့် ရွာသားက သူ့ကို ဖမ်းပြီး ရိုက်သော စစ်သားအားလုံး၏ ပုခုံးတွင် တပ်မ ၉၉ အမှတ်တံဆိပ်များ တပ်ထားသည်ဟုပြောသည်။ ၎င်းကို ပြန်လွှတ်ပေးချိန်တွင် စစ်သားများက နောက်ထပ်သေနတ်သံကြားလျှင် ၎င်းအား ပြန်လာရှာမည်ဟု ပြောလိုက်သည်ဟု ဆိုပါသည်။ [၄၃] [43]

---

[39] ၃၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

[40] ၄၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ မတ် ၂၀၁၇။ Fortify Rights " *သူတို့ ကျွန်တော့်ကို သတ်လိမ့်မယ်*"၊ *မြန်မာပြည်မြောက်ပိုင်း စစ်ကာလ ညှဉ်းပန်းနှိပ်စက်မှု အဆုံးသတ်ရေး၊* ဇွန် ၂၀၁၄။ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ *"Untold Miseries"*, စာ ၃၄ မှ ၃၇၊ ၄၀ မှ ၄၃ ကိုလည်းရှု

[41] ၄၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ မတ် ၂၀၁၇။

[42] ၄၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

[43] ၄၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

အလားတူပင် ၂၀၁၇ ခုနှစ် မတ်လအတွင်းက နမ့်ခမ်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ အသက် ၄၉ နှစ်အရွယ် ရွာသားတစ်ဦးက ၎င်း၏ ရော်ဘာခြံသို့သွားခဲ့သည်။ သူ့ယာတောထဲရှိ မြက်ပင်ရှည်များကို ရှင်းလင်းရန် မီးစတင်ရှို့နေချိန်တွင် တပ်မ ၃၃ မှ စစ်သားများရောက်လာပြီး သူ့ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းနေသူဟု စွပ်စွဲခဲ့သည်။ သူ့ကို အနီးကပ် သေနတ်နှင့် ပစ်ပြီး မေ့မြောသွားသည်အထိ ရိုက်နက်ကြသည်။ သူ့ကို စစ်သားများက လမ်းဘေး သစ်ပင်တစ်ပင်အောက်တွင် ထားပစ်ခဲ့ကြသည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ရသော ၎င်း၏ ဇနီးက ပြောပြသည်။ “ကျွန်မကိုလည်းတွေ့ရော ကျွန်မယောကျ်ားက ငါ့ကို သူတို့ သေနတ်နဲ့ ပစ်သွားတယ်လို့ ပြောတယ်၊ သူ့အခြေအနေက လုံးဝမကောင်းဘူး၊ သွေးတွေလည်း ထွက်နေတယ်၊ အရိုးလည်း ကျိုးသွားတယ်။ သူ့ကို တင်ပါးကို ပစ်လိုက်တာ ကျည်က ဒူးကထွက်သွားတယ်။” [၄၄][44] လပေါင်းတော်တော်ကြာသည်အထိ ယင်းအမျိုးသားဆေးရုံတွင်ပင် ရှိနေပါသေးသည်။

ဤဖြစ်ရပ်ကဲ့သို့ စစ်သားများက လူတစ်ဦးကို အပစ်ပေးသည့်အနေနှင့် ဖြစ်စေ၊ သတင်းရလို၍ ဝန်ခံချက်ရလို၍ ဖြစ်စေ အပြင်းအထန် နှိပ်စက်နာကျင်စေခြင်းမှာ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေအရ စစ်ရာဇဝတ်မှု မြောက်ပါသည်။ [၄၅][45] မြန်မာစစ်တပ်က အထမ်းသမားနှင့် လမ်းပြခေါ် ယူခိုင်းစေမှုများနှင့် ဆက်စပ်ပြီးလည်း နှိပ်စက်ညှဉ်းပန်းမှုများ အများအပြားရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းများရရှိခဲ့သည်။ (စာမျက်နှာ ၂၀ တွင်ကြည့်) (see page 20).

အဆိုးဝါးဆုံး ဖြစ်ရပ်တစ်ခုမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့က မုံးကိုးမြို့ ရပ်ကွက် ၆ တွင် မင်္ဂလာဆောင်ပွဲ တစ်ခုအတွက် ပြင်ဆင်နေကြသော သက်ကြီးရွယ်အို၊ မိန်းမ နှင့် ကလေးများ အပါအဝင် လူပေါင်း ၁၅၀ ကျော်ကို မြန်မာစစ်တပ် စစ်သားများက ဖမ်းဆီးခဲ့သည်။ ယင်းဖမ်းခံသူများထဲမှ နှစ်ဦး၊ ရပ်ရွာလူကြီး တစ်ဦးနှင့် ယင်းဖြစ်ရပ်ကို လေ့လာစုံစမ်းခဲ့သော လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူတစ်ဦးကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။ မုံးကိုးဒေသတွင် နှစ်ပေါင်းများစွာ အခြေစိုက်ခဲ့သဖြင့် ၎င်းတို့သည် တပ်မ ၉၉ မှဟု သိနေကြသော စစ်သား တစ်ရာခန့်က ဖမ်းဆီးထားသူများကို မုံးကိုး ရပ်ကွက် ၆ အနီး တောင်ကုန်းပေါ် မှ ၎င်းတို့ စခန်းသို့ ခေါ် ဆောင်သွားခဲ့သည်။ [၄၆][46]

နိုဝင်ဘာ ၂၀ ရက်နေ့မှ စတင်ကာ မုံးကိုးဒေသတွင် မြန်မာစစ်တပ်နှင့် မြောက်ပိုင်းမဟာမိတ်တပ်များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေခဲ့သည်။ မြောက်ပိုင်း မဟာမိတ်အဖွဲ့က မုံးကိုးမြို့အစိတ်အပိုင်းတော်တော်များများကို သိမ်းပိုက်မိထားသော်လည်း မြန်မာစစ်တပ်က တောင်ကုန်းစခန်းတွင် ဆက်ရှိနေပြီး ယင်းစခန်းသို့ အရပ်သားများကို ဖမ်းခေါ် သွားခြင်းဖြစ်သည်။ [၄၇][47] ဖမ်းခံရသူများ၏ ပြောပြချက်အရ တိုက်ပွဲများမှာ ပြင်းထန်လှပြီး မြောက်ပိုင်းမဟာမိတ်အဖွဲ့က တောင်ကုန်းစခန်းကို သိမ်းပိုက်နိုင်ရန် အပြင်းအထန်တိုက်ခိုက်နေပြီး တခါတရံ နှစ်ဖက်တပ်ဖွဲ့များအကြား လမ်းလေးတစ်လမ်းသာ ခြားထားသည်ဟု ဆိုသည်။ “ကျွန်တော်တို့ကို အပြင်က တိုက်နေတဲ့ မြောက်ပိုင်းမဟာမတ်တပ်တွေနဲ့ အတွင်းက ခုခံနေတဲ့ တပ်မတော်စစ်သားတွေရဲ့ ကြားမှာထားတယ်” ဟု အဖမ်းခံခဲ့ရသည့် အသက် ၅၁ နှစ်အရွယ်အမျိုးသားက ပြောသည်။ “ကျွန်တော်တို့ကို ဒိုင်းတွေလို သုံးခဲ့တာ။”[၄၈][48]

တောင်ကုန်းစခန်း ပတ်လည်တွင် အကာအရံ သုံးဆင့်ရှိပြီး အရပ်သားများကို အတွင်းအကျဆုံး စည်းရိုးနှင့် ဒုတိယစည်းရိုး အကြားတွင် ထားသည်။ စစ်သားတွေက ကျွန်တော်တို့ကို မြေကြီးပေါ် မှာ မှောက်ပြီးနေခိုင်းတယ်ဟု အသက် ၅၁ နှစ်အရွယ်အမျိုးသားကပြောသည်။ မလှုပ်နဲ့၊ စကားမပြောနဲ့၊ ပြောရင် ပစ်မယ်လို့ စစ်သားတွေက အော်ပြောတယ်။[၄၉][49] တစ်ရက်အကြာတွင် စစ်သားများက အမျိုးသမီးများနှင့် ကလေးများကို ပြန်လွှတ်ပေးခဲ့သည်။ နောက်ရက် အတန်ကြာတွင် တရုတ်အရပ်သားများ အားလုံးလိုလိုကိုလည်း ပြန်လွှတ်ပေးလိုက်သည်။ ဆက်ပြီး ထိန်းသိမ်းခံထားရသူ အများစုမှာ ဒေသတွင်းမှ လက်နက်ကိုင်အဖွဲ့များကို ထောက်ခံသည်ဟု ယူဆရသော ကချင်၊ ပလောင် နှင့် လီဆူးတိုင်းရင်းသားများဖြစ်သည်။[၅၀][50]

မျက်မြင်သက်သေ နှစ်ဦးက မြန်မာစစ်သားများသည် ဖမ်းဆီးထားသူများထဲမှ နှစ်ဦးကို ပစ်သတ်ခဲ့ပြီး တော်တော်များများကိုလည်း မြောက်ပိုင်းမဟာမိတ်တပ်များ တိုက်ခိုက်လာမည်ကို သတင်းမပေးခဲ့ခြင်းကြောင့်၊ တိုင်းရင်းသားတပ်များကို ထောက်ခံအားပေးနေခြင်းကြောင့်ဆိုကာ သေနတ်နှင့် ပစ်ခဲ့သည်ဟု ဆိုသည်။ တဖန်

---

44 ၄၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

45 ၄၅ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရောမ သဘောတူညီချက်၊ ၂၁၈၇ U.N.T.S. ၉၀၊ ၁ ဇွန်၂၀၀၂ တွင် စတင် အကျိုးသက်ရောက်သည်။ ပုဒ်မ ၇(၂)(င) နှင့် ၈(၂)(ဂ)(ဈ)။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရာဇဝတ်မှုဟု ပြောနိုင်သည့်အချက်အလက်များ၊ ပုဒ်မ ၈(၂)(ဂ)(ဈ)-၄၊ စစ်ရာဇဝတ် နှိပ်စက်မှုများ၂၀၁၁၊ https://www.icc-cpi.int/NR/rdonlyres/336923D8-A6AD-40EC-AD7B-45BF9DE73D56/0/ElementsOfCrimesEng.pdf ။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၉၀။ နှိပ်စက်ညှဉ်းပန်းမှု နှင့် ရက်စက်မှု၊ လူမဆန်သည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာကျစေသည့် ဆက်ဆံမှု https://ihl-databases.icrc.org/customary-ihl/eng/docs/v1_rul.

46 ၄၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။ နှင့် မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

47 ၄၇ မီဒီယာ သတင်းများ နှင့် ဘလော့အချက်အလက်များက မုံးကိုး၌အရှိုးသော တောင်ထိပ်စခန်းများကို မြန်မာစစ်တပ်က ဤကာလအတွင်း ထိန်းသိမ်းခဲ့သည်ဟု ဆိုပါသည်။ စိုင်းဝမ်စိုင်း “ရှမ်းပြည်နယ်က ပဋိပက္ခများ၊ မြောက်ပိုင်းမဟာမိတ်တပ်များ၏ ထိုးစစ်အပြီး အပျက်အစီးများ” ရှမ်းသံတော်ဆင့် အေဂျင်စီသတင်း၊ ၃၀ နိုဝင်ဘာ ၂၀၁၆ http://english.panglong.org/2016/11/30/conflict-in-shan-state-aftermath-of-northern-alliance-offensives/ “ မြန်မာစစ်တပ်က သူပုန်တွေကို မုံးကိုးမှ တိုက်ထုတ်” ၇ ဒီဇင်ဘာ ၂၀၁၆ http://hlaoo1980.blogspot.com/2016/12/burmese-army-drove-insurgents-out-of.html.

48 ၄၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

49 ၄၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

50 ၅၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

တိုက်ပွဲဖြစ်နေသော နှစ်ဖက်အကြားတွင် ထားသဖြင့် တော်တော်များများမှာလည်း ကျည်ဆံ နှင့် လက်ပစ်ဗုံးဆံများ ထိမှန်ကာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားကြသည်ဟု ပြောပြပါသည်။ ၅၁[51] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က မေးမြန်းခဲ့သူ နှစ်ဦးအနက် တစ်ဦးမှာ စစ်တပ်၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာ အပြင်းအထန်ရခဲ့သူ ဖြစ်သည်။ ၎င်းမည်သူမည်ဝါဆိုသည်ကို သိရှိမသွားနိုင်ရင် အသေးစိတ် အချက်အလက် များကို ချန်လှပ်ထားခဲ့ပါမည်။ နောက်ဆုံးကျန်နေခဲ့သော ဖမ်းဆီးခံထားရသူများ အားလုံးသည်လည်း ဒီဇင်ဘာ ၃ ရက် ၄ရက်များတွင် တိုက်ပွဲများ ထပ်ဖြစ်လာသည့်အခါ စစ်သားများ အာရုံလွဲနေချိန်ကို အခွင့်ကောင်းယူပြီး ထွက်ပြေး လွတ်မြောက်လာနိုင်ခဲ့ကြပါသည်။၅၂[52]

မြန်မာပြည်မြောက်ပိုင်းတွင် ဖြစ်ပွားနေသော စစ်ပွဲများကဲ့သို့ နိုင်ငံချင်းဖြစ်သည့် စစ်ပွဲမဟုတ်သည့် အခြေအနေမျိုးတွင် လူသားများကို ဒိုင်းအဖြစ်အသုံးပြုခြင်းမှာ နိုင်ငံတကာ လူသားချင်းစာနာမှု ဓလေ့ထုံးတမ်းဥပဒေအရ စစ်ရာဇဝတ်မှု မြောက်ပါသည်။၅၃[53]

# ဥပဒေနှင့် မညီသော သတ်ဖြတ်စီရင်မှုများနှင့် လူများကို ဖမ်းဆီးခေါ် ဆောင်သွားပြီး ပျောက်ဆုံးသွားမှုများ

၂၀၁၆ ခုနှစ် နှစ်လယ်လောက်မှ စတင်ပြီး မြန်မာစစ်တပ် စစ်သားများက ဥပဒေပြင်ပမှ သတ်ဖြတ်ခဲ့သည်ဟု ခိုင်မာသော အထောက်အထားများရှိသည့် အမှုလေးမှုကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သိရှိခဲ့သည်။ ယင်းအမှုလေးမှုတွင် သတ်ခံရသူ စုစုပေါင်း ၂၅ ဦးရှိပြီး တစ်ကြိမ်တွင် လူ ၁၈ ဦးကို အစုလိုက်သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းဟု ယူဆနိုင်သော နောက်ထပ်အမှုသုံးမှု နှင့် ပတ်သက်၍လည်း ယုံကြည်ရလောက်သည့် သတင်းအချက်အလက်ရခဲ့သည်။ တစ်မှုမှာ စိတ်အခြေအနေပုံမှန်မရှိသော တရုတ်လူမျိုး နှစ်ယောက်အသတ်ခံခဲ့ရပြီး နောက်တစ်မှုမှာ ၂၀၁၇ ခုနှစ် မေလတွင် ကချင်အမျိုးသား သုံးဦး အသတ်ခံရခြင်းဖြစ်သည်။ သို့သော် ယင်းတို့ အသတ်ခံပုံများနှင့် ပတ်သက်၍ တိုက်ဆိုင်စစ်ဆေးစရာ နောက်ထပ်အချက်အလက်များ ထပ်မံမရခဲ့သေးပါ။

ထို့အပြင် မြန်မာစစ်တပ်က လူများကို ဖမ်းဆီးဖျောက်ဖျက်ပစ်လိုက်သော အမှုနှစ်မှုကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အထောက်အထားများ ရခဲ့ပါသည်။ ယင်းသို့ သတ်ဖြတ်ခြင်း၊ ပျောက်ဆုံးသွားခြင်းများ အများစုမှာ မြန်မာစစ်တပ်က တိုက်ပွဲများ ဆင်နွှဲနေသော ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် အများဆုံး ဖြစ်ပွားခဲ့သည်။ ဥပမာ အားဖြင့် မုံးကိုးဒေသ အနီးတဝိုက်တွင် ၂၀၁၆ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ဖြစ်ပွားခဲ့သည်။ သတ်ဖြတ်ခံရသူ ပျောက်ဆုံးသွားသူများမှာ တိုင်းရင်းသား လူနည်းစုများဖြစ်သော ကချင်၊ ပလောင်၊ လီဆူးနှင့် တရုတ်လူမျိုးများဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖွဲ့ကို ထောက်ခံသည်ဟု ယူဆခံရသူများ ဖြစ်သည်။ ၎င်းတို့ ပျောက်ဆုံး သတ်ဖြတ်ခံရပုံများမှာ မြန်မာစစ်တပ်က မြန်မာနိုင်ငံမြောက်ပိုင်း စစ်ဆင်ရေးများတွင် ပြုလုပ်ခဲ့ပုံများနှင့် ပုံစံတူကြပါသည်။ ၅၄[54]

## ဥပဒေပြင်ပမှ သတ်ဖြတ်မှုများ

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၆ သို့မဟုတ် ၂၇ ရက်နေ့တွင် မြန်မာစစ်တပ်သည် ပန်ဆန်းနှင့် မုံးကိုးအကြားရှိ နမ့်ကိုင်ဟိုးရွာအနီးတွင် အမ်အင်ဒီအေအေနှင့် တိုက်ပွဲဖြစ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယင်းရွာမှ လူနှစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ အသက် ၇၄ နှစ်အရွယ် ပူးဒါရှင်းက မြန်မာစစ်တပ်မှ စစ်သား ၁၀၀ ကျော်သည် နေ့လယ် ၃ နာရီခန့်တွင် ခြေလျင် ရွာထဲသို့ ဝင်လာကြသည်ဟု ပြောပြသည်။ "*သူတို့ ဝင်လာပြီး သေနတ်ပစ်သံကြားတော့ ရွာကလူတွေက ထွက်ပြေးဖို့ ကြိုးစားကြတယ်။ တချို့က မပြေးနိုင်ကြဘူး။ အဲဒီကျန်နေတဲ့ လူတွေကို သူတို့က ဖမ်းလိုက်တယ်။ အသက်ကြီးတဲ့လူတွေကိုတော့ ချန်ထားတယ်။ ငယ်ပြီး သန်မာတဲ့ လူရွယ်တွေ အားလုံးကို ဖမ်းပြီးခေါ် သွားကြတယ်။*" ၅၅[55]

ပူးဒါရှင်နှင့် အခြားမျက်မြင်သက်သေဖြစ်သော အသက် ၆၃ နှစ်အရွယ် ဟွမ်ရှင်ရှိက အမျိုးသမီးနှင့် ကလေးများ အားလုံးက တရုတ်ပြည်ဖက်သို့ ထွက်ပြေးသွားနှင့် ပြီးဖြစ်သည်ဟု ပြောပြကြသည်။ သူတို့နှစ်ဦးစလုံးမှာ မြန်မာစစ်တပ် ရွာထဲသို့ ဝင်လာသောနေရာမှ တစ်ဖက်ခြမ်းတွင် နေကြသဖြင့် တောထဲသို့ ပြေးရှောင် ပုန်းနေ နိုင်ခဲ့ကြသည်။ ဟွမ်ရှင်ရှိက "*ကျွန်တော်တို့နဲ့*

---

[51] ၅၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

[52] ၅၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။ နှင့် လူ့အခွင့်အရေးကာကွယ်သူ၊ မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

[53] ၅၃ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့. ဓလေ့ထုံးတမ်းဥပဒေ၊ ဥပဒေသ ၉၇။ လူသားများကို ဒိုင်းလွှားအကာများသဖွယ် အသုံးပြုခြင်း။ နှင့် ဥပဒေသ ၁၅၆၊ စစ်ရာဇဝတ် အဓိပ္ပာယ် သတ်မှတ်ချက်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရောမသဘောတူညီချက် ပုဒ်မ ၈(ခ)(၂၃) ကိုလည်းရှု။

[54] ၅၄ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့. *"Untold Miseries"* စာ ၄၀ မှ ၅၁။ ထိုင်းအခြေစိုက် ကချင်အမျိုးသမီးအဖွဲ့ (KWAT)၊ ငြိမ်းချမ်းရေး အဝေးမှ တမ်းချင်း၊ အန်အယ်ဒီ အစိုးရလက်ထက် မြန်မာစစ်တပ်၏ မြန်မာနိုင်ငံမြောက်ပိုင်း၌ ထိုးစစ်များနှင့် ညှဉ်းပန်းနှိပ်စက်မှုများ" ၊ စာ ၈-၉

[55] ၅၅အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

*နီးနီးလေးပဲ၊ ခဲတစ်ပစ်လောက်ပဲ ဝေးတယ်။ အားလုံးကို ရှင်းရှင်းကြီး တွေ့နေရတယ်။ အသံတွေကတော့ အရမ်းဆူနေပြီး သေနတ်တွေလည်း ဖောက်နေတော့ သူတို့ ဘာတွေပြောနေသလဲ ဆိုတာတော့ သဲသဲကွဲကွဲ မကြားရဘူး၊ ဖမ်းသွားတဲ့ လူတွေကို အရှေ့ဖက်ကို ခေါ်သွားတယ်။ ရွာအပြင်ဖက်လည်း ရောက်ရော သေနတ်သံတွေ ထပ်ကြားရတယ်။*" ၅၆[56] စစ်သားများသည် ဖမ်းထားသူများကို ခေါ်ထုတ်သွားစဉ်က ၎င်းတို့အား သေနတ်များနှင့် ချိန်ထားသည်ကို တွေ့ခဲ့ရသည်ဟုလည်း ပူးဒါရှင်က ပြောပြသည်။၅၇[57]

ပူးဒါရှင်နှင့် ဟွမ်ရှင်ရှိတို့ နှစ်ဦးစလုံးက တရုတ်နိုင်ငံဖက်သို့ ပြေးပြီး ရှောင်နေခဲ့သည်။ ရက်သတ္တပတ်တော်တော်များများ ကြာပြီးသည့်နောက် ရွာသို့ အခြေအနေကြည့်ရန် ပြန်လာခဲ့ကြသည်။ ဒီဇင်ဘာလ လယ် သို့မဟုတ် လကုန်ပိုင်းလောက်တွင် ပြန်လာခဲ့ကြသည်ဟု ဟွမ်ရှင်ရှိကပြောသည်။

> *"ကျွန်တော်တို့က ထိုင်နေကြတယ်၊ တစ်ယောက်က အပေါ့သွားမလို့ ထသွားပြီး ပြန်လာသော မြေကြီးထဲမှာ ထူးဆန်းတာတွေ့ခဲ့တယ်လို့ ပြောတယ်။ ကျွန်တော်တို့ အားလုံးထလိုက်သွားပြီး တူးကြည့်ရအောင်လို့ ပြောကြတယ်။ ကျင်းတစ်ကျင်းကို နက်နက်တူးကြည့်တယ်။ မိန်းမတစ်ယောက်က သူ့ယောက်ျားရဲ့ ကားသော့ကို သူမှတ်မိတယ်လို့ပြောတယ်။ နောက်တစ်ယောက်ကတော့ နာရီကို မှတ်မိတယ်လို့ ပြောတယ်။ နောက်တစ်ယောက်က ဘိနပ်ကို မှတ်မိတယ်။ ကြည့်ရတာ အလောင်းတွေကို မီးရှို့ထားပုံပဲ။"* ၅၈[58]

ပူးဒါရှင်း ကျင်းနှစ်ကျင်းအနက် တစ်ကျင်းကို တူးရာတွင် ပါဝင်ခဲ့သည်။ "*လူအလောင်းနဲ့ တူတဲ့ မီးလောင်ထားတဲ့ ခန္ဓာကိုယ်တစ်ခုကို တွေ့တယ်၊ အရိုးတွေလည်း တွေ့တယ်၊ ဒါပေမယ့် အများစုက ပြာတွေ ဖြစ်နေပြီ၊ တချို့ ပစ္စည်းတွေလည်း တွေ့တယ်။ ရွာက လူ ၁၈ ယောက်ပျောက်နေတာ ကျွန်တော်တို့ သိထားတယ်လေ*" ဟု အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ ၅၉[59]

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ သည် ၎င်း တို့ပြောပြသော အသေးစိတ်အချက်အလက်များကို အနီးပတ်ဝန်းကျင်ရွာမှ ရွာလူကြီးများ၊ နောက်တစ်ခါ ယင်းအမှုကိစ္စကို လေ့လာစုံစမ်းနေသော လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူ တစ်ဦးတို့နှင့် တွေ့ဆုံမေးမြန်း တိုက်ဆိုင်စစ်ဆေးနိုင်ခဲ့သည်။ မိမိတို့အဖွဲ့မှ ကိုယ်စားလှယ်များသည် လူအများကို စုမြှုပ်ထားသည်ဆိုသော နေရာ ဓာတ်ပုံများနှင့် ယင်းနေရာကို ဂြိုဟ်တုမှ ပြသသော မြေပုံညွှန်းများကိုလည်း ရရှိခဲ့သည်။၆၀[60] လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူ တစ်ဦးက နမ့်ကိုင်ဟိုးရွာမှ ပျောက်ဆုံးနေပြီး အစုလိုက် သတ်ဖြတ်ခံလိုက်ရသည်ဟု ယူဆရသော လူစာရင်းကိုလည်း ပေးပို့လာခဲ့သည်။ အများစု အမည်များမှာ တရုတ်နာမည်များ ဖြစ်ကြသည်။ ရွာနှင့် အနီးတဝိုက်တွင် မြန်မာစစ်တပ်နှင့် တိုက်ခိုက်နေသော အမ်အင်ဒီအေအေ တပ်ဖွဲ့ဝင်အများစုမှာ တရုတ်များဖြစ်ကြသဖြင့် ရွာသားများကို သတ်ဖြတ်ခြင်းမှာ ထိုအဖွဲ့ကို ထောက်ခံသည်ဟု ယူဆသဖြင့် လက်တုံ့ပြန်ခြင်း သို့မဟုတ် သိမ်းရုံးပြီး ပြစ်ဒဏ်ပေးခြင်း ဖြစ်နိုင်ပါသည်။

ဟွမ်ရှင်ရှိကတော့ အသတ်ခံရသူ ၁၈ ဦးတွင် တစ်ဦးမျှ အမ်အင်ဒီအေအေအဖွဲ့ဝင် မဟုတ်ဟု ဆိုပါသည်။ "*သူတို့က ရွာသားတွေပါပဲ၊ ဘယ်အဖွဲ့နဲ့မှ မပတ်သက်ပါဘူး၊ သူတို့ အိမ်ထောင်လဲရှိ၊ ကလေးတွေလည်း ရှိကြတယ်၊ တောင်ယာလုပ်သူတွေပါ။*" ၆၁[61] အချို့သူတို့မှာ အမ်အင်ဒီအေအေတပ်သား ဖြစ်ခဲ့သည်ဖြစ်စေ၊ အထမ်းသမားအဖြစ် ကူညီခဲ့ဖူးသည်ဖြစ်စေ စစ်ပွဲဖြစ်နေချိန်တွင် ၎င်းတို့အား ဖမ်းဆီးပြီးမှ သတ်ဖြတ်ခဲ့ခြင်းမှာ နိုင်ငံတကာ လူသားချင်းစာနာသည့် ဓလေ့ထုံးတမ်း ဥပဒေများအရ စစ်ရာဇဝတ်မှု မြောက်နိုင်ပါသည်။၆၂[62]

ဥပဒေပြင်ပ သတ်ဖြတ်မှုများတွင် ထွက်ပြေးသည်ဟု ယူဆသော သူ နှစ်ဦးကို မြန်မာစစ်တပ်က ပစ်သတ်ခဲ့သော ဖြစ်ရပ်ကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းများ ရရှိခဲ့သည်။ နောက်ထပ် အလားတူ ဖြစ်ရပ်နှစ်ခုတွင် အရပ်သားငါးဦးတို့ ပြင်းထန်စွာ ဒဏ်ရာရသွားခဲ့ပါသည်။

၂၀၁၇ ခုနှစ် မတ်လတွင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ပန်လော်ရွာမှ အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ၎င်း၏ ညီနှင့်တွေ့ဆုံရန် ရွာမှ ထွက်ခဲ့သည်။ အခြားရွာတစ်ရွာတွင် မိတ်ဆွေ တစ်ဦးနှင့် နေ့လယ်စာ စားခဲ့သည်။ မြန်မာစစ်တပ်မှ စစ်သားများ ရွာသို့ ဝင်လာချိန်တွင် သူ ထွက်ပြေးသဖြင့် သေနတ်နှင် အပစ်ခံလိုက်ရသည်ဟု မျက်မြင်တစ်ဦးက

---

[56] ၅၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
[57] ၅၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
[58] ၅၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
[59] ၅၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
[60] ၆၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လားရှိုး၊ မေ ၂၀၁၇။
[61] ၆၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
[62] ၆၂ ဂျနီဗာ သဘောတူညီချက် လေးရပ်မှ အပိုဒ် ၃ ကိုရှု။ ဂျနီဗာ သဘောတူညီချက်နောက်ဆက်တွဲ လိုက်နာရမည့် စည်းကမ်း ၁၂ ဩဂုတ် ၁၉၄၉၊ နှင့် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင် ပဋိပက္ခများကြောင့် ထိခိုက်ခံရသူများအား အကာအကွယ်ပေးရေး၊ ၇ ဒီဇင်ဘာ ၁၉၇၇ တွင် စတင်အကျိုးသက်ရောက်သည်၊ ပုဒ်မ ၄။ နိုင်ငံတကာ ကြက်ခြေနီလူ့အခွင့်အရေး ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၄၇။ လူပုဂ္ဂိုလ်အား တိုက်ခိုက်ခြင်းများ *Hors de Combat* နှင့် ဥပဒေသ ၁၅၆၊ စစ်ရာဇဝတ်မှုများ အဓိပ္ပာယ်ဖွင့်ဆိုချက် ကို ရှု။

ပြောပြပါသည်။[၆၃][63] သူ့မိခင်ဖြစ်သူက သတင်းရသဖြင့် လိုက်သွားရာ စစ်တပ်က အလောင်းကို ယူပြီး ထွက်သွားခဲ့ပြီဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ နောက်ဆုံး လားရှိုးဆေးရုံတွင် သူ့သား၏ အလောင်းကို ပြန်တွေ့ရသည်ဟု ယခုလို ပြောပြပါသည်။

*"သားကို တွေ့ရတော့ သူက သေနေပါပြီ။ သူ့ ဗိုက်ကလည်း ပွင့်နေတယ်။ ကျည်ဆံအပေါက်ကြီးတွေ့ ရတယ်။ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာတွေနဲ့၊ ကျွန်မ သိပ်ဝမ်းနည်းလို့ အသေအချာတောင် မကြည့်နိုင်ပါဘူး။ ကျွန်မ မိတ်ဆွေက ကြည့်ပေးတာ၊ ကျွန်မသားရဲ့ မျက်နှာကိုတောင် မကြည့်ရက်ပါဘူး။*
*ကျွန်မ တိုင်ချင်ပါတယ်။ ကွတ်ခိုင်က လူကြီးတစ်ယောက်ကို မေးကြည့်တယ်။ သူက 'ခင်ဗျားသားဟာ တီအင်အယ်အေ စစ်သားတစ်ယောက်ဆိုပြီး စာပို့ထားတယ်'လို့ ပြောတယ်။ သူက စစ်သားမဟုတ်ပါဘူး။ ကျေးရွာ ကော်မီတီမှာတောင် ပါသေးတယ်။ သူက အရင်က ဘုန်းကြီးဝတ်နေတာ၊ လားရှိုးမှာနေခဲ့တယ်။ ပြီးခဲ့တဲ့ နှစ်နှစ်ကမှ ရွာကိုပြန်လာပြီး အိမ်ထောင်ကျတာ၊ သူ့မိန်းမက (သူတို့ရဲ့ သားဦး) ကိုယ်ဝန် ခြောက်လနဲ့ ။"*[၆၄][64]


၂၀၁၇ ခုနှစ်ဧပြီလ ၁၉ ရက်နေ့ ည ၁၀နာရီခန့်တွင် ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့မှ တစ်နာရီခန့်သွားရသော ရွာတစ်ရွာ အနီးရှိ မြန်မာစစ်တပ် စစ်ဆေးရေး ဂိတ်တစ်ခု အနီးသို့ အသက် ၃၀ အရွယ်ရှိ လက်ဖက်တောင်သူ လင်မယားနှစ်ဦး မော်တော်ဆိုင်ကယ်ဖြင့် ချဉ်းကပ်လာပါသည်။ သူတို့ကို စစ်မေးသော စစ်သားများသည် မူးနေပုံရသည်ဟု သူတို့က ပြောပြသည်။ သူတို့ကို လွှတ်ပေးလိုက်သည်ဟု ယူဆပြီး မောင်းထွက်အလာတွင် စစ်သားတစ်ယောက်က လှမ်းပစ်လိုက် သဖြင့် နှစ်ယောက်စလုံးကို ကျည်ထိမှန်ခဲ့သည်။ ယောကျ်ားက ညာဖက်ပေါင်ရင်းကို ထိမှန်ပြီး ကျည်က ဒူးမှ ထွက်သွားပြီး မိန်းမမှာ ဒူးကို ထိမှန်ခဲ့သည်။ ဆေးရုံတွင် အချိန်အကြာကြီး ကုသခံယူခဲ့ရသော ၎င်း တို့ကိုယ်ပေါ် မှ ကျည်ဆံရာများကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက တွေ့မြင်ခဲ့ပါသည်။[၆၅][65]

အလားတူပင် ၂၀၁၇ ခုနှစ် မေလ ၂ ရက်နေ့ကလည်း နမ့်ခမ်းမြို့နယ် ကောင်းကေးရွာအနီးရှိ လက်ဖက်ခင်းမှ ပြန်လာသော အမျိုးသမီးသုံးဦး သေနတ်နှင့် အပစ်ခံရသဖြင့် အသက် ၁၇ နှစ်နှင့် ၁၃ နှစ်အရွယ် ကလေးမလေးများ အပါအဝင် ဒဏ်ရာရသွားကြသည်။ ယင်းအဖြစ်အပျက်အကြောင်း တိုက်ရိုက်သိရှိသူ နှစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြရာတွင် အနီးတဝိုက်တွင် တီအင်အယ်အေနှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲဖြစ်နေပြီး မြန်မာစစ်သားများက အမျိုးသမီးများအပါအဝင် အရပ်သားများကို ခေါ်ထားပြီး ထွက်မပြေးရန် ပြောခဲ့သည်။ ယင်းအချိန်တွင် သေနတ်သံများထွက်ပေါ် လာသဖြင့် အမျိုးသမီးများက ထွက်ပြေးသည်ကို စစ်သားများက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။[၆၆][66]

ထွက်ပြေးရန် ကြိုးပမ်းသူများကို ပစ်ခတ်ခြင်းမှာ မြန်မာစစ်တပ်က ရှမ်းပြည်မြောက်ပိုင်း ဒေသအချို့တွင် တမင်ကျင့်သုံးနေသော မူဝါဒ ဖြစ်ပုံရပါသည်။ နမ့်ဖတ်ကာ ရွာရှိ အမှတ် (၁၂၃) ခြေလျင်တပ်ရင်းမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကာ တပ်မ ၉၉ ကို မိတ္တူပေးထားသော ထုတ်ပြန်ချက် နှစ်ခုကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရရှိထားပါသည်။ ယင်း အမိန့်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တစ်ခုခု၏ အမှတ်အသား၊ တံဆိပ်များ လက်ဝယ်တွေ့ရှိပါက မည်သူကို မဆိုဖမ်းဆီးစစ်မေးသွားမည် ဖြစ်ပြီး ထွက်ပြေးရန် ကြိုးပမ်းပါက ပစ်ခတ်ဖမ်းဆီးမည်ဟု ဖော်ပြထားသည်။ [၆၇][67] ယင်း စစ်တပ်၏ ထုတ်ပြန်ချက်ကို လွတ်လပ်သောသတင်းရင်းမြစ် သုံးခုထံမှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရရှိခဲ့ပြီး အနည်းဆုံး ရွာနှစ်ရွာကို လိပ်မူထားသည်ကို တွေ့ခဲ့ရသည်။ လူသားချင်းစာနာ ကူညီရေး လှုပ်ရှားနေသူ အတော်များများကလည်း ယင်းထုတ်ပြန်ချက်ကို ၎င်းတို့ မြင်တွေ့ ကြားသိခဲ့ရကြောင်း ပြောပြကြသည်။[၆၈][68] ဖမ်းခံရမည် စိုးသဖြင့် ထွက်ပြေးရန်ကြိုးစားသော အရပ်သားများကို  သတ်ဖြတ်ခြင်း၊ ဒဏ်ရာရစေခြင်းသည် နိုင်ငံတကာလူသားချင်စာနာမှု ဓလေ့ထုံးတမ်း ဥပဒေအရ စစ်ရာဇဝတ်မှု[၆၉][69] မြောက်နိုင်ပြီး အင်အားအသုံးပြုခြင်းဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို ချိုးဖောက်ရာလည်းရောက်ပါသည်။[၇၀][70]

---

63 ၆၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
64 ၆၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
65 ၆၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။
66 ၆၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ တယ်လီဖုန်းအင်တာဗျူးများ၊ ၁၀ မေ ၂၀၁၇။ Lawi Weng "ရှမ်းပြည်နယ် နမ့်ခမ်းမြို့တိုက်ခိုက်မှုအတွင်း အရပ်သား တစ်ယောက် သေဆုံး၊ အများအပြား ဒဏ်ရာရ" ဧရာဝတီသတင်း၊ ၃ မေ ၂၀၁၇။
67 ၆၇ အကြောင်းကြားစာများအား အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား
68 ၆၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။
69 ၆၉ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ *လူ့အခွင့်အရေး ဓလေ့ထုံးတမ်းဥပဒေ၊ ဥပဒေသ ၈၉၊ အသက်ကို ရန်ရှာမှု နှင့်*  ဥပဒေသ ၁၅၆။ စစ်ရာဇဝတ်များ အဓိပ္ပာယ်ဖွင့်ဆိုချက်။
70 ၇၀ ဥပဒေပြုရေး အရာရှိများ ချမှတ်သော အင်အားနှင့် လက်နက် အသုံးပြုခြင်းဆိုင်ရာ ကုလသမဂ္ဂအခြေခံ စည်းမျဉ်းစည်းကမ်းများ ကိုရှု။  ရာဇဝတ်မှု ကာကွယ်တားဆီးရေး နှင့် ရာဇဝတ်ကျူးလွန်သူများအားဆက်ဆံမှု ဆိုင်ရာ ၈ကြိမ်မြောက် ကုလသမဂ္ဂ ကွန်ဂရက်၊ ဟာဗားနား၊ ကျူးဘား၊ ၂၇ ဩဂုတ် မှ ၇ စက်တင်ဘာ ၁၉၉၀။ ယင်း စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာ ဥပဒေအဖြစ် ကျယ်ကျယ်ပြန့်ပြန့်လက်ခံကြသည်။


အမှတ် (၁၂၃) ခြေလျင် တပ်ရင်း
နှင့် ဖတ် ကာ
စာအမှတ် ၊ ၁၀၀ / ၁၂၃ / ၀၃ / ဦး ၁
ရက် စွဲ ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်

သို့

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး (ပန်ကိုန်ကျေးရွာ)

အကြောင်းအရာ။ သောင်းကျန်းသူများနှင့်သက်ဆိုင်သောအမှတ်တံဆိပ် အသုံးအဆောင်ပစ္စည်းများ မထားရှိစေရေး အကြောင်းကြားခြင်း

သက်ဆိုင်ရာရပ်ကွက်ကျေးရွာများရှိနေအိမ်များတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် သက်ဆိုင်သည့် သောင်းကျန်းသူအဖွဲ့အမှတ်တံဆိပ်( ဝတ်စုံ ) စာစောင်များ၊ ပြက္ခဒိန် စသည့်တို့အား တပ်ဆင်ခြင်း၊ ထားရှိခြင်းများ တွေ့ရှိပါက တရားဥပဒေအရ ဖမ်းဆီးစစ်ဆေးခြင်းခံရမည်ဖြစ်ကြောင်းနှင့် ထွက်ပြေးရန် ကြိုးပမ်းပါက ပစ်ခတ်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

တပ်ရင်းမှူး(ကိုယ်စား)

မိတ္တူကို
ရှေ့တန်းအမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်
လက်ခံစာတွဲ / မျှောစာတွဲ

←◉

*ရှမ်းပြည်မြောက်ပိုင်းရှိ ရွာတစ်ရွာသို့ မြန်မာစစ်တပ် ခြေလျင်တပ်ရင်း အမှတ် ၁၂၃ မှ ထုတ်ပြန်ချက်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အထိမ်းအမှတ် တံဆိပ်များလက်ဝယ်ထားရှိခြင်းကို တားမြစ်ပြီး အဖမ်းမခံပဲ ထွက်ပြေးသူများကို ပစ်ခတ်မည်ဟု ခြိမ်းခြောက်ထားသည်။*
*©ရင်းမြစ် သုံးခုထံမှ ရရှိပြီး ၎င်းတို့ မည်သူမည်ဝါဆိုသည်ကို မဖော်ပြပဲ ချန်လှပ်ထားသည်။*

## ဖမ်းဆီးခေါ် ဆောင်သွားပြီး ပျောက်ဆုံးသွားမှုများ

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့က မူဆယ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ဖမ်းဆီးခံရပြီး ပျောက်ဆုံးသွားမှု နှစ်မှုကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ယင်းနေ့မနက်က အသက် ၂၉ နှစ်အရွယ် လဖိုင်ဂမ်သည် ခါလမ်ရွာမှ ထွက်ခဲ့သည်။ သူနှင့် သူ့ဇနီးတို့မှာ စစ်ဘေးမှ ရှောင်တိမ်းရင်း ယင်းရွာသို့ ရောက်နေကြ သူများဖြစ်သည်။ လဖိုင်ဂမ်သည် အနားရှိ ပေါင်ရာရွာမှ ရေခပ်ရန်အတွက် ရေပုံးများကို ယူလာခဲ့သည်။ ခါလမ်ရွာရေတွင်းမှ ယင်းနေ့တွင် ရေမထွက်သဖြင့် ရေခပ်ရန်ထွက်လာခဲ့ခြင်းဖြစ်သည်။ သူ ရွာသို့ ပြန်ရောက်မလာတော့ပါ။[၇၁][71]

သူ့ဇနီး ခေါင်ထွဲက မြန်မာစစ်တပ် ပေါင်ရာရွာနှင့် ဖိုင်ခေါင်ရွာများသို့ ရောက်ရှိနေကြောင်း ယင်းအချိန်က သူတို့ မသိရှိခဲ့ပါဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ သူက လဖိုင်ဂမ်ကို ကြိုးစားပြီး ရှာဖွေခဲ့သည်။ မြန်မာစစ်တပ်နှင့် တိုက်ရိုက်ရော ကြားခံလူများမှ တဆင့်ပါ ဆက်သွယ်မေးမြန်းခဲ့သည်။ စစ်သားတစ်ယောက်က သူ့ယောကျ်ား အဖမ်းခံထားရကြောင်း၊ ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်ဟုဆိုသည်။ သူစောင့်နေသော်လည်း လုံးဝပြန်မတွေ့ရတော့ပါ။[၇၂][72] ခါလမ်ရွာသို့ လဖိုင်ဂမ်၊ ခေါင်တွဲတို့နှင့် အတူ ထွက်ပြေးခဲ့ရသော အခြားလူနှစ်ဦးကလည်း ယင်းအဖြစ်အပျက် မှန်ကန်ကြောင်းပြောပြပြီး ယင်းအချိန်က ယင်းဒေသကို မြန်မာစစ်တပ်က ထိန်းချုပ်ထားကြောင်းလည်း ပြောပြခဲ့သည်။[၇၃][73] တစ်ရက်တည်း တစ်နေရာထဲတွင်ပင် မြန်မာစစ်တပ်က ကချင်လူငယ် လေမိုင်တာကို ဖမ်းဆီးပြီးနောက် သူ ပျောက်ဆုံးသွားခဲ့သည်။

71 ၇၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။ နှင့် လားရှိုး၊ ၆ မေ ၂၀၁၇။
72 ၇၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
73 ၇၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

## ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ဖမ်းဆီးခံရပြီး ပျောက်ဆုံးသွားသော လေမိုင်တာ



←◉
*အသက် ၂၀ကျော်အရွယ် ၎င်း မပျောက်ဆုံးခင် ၁၀ နှစ်ခန့်က လေမိုင်တာ၏ပုံ၊ © အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့က မုံးကိုးတဝိုက်တွင် တိုက်ပွဲများ ဖြစ်လာသောအခါ မူဆယ်မြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ အသက် ၄၀ အရွယ် ငေါ် မာဆာသည် အရွယ်မရောက်သေးသူ သားသမီး သုံးဦးနှင့်အတူ တရုတ်ပြည်ဖက်သို့ ထွက်ပြေးခဲ့သည်။ မိတ်ဆွေများက စီတိုင်ဟု ခေါ်ကြသော သူ၏ ခင်ပွန်း လေမိုင်တာမှာ ရွာရှိ သူတို့၏ လယ်ယာနှင့် တိရိစ္ဆာန်များကို ကြည့်ရှုရန် ချန်နေခဲ့သည်။

ဒီဇင်ဘာလ အစောပိုင်းတွင် ငေါ် မာဆာ မြန်မာပြည်ဖက်ကို ပြန်လာခဲ့သည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် တိရိစ္ဆာန်အစာ ကုန်နေသဖြင့် ခင်ပွန်းဖြစ်သူကို အနားရှိ မန်ဂျေရွာရှိ စက်တွင် တွင် သီးနှံသွားကြိတ်ရန် ဆိုင်ကယ်နှင့် စေလွှတ်လိုက်သည်။ "*သူထွက်သွားတော့ မနက် ၁၁ နာရီခွဲလောက်ရှိပြီ*" ဟု သူက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကို ပြောပြသည်။ "*ညနေအထိလည်း သူ ပြန်ရောက်မလာဘူး။*"[၇၄][74] သူနှင့် အခြားသူ တစ်ဦးတို့အား သီးခြားစီ စစ်တပ်ကဖမ်းဆီးခဲ့ကြောင်း၊ အခြေအနေဆိုးနေကြောင်း အရပ်ထဲတွင် ကောလာဟလများ ပြန့်နှံ့နေခဲ့သည်။ လေမိုင်တာ မန်ဂျေသို့အသွား လမ်းတွင် ဖြတ်သွားရမည့် ဖိုင်ခေါင်ရွာမှ မိတ်ဆွေတစ်ဦးက လူတစ်ယောက် ဆိုင်ကယ်နှင့် ဖြတ်မောင်းသွားချိန်တွင် သေနတ်သံ နှစ်ချက်ကြားလိုက်ရသည်ဟု ပြောပြခဲ့သည်။[၇၅][75]

ခင်ပွန်းဖြစ်သူ ပျောက်ဆုံးနေပြီး ငါးရက်အကြာ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ငေါ် မူဆာသည် ရပ်ရွာလူကြီးတစ်ဦး၊ အခြားပျောက်ဆုံးနေသော လဖမ်ဂိုင်၏ ဇနီး ခေါင်ထွဲတို့နှင့်အတူ ခါလွမ်ရွာတွင် စခန်းချထားသော မြန်မာစစ်တပ်နှင့် စကားပြောရန်သွားခဲ့သည်။ အရာရှိ၏ မေးခွန်းများထဲတွင် သူ့ယောကျ်ား မော်တော်ဆိုင်ကယ် စီးသွားသလားဆိုသော အမေးကြောင့် ယင်းအရာရှိသည် ဖြစ်ပျက်ပုံကို သိနေခဲ့သည်ဟု သူက ယုံကြည်ခဲ့သည်။ သို့သော် အရာရှိက ဘာမှမပြောခဲ့ပါ။ [၇၆][76]

ယခု အစီရင်ခံစာ ရေးသားချိန်အထိ လေမိုင်တာ မည်သည့်နေရာတွင် ရှိနေသည်ကို မသိရပါ။ ငေါ် မူဆာနှင့် အနီးတဝိုက်ရွာများမှ ရွာသားများက ဒီဇင်ဘာလ ၄ ရက်နေ့တွင် ယင်းဒေသတွင် မြန်မာစစ်တပ်မှ စစ်သားများရှိနေခဲ့ပြီး ဖိုင်ခေါင်ရွာအနီးတွင် စစ်ဆေးရေး ဂိတ်တစ်ခုရှိနေခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကို ပြောပြခဲ့ကြသည်။

ငေါ် မူဆာက သူ့ခင်ပွန်း အသက်ရှင်နေဦးမည်ဟု မျှော်လင့်ချက် သေးသေးလေးရှိထားသော်လည်း မြန်မာစစ်တပ်က သတ်ပစ်လိုက်ပြီဟု ယူဆနေသည်။ "*ကျွန်မ ယောကျ်ား အလောင်းကို ရချင်ပါတယ်။ ဒါပေမယ့် အနားတဝိုက်မှာလည်း အရပ်သားက သိပ်များများ မကျန်တော့ဘူး*" ဟု သူက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။

---

74 ၇၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
75 ၇၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။ နှင့် လားရှိုး၊ ၆ မေ ၂၀၁၇။
76 ၇၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

> *"တပ်မတော်က နေရာတိုင်းမှာ ရှိနေတယ်။ ကျွန်မလည်း လိုက်မရှာရဲဘူး။ ကျွန်မယောကျ်ားက ရိုးသားပြီး ကြင်နာတတ်တဲ့လူပါ၊ သူက ယာလုပ်ပြီး မိသားစုကို ရှာကျွေးတယ်။ ကျွန်မတို့ အိမ်ထောင်ကျတာ ၂၄ နှစ် ရှိပါပြီ။"* [၇၇ 77]
>
> ၂၀၁၇ ခုနှစ် မတ်လအထိ ငေါ် မူဆာနှင့် အခြား အနီးအနားရွာများမှ ရာနှင့်ချီသော လူများသည် မြန်မာစစ်တပ်က ဆက်ရှိနေသေးသည့်အတွက် ၎င်းတို့၏ ရွာများသို့ မပြန်နိုင်သေးပဲ ဆက်ရှောင်တိမ်းနေရပါသည်။[၇၈ 78] သူ၏ စိတ်သောက ဒုက္ခနှင့် ဖြစ်စေလိုသော ဆန္ဒတို့ကို သူက ယခုလိုပြောပြခဲ့သည်။
>
> *ညဖက်ဆို ခွေးဟောင်သံကြားတာနဲ့ ကျွန်မကြောက်တယ်။ အသက်ရှင်နေသေးပေမယ့် မလွတ်လပ်ဘူး။ စစ်သားတွေ ရောက်လာဦးမလားလို့ စိုးရိမ်နေတယ်။ ကျွန်မယောကျ်ားအတွက် တရားမျှတမှုကို ရချင်တယ်။ တပ်မတော်ကြောင့် ဒုက္ခရောက်ကြရတဲ့ ကျွန်မယောကျ်ားနဲ့ တခြားအရပ်သားတွေအတွက် ဘယ်လောက် ခံစားရသလဲ ပြောမပြတတ်ဘူး။ အရမ်းလည်း ဒေါသထွက်တယ်။ မြန်မာ စစ်သားတွေ အိမ်ပြန်သွားဖို့ လိုတယ်။ အဲဒီအချိန် မရောက်ခင်အထိတော့ အရပ်သားတွေအားလုံး ဒုက္ခရောက်နေကြရမှာပဲ။*[၇၉ 79]

# အဓမ္မ လုပ်အားပေးခိုင်းမှုနှင့် အခြားဆက်နွယ်နေသော ညှဉ်းပန်းမှုများ

## "တပ်မှူး အဲဒီမှာ ရှိနေတယ်။ သူကပဲ လုပ်ဖို့ ခွင့်ပြုပေးခဲ့တာ။"

၂၀၁၆ နိုဝင်ဘာလက မြန်မာစစ်တပ်အတွက် လမ်းပြလုပ်ပေးခိုင်းခံခဲ့ရပြီး နှိပ်စက်ခံခဲ့ရသော အသက် ၄၄ နှစ်အရွယ် လယ်သမား[၈၀ 80]

မြန်မာစစ်တပ်သည် တိုင်းရင်းသားဒေသများတွင် နေထိုင်သူများကို စစ်သုံးပစ္စည်းများ သယ်ခိုင်းခြင်း၊ လမ်းပြများ အဖြစ် ဆောင်ရွက်စေခြင်း စသည့် အဓမ္မ အလုပ်ခိုင်းစေခြင်းများ ပြုလုပ်စေတတ်သည့် သမိုင်းကြောင်း ရှည်လျားစွာ ရှိခဲ့ပါသည်။[၈၁ 81] ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ မြန်မာစစ်တပ်၏ အဓမ္မလုပ်အားပေးခိုင်းစေခြင်းကို ခံခဲ့ရသည့် လူ လေးဦးနှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။ ရပ်ရွာလူကြီးများနှင့် လူသားချင်းစာနာမှု ကူညီပေးရေး ဆောင်ရွက်နေသူများက ယင်းပြဿနာသည် ကြီးမားကျယ်ပြန့်ပြီး ပြီးခဲ့သည့်နှစ်က ရှမ်းပြည်နယ်တစ်ခု အတွင်းမှာပင် အများအပြားရှိခဲ့သည်ကို မှတ်တမ်း ပြုစုထားနိုင်ခဲ့ကြောင်း ပြောပြသည်။[၈၂ 82] အဓမ္မ လုပ်အားပေးခိုင်းမှုသည် အခြားသော နှိပ်စက်မှု ညှဉ်းပန်းမှု မတရားပြုမူမှုများနှင့် ဆက်စပ်နေပြီး အရပ်သားများကိုတိုက်ပွဲအတွင်း အန္တရာယ်လည်း ရှိစေနိုင်ပါသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း ပန်ဝါရွာမှ အသက် ၄၄ နှစ်အရွယ် လယ်သမား အမျိုးသား တစ်ဦးသည် မိတ်ဆွေ သုံးဦးနှင့် အတူ ၎င်းတို့၏ နွားများ ရှာဖွေရန်ထွက်လာစဉ် မြန်မာစစ်တပ် တပ်ဖွဲ့တစ်ဖွဲ့နှင့် တိုးမိပါသည်။ စစ်သားများက နမ့်ဟိုင်းရွာသို့ သွားချင်ကြောင်း ပြောပြီး အခြားရွာတစ်ရွာသို့ လိုက်ပြရန် တောင်းဆို ခဲ့သည်။

ကချင်အမျိုးသား လေးဦးက စစ်သားများကို လမ်းပြ လိုက်လုပ်ပေးနေရချိန်တွင် တီအင်အယ်အေ တပ်ဖွဲ့များက မြန်မာစစ်တပ်ကို ဝင်တိုက်သည်နှင့် ကြုံလိုက်ရသည်။ တိုက်ပွဲငယ် ဖြစ်ပြီးချိန်တွင် စစ်သားများက ကချင်အမျိုးသားများသည် တီအင်အယ်အေ တပ်ကို မြန်မာစစ်တပ်၏ နေရာကို ညွှန်ပြခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ကချင်အမျိုးသားများက ၎င်းတို့ မလုပ်ကြောင်း ငြင်းခဲ့သည်ဟုဆိုပါသည်။ "*ကျွန်တော်တို့ကို ကြိုးတွေနဲ့ တုပ်ပြီး မြေကြီးပေါ် မှောက်နေခိုင်းတယ်*" ဟု လယ်သမားက ပြောပြသည်။ "*စစ်သားတွေက မင်းတို့ 'ကချင်တွေ ပလောင်တွေ အားလုံးဟာ သူပုန်တွေပဲ' လို့ ပြောတယ်။ ကျွန်တော်တို့ကို အဆက်မပြတ် ထိုးတယ်၊ ကန်တယ်။ လမ်းပေါ်ပြန်ရောက် သွားပြီးတဲ့အခါလည်း နောက်ကလိုက်လာပြီး ကန်ကြတယ်။*" [၈၃ 83]

---

77 ၇၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
78 ၇၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။ နှင့် လားရှိုး၊ ၆ မေ ၂၀၁၇။
79 ၇၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။
80 ၈၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။
81 ၈၁ ရှုရန်- ဥပမာ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ *Myanmar: Exodus from the Shan State* (Index: ASA 16/011/2000), ၁၀ ဇူလိုင် ၂၀၀၀။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ *Myanmar: Leaving Home* (Index: ASA 16/023/2005) ၇ စက်တင်ဘာ ၂၀၀၅။ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ *Untold Miseries"* စာ ၂၅၊ ၄၆-၅၀။"Forced labour in Myanmar still widespread, says ILO," ၂၅ မေ ၁၉၉၉။
82 ၈၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။
83 ၈၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။

နောက်နာရီပိုင်းအကြာတွင် တီအင်အယ်အေတပ်နှင့် တိုက်ပွဲ နောက်တစ်ကြိမ်ထပ်ဖြစ်ခဲ့သည်။ ဤအကြိမ်တွင်လည်း စစ်သားများက ရွာသားလေးဦးကို ထပ်ရိုက်ကြပြီး စစ်သားတစ်ယောက်ဘ ဘလိတ်ဓားကို ထုတ်ကာ သုံးယောက်ကို မွှမ်းခဲ့သည်။ နှစ်ယောက်ကို ပါးတွင် နောက်တစ်ယောက်ကို နား အနီးတွင် လှီးခဲ့သည်။ အဖမ်းခံခဲ့ရသည်များထဲတွင် ပါသည့် အသက် ၃၀ အရွယ်အမျိုးသားက သူတို့ကို "*ကြိုးတုပ်ပြီး မြေကြီးပေါ်တွင်ထိုင်ခိုင်းထားသည်*" ဟု ဆိုသည်။ "*စစ်သားတွေက ကျွန်တော့်ကို တက်နင်းကြတယ်၊ တစ်ယောက်က ဘလိတ်ဓားနဲ့ လှီးတယ်။ ဓားနဲ့ လုပ်တာကတော့ တစ်ယောက်ထဲပါ။ တခြားလူတွေကတော့ ဝိုင်းပြီး ကန်ကြတယ်။*" [၈၄][84] နောက်ခြောက်လအကြာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကိုယ်စားလှယ်တစ်ဦးက ယင်းအမျိုးသားများကို တွေ့ဆုံမေးမြန်းခဲ့ရာ နှစ်ဦးတွင် အမာရွတ်ကြီးများကို တွေ့ခဲ့ရသည်။ တစ်ယောက်ကို ရိုင်ဖယ်သေနတ်ဒင်နှင့် ခေါင်းကို အရိုက်ခံခဲ့ရသည်ဟု သူတို့က ပြောပြသည်။ အရပ်သားများက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့နှင့် ပူးပေါင်းသည်ဆိုကာ စစ်သားများက တမင်ရည်ရွယ်ချက်နှင့် နာကျင် ဒဏ်ရာရအောင် ပြုလုပ်ခြင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်ပြီး စစ်ရာဇဝတ်မှု မြောက်ပါသည်။[၈၅][85]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံ မေးမြန်းခဲ့သူနှစ်ဦးက ၎င်းတို့အား လမ်းပြလုပ်ခိုင်းပြီး နှိပ်စက်ခဲ့သူများမှာ တပ်မ ၃၃ က ဖြစ်သည်ဟုပြောကြသည်။ ယင်း တပ်မှာ ရှမ်းပြည်မြောက်ပိုင်းတွင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို မကြာခင်က ချိုးဖောက်သူများအဖြစ် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သူများ အနက် အနည်းဆုံး ငါးဦးက ထောက်ပြကြပါသည်။ (ယင်းချိုးဖောက်မှုများ ပြုလုပ်စဉ်က) တပ်မှူးတစ်ဦးလည်းရှိနေပြီး  ၎င်းကို ပုခုံးပေါ် မှ အမှတ်တံဆိပ်နှင့် အခြားစစ်သားများက သူ့ကို စကားပြောပုံကို ကြည့်၍ သိနိုင်ခဲ့သည်ဟု ပြောပြကြသည်။[၈၆][86] ကချင်အမျိုးသား လေးယောက်မှာ နှစ်ရက်ကြာအောင် လမ်းပြအဖြစ် လုပ်ခဲ့ရပြီး ၎င်းတို့ရွာသို့ ပြန်အရောက်တွင် စစ်သားများက ၎င်းတို့သည် ယင်းရွာတွင်နေသူများ ဟုတ်မဟုတ် အခြားရွာသားများအား မေးမြန်းအတည်ပြုပြီးမှ ပြန်လွှတ် ပေးခဲ့သည်ဟု ဆိုပါသည်။[၈၇][87]

ရှမ်းပြည်မြောက်ပိုင်းတွင် အထမ်းသမားအဖြစ် အဓမ္မခိုင်းစေခံခဲ့ရသည့် ဖြစ်ရပ်နှစ်ခုကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည်။ တစ်ခုတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ အတွင်းက အသက် ၅၇ နှစ်အရွယ်အမျိုးသားတစ်ဦး ၎င်း၏ လယ်မြေတွင် အလုပ်လုပ်နေစဉ် မြန်မာစစ်သား အယောက် ၂၀ ခန့် ရောက်လာပြီး သူ့ကို ဖမ်းဆီးခဲ့သည်။ ပြီးနောက် သူ့ကို ကျည်ဆံနှင့် စားစရာများ ပါသော သစ်သားသေတ္တာတစ်လုံးကို ထမ်းပိုး လိုက်ပါစေခဲ့သည်။ စစ်သားများနှင့် နာရီပေါင်းများစွာ လိုက်သွားရပြီးမှ ၎င်းတို့ သတိမထားမိချိန်တွင် ထွက်ပြေးခဲ့သည်ဟု ပြောပြသည်။ ယခုအထိ သူ ရွာသို့ မပြန်ရဲသေးပါ။[၈၈][88]

ကချင်ပြည်နယ်ရှိ တက်ကြွလှုပ်ရှားသူများနှင့် လူသားချင်းစာနာ ကူညီပေးနေသူများ အတော်များများက မြန်မာစစ်တပ်၏ အခိုင်းသမားနှင့် လမ်းပြများအဖြစ် အဓမ္မအသုံးပြုမှုများ ၎င်းတို့ဒေသတွင်လည်း ဆက်ဖြစ်နေဆဲ ဖြစ်ကြောင်း ပြောပြကြသည်။ သို့သော် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတုန်းကလောက် မများတော့ဟု တက်ကြွလှုပ်ရှားသူ နှစ်ဦးက ပြောပြသည်။ ဖြစ်နိုင်သည့် အကြောင်းရင်းများမှာ တိုက်ပွဲဖြစ်ပွားရာ နေရာများတွင် ရွာများမှာ လူမရှိတော့သည်က တစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း လမ်းပမ်းဆက်သွယ်ရေး ပိုကောင်းလာသည့်အတွက် မြန်မာစစ်တပ်က စစ်သားနှင့် ကုန်ပစ္စည်းများကို ကားနှင့် ပိုမိုလွယ်ကူစွာ သယ်ယူလာနိုင်ခြင်းကြောင့် တစ်ကြောင်း ဖြစ်မည်ဟု သူတို့က ပြောကြသည်။[၈၉][89] ရှမ်းပြည်မြောက်ပိုင်းဒေသတွင်မူ အဓမ္မခိုင်းစေမှုများ အနှံ့အပြားဆက်ဖြစ်နေပြီး ဝေးလံသောဒေသများ တွင် အများဆုံးတွေ့ရပါသည်။ အထမ်းသမားနှင့် လမ်းပြများအဖြစ် အဓမ္မ အလုပ်ခိုင်းခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံက ပါဝင် လက်မှတ်ရေးထိုးထားသော အဓမ္မလုပ်အားပေး ခိုင်းစေမှု ဆိုင်ရာသဘောတူညီချက်မှ ပြဌာန်းချက်များကို ချိုးဖောက်ရာလည်း ရောက်ပါသည်။[၉၀][90] အထမ်းသမားနှင့် လမ်းပြများအဖြစ် အဓမ္မစေခိုင်းခံရခြင်းများ အပါအဝင် စစ်ဆင်ရေးလုပ်ငန်းများတွင် ပါဝင်စေခြင်းသည် နိုင်ငံချင်းဖြစ်ပွားသော တိုက်ပွဲမဟုတ်သည့် ပဋိပက္ခများဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာကူညီမှု ဓလေ့ထုံးတမ်းဥပဒေကို ချိုးဖောက်ရာလည်း ရောက်ပါသည်။[၉၁][91]

---

[84] ၈၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။

[85] ၈၅ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမ သဘောတူညီချက် ပုဒ်မ ၈(၂)(ဂ)(စျ) ကိုရှု။

[86] ၈၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။

[87] ၈၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။

[88] ၈၈အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၉ မေ ၂၀၁၇။

[89] ၈၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ ၆ နှင့် ၇ မတ် ၂၀၁၇။

[90] ၉၀ အဓမ္မ နှင့် မလုပ်မနေရ အလုပ်စေခိုင်းခြင်း ဆိုင်ရာ သဘောတူညီချက် (အိုင်အယ်အို အမှတ် ၂၉) ၃၉ U.N.T.S. ၅၅၊ ၁ မေ ၁၉၃၂ မှ စတင် အကျိုးသက်ရောက်သည် (မြန်မာနိုင်ငံက ၄ မတ် ၁၉၅၅ တွင် လက်မှတ်ရေးထိုးအတည်ပြုသည်) ကိုရှု။  အရပ်ဖက်နှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) ကိုလည်းရှု ၊ U.N. Doc. A/6316 (၁၉၆၆)၊ 999 U.N.T.S. 171၊ ၂၃ မတ် ၁၉၇၆ တွင် စတင်ကျင့်သုံးသည်။ ပုဒ်မ ၈(၃)။ မြန်မာနိုင်ငံသည် ICCPR အဖွဲ့ဝင်နိုင်ငံ မဟုတ်ပါ။

[91] ၉၁ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၉၅။ အဓမ္မ အလုပ်စေခိုင်းခြင်း (နိုင်ငံတော်အနေနှင့် "အခကြေးငွေမပေးပဲ သို့မဟုတ် အဓမ္မညှဉ်းပန်းစေခိုင်းခြင်းမျိုးကို တားမြစ်ခြင်းအား" "နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေအဖြစ်" အသိအမှတ်ပြုရန်)။




↑ *ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ်အပြင်ဖက်ရှိ စစ်ရှောင်ဒုက္ခသည်စခန်းတစ်ခုမှ နေအိမ်တစ်လုံး၊ ၂၀၁၇ ခုနှစ်မေလအတွင်း အနီးအနားဒေသတွင် တိုက်ပွဲများ ပြင်ထန်စွာဖြစ်လာမှုကြောင့် ယင်းစခန်းမှ လူအများအပြား အနားပတ်ဝန်းကျင်ရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ © အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*

### ကင်းလွတ်ခွင့်ရနေခြင်းနှင့် လက်တုံ့ပြန်ခံရမှုကို စိုးရိမ်ခြင်းတို့က ဥပဒေအရ အရေးယူမှု အနည်းငယ်သာ ရှိစေခဲ့ခြင်း

မြန်မာစစ်တပ်မှ စစ်သားများသည် အရပ်သားများအပေါ် ကျူးလွန်ခဲ့သော သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မပြုကျင့်မှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ စသော ကြီးမားသည့် ရာဇဝတ်မှုများအတွက် တရားစွဲဆို အရေးယူခံရမှု လွန်စွာရှားပါးခဲ့သည်။ မြန်မာဥပဒေအရ စစ်တပ်သည် ၎င်းနှင့်ပတ်သက်သော တရားစီရင်မှုကို ကိုယ်တိုင်လုပ်ဆောင်နိုင်ပြီး ကျူးလွန်သူများကို တာဝန်ခံစေခြင်းမှ အကာအကွယ်ပေးထားပါသည်။[၉၂][92]

မကြာသေးခင် နှစ်ပိုင်းများအတွင်းတွင် အမှုကိစ္စအနည်းငယ်အတွက် တရားစွဲဆိုအရေးယူမှုများတွေ့လာရသည်၊ ၂၀၁၆ ခုနှစ် ဩဂုတ်လက ရှမ်းပြည်နယ် မိုင်းယော်ရွာမှ ရွာသားငါးဦးအား သတ်ဖြတ်ခဲ့မှုကို စစ်သား ခုနစ်ဦးက ဝန်ခံခဲ့သည်။ ၂၀၁၄ နိုဝင်ဘာလတွင် စစ်သားတစ်ဦးအား အသက် ၁၄ နှစ်အရွယ် ကလေးမတစ်ဦးအား ဖမ်းခေါ် အဓမ္မကျင့်မှုအတွက် တရားစွဲဆိုအရေးယူခဲ့သည်။ ယင်းအမှုမှာ စစ်သားတစ်ဦးအား အရပ်ဖက်တရားရုံးက စီရင်နိုင်သော ရှားပါးသည့် အမှုတစ်ခု ဖြစ်သည်။[၉၃][93] သို့သော် ၂၀၁၅ ခုနှစ်က ကချင်နှစ်ခြင်းအသင်းတော် (ကေဘီစီ) အတွက် အလုပ်လုပ်နေသောကျောင်းဆရာမနှစ်ဦး အဓမ္မပြုကျင့်အသတ်ခံရသောအမှု၊ ၂၀၁၁ ခုနှစ်က ဖမ်းဆီးခေါ် ဆောင်ခံရပြီး ပျောက်ဆုံးသွားသော ကချင်အမျိုးသမီးတစ်ဦး၏ အမှုစသော ထင်ရှားသောအမှုများ အပါအဝင် အခြားသော အမှုအများအပြားအတွက် ထိရောက်သော စုံစမ်းစစ်ဆေးမှုများ မရှိခဲ့ပဲ တရားစွဲဆို အရေးယူခံရခြင်းများမှာ ပို၍ ရှားပါးခဲ့သည်။[၉၄][94]

၂၀၁၇ ခုနှစ် မေလနှောင်းပိုင်းတွင် ဆိုရှယ်မီဒီယာတွင်ပေါ် ထွက်လာသော မြန်မာစစ်သားများက ပလောင်လူငယ်များဟု ယူဆရသော လူများကို နှိပ်စက်ညှဉ်းပန်းနေပုံပေါ် သည့် ဗီဒီယိုတစ်ခုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးသွားမည်ဟု အစိုးရနှင့် တပ်မတော်တို့က ကတိပြုခဲ့သည်။ ယင်းဖြစ်ရပ်မှာ ၂၀၁၅ သို့မဟုတ် ၂၀၁၆ ခုနှစ်က ဖြစ်ပျက်ခဲ့သည်ဟု ယူဆရပါသည်။[၉၅][95] တစ်ချိန်တည်းလောက်မှာပင် ကချင်ပြည်နယ်မှ စစ်ရှောင်စခန်းကို ပြန်လာသော ကချင်လူမျိုးသုံးဦးကို စစ်တပ်က ဖမ်းဆီးခဲ့ပြီးနောက် ၎င်းတို့၏ အလောင်းများ ပြန်တွေ့ရသည်ဟူသော သတင်း ပြည်တွင်းနှင့် နိုင်ငံတကာ မီဒီယာများတွင် ပါလာခဲ့ပြီးသည့်နောက် မြန်မာအာဏာပိုင်များက ယင်းကိစ္စကိုလည်း သီးခြားစုံစမ်းစစ်ဆေးသွားမည်ဟု ကတိပြုခဲ့ပါသည်။[၉၆][96]

ယခုအစီရင်ခံစာအတွက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ရသော ခံရသူများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်း တစ်ဦးတစ်ယောက်ကမျှ ၎င်းတို့ အာဏာပိုင်များထံ သွားရောက်တိုင်ကြားခြင်း မပြုခဲ့ကြောင်း ပြောပြကြသည်။ ကိစ္စရပ်အနည်းငယ်တွင် ၎င်းတို့က ဒေသခံ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ၎င်းတို့ လူမျိုးစုခေါင်းဆောင် တချို့ကို အကြောင်းကြား အကူအညီတောင်းခဲ့သော်လည်း မည်သည့် အကြောင်းပြန်ကြားချက်မှ မရခဲ့ဟု ဆိုပါသည်။

ဥပဒေအရ တရားစွဲဆို တိုင်ကြားခြင်း မပြုကြသည်မှာ လက်တုံ့ပြန်ခံရမည်ကို စိုးရိမ်၍တစ်ကြောင်း၊ (တစ်စုံတစ်ရာ ဖြစ်လာမည်ဟု) မျှော်လင့်ချက်မရှိ၍ တစ်ကြောင်း ဖြစ်သည်ဟု အားလုံးလိုလိုက ပြောပြကြသည်။ ၂၀၁၇ ခုနှစ် ဧပြီလက မြန်မာစစ်တပ်မှ ပစ်ခတ်မှုကို ခံခဲ့ရသော အသက် ၃၃ နှစ်အရွယ်အမျိုးသမီးက "*အာဏာပိုင်တွေကို တိုင်လိုက်ရင် သူတို့က ပြန်လာပြီး ဒုက္ခပေးမှာ ကြောက်ကြတယ်*" ဟုပြောသည်။[၉၇][97]လွန်ခဲ့သည့် နှစ်အတော်ကြာကြာက သားဖြစ်သူ စစ်သားများ၏ ပစ်သတ်ခြင်းကိုခံခဲ့ရသည့် အသက် ၄၁ နှစ်အရွယ် မိခင်တစ်ဦးကလည်း အလားတူ ပြောပြသည်။ "*သူနှင့် သူ့မိသားစုဝင်များအတွက် ဆိုးကျိုးများ ဖြစ်လာမည်ကို ကြောက်ရွံ့နေသည်*" ဟု ဆိုပါသည်။[၉၈][98]

လက်တုံ့ပြန်ခံရမည်ကို စိုးရိမ်မှုမှာ ခိုင်မာသော အကြောင်းရင်း ရှိပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလက ဘရန်ရှောင်သည် အသက် ၁၄ နှစ်အရွယ် သူ၏သမီးဖြစ်သူ ဂျာဆန်အင်း သေဆုံးနှင့် ပတ်သက်၍ သမ္မတနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့ ထံသို့ စာရေးကာ စုံစမ်းစစ်ဆေးပေးပါရန် တောင်းဆိုခဲ့သည်။ အကြောင်းပြန်ကြားချက်မရခဲ့ပဲ မြန်မာ့တပ်မတော်ကို "မမှန်မကန်စွပ်စွဲမှု" နှင့် တရားစွဲဆို အရေးယူခံရကာ ဒဏ်ငွေပေးဆောင်ခဲ့ရပါသည်။[၉၉][99]

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသ တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်နေရသော တပ်ဖွဲ့များနှင့် တပ်မှူးများမှာ ၎င်းတို့ ချိုးဖောက်မှုများနှင့် ပတ်သက်၍ ယုံကြည်ရလောက်သော စွပ်စွဲချက်များရှိနေသော်လည်း ရာထူးအဆင့်တိုးမြှင့် ချီးမြှောက်မှုများ မကြာမကြာတွေ့ရသည်ဟု မြန်မာ့အရေးကျွမ်းကျင်သူ အတော်များများက ပြောကြသည်။ ၂၀၁၇ ခုနှစ်မေလတွင် ရှမ်းပြည်မြောက်ပိုင်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်နေသော တပ်မ ၉၉ မှ တပ်မမှူးမှာ အရှေ့မြောက်ပိုင်းစစ်တိုင်း၏ တိုင်းမှူးအဖြစ် ရာထူးတိုးမြှင့်ပေးခြင်း ခံရသည်ကို တွေ့ရသည်။ [၁၀၀][100]

---

92 ၉၂ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)၊ ပုဒ်မ ၃၄၃။ ၁၉၅၉ စစ်မှုထမ်း အက်ဥပဒေကို လည်းရှု။

93 ၉၃ ရိုက်တာသတင်း "ရွာသားတွေကို သတ်ဖြတ်ကြောင်း မြန်မာစစ်သားတွေက စစ်ခုံရုံးမှာ ဝန်ခံ- မျက်မြင်သက်သေ" ၁၁ ဩဂုတ် ၂၀၁၆။ Aileen Thompson, "Civilian justice trumps military impunity in Myanmar," ဧရာဝတီ၊ ၁၃ ဒီဇင်ဘာ ၂၀၁၄။ မိုင်းယော်ရွာ က လူများကို သတ်ကြောင်း ဝန်ခံသည့်စစ်သားများ အမှု စစ်ခုံရုံးရောက်။

94 ၉၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ "Myanmar: Four years on, impunity is the Kachin conflict's hallmark" ( အညွှန်း- ASA 16/1832/2015) ၉ ဇွန် ၂၀၁၅။ ရီမွန် "ကချင် ကျောင်းဆရာမများသေဆုံးမှု တစ်နှစ်ကြာအထိ တရားမျှတမှု ပျောက်ဆုံးနေဆဲ" မြန်မာတိုင်း၊ ၁၉ ဇန်နဝါရီ ၂၀၁၆ ကို ရှု။

95 ၉၅ ရိုက်တာ "Myanmar to probe video that appears to show soldiers beating people," ၃၁ မေ ၂၀၁၇ ကိုရှု။

96 ၉၆ ဇာနည်မာန် "ကချင်အရပ်သား သုံးဦးကို နှိပ်စက် သတ်ဖြတ်သည်ဟု မြန်မာစစ်တပ် စွပ်စွဲခံရ" ဧရာဝတီ၊၂၉ မေ ၂၀၁၇။ အေပီသတင်း "Myanmar soldiers accused in deaths of minority men in north," ၃၀ မေ ၂၀၁၇ ကိုရှု။

97 ၉၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

98 ၉၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

99 ၉၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ "Myanmar: Four years on, impunity is the Kachin conflict's hallmark."

100 ၁၀၀ ဧရာဝတီ "မြန်မာ့တပ်မတော်အတွင်း အဆင့်မြင့်ရာထူးများ အပြောင်းအလဲလုပ်" ၁၁ မေ ၂၀၁၇

# အရပ်သားများ နေထိုင်ရာဒေသများကို မခွဲခြားပဲ အမြောက်နှင့် ပစ်ခတ်ခြင်း

ပြီးခဲ့သည့်နှစ်မှ စ၍ ကချင်နှင့် ရှမ်းပြည်နယ်တွင် ဖြစ်ပွားလာသော တိုက်ပွဲများတွင် မြန်မာစစ်တပ်က မော်တာနှင့် အမြောက်များကို သုံး၍ ပစ်ခတ်လေ့ရှိသည်။ ယင်းအမြောက်ကျည်ဆံများသည် အရပ်သားများနေထိုင်ရာ ဒေသများသို့ ကျရောက်တတ်ပြီး အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း၊ နေအိမ်အဆောက်အဦများ ပျက်စီးခြင်းနှင့် လူအများအပြား နေရပ်စွန့်ခွာ ထွက်ပြေးရခြင်းများကို ဖြစ်စေခဲ့သည်။

ယင်းကဲ့သို့ အရပ်သားများနှင့် အရပ်ဖက်အဆောက်အဦများ ပုံမှန်လိုလို ထိခိုက်ပျက်စီးနေရခြင်းကို ကြည့်လျှင် မြန်မာစစ်တပ်သည် စစ်ဖက်နှင့် အရပ်ဖက် ပစ်မှတ်များကို ခွဲခြားခြင်းမရှိသလို အရပ်သားများ ထိခိုက်သေဆုံးရမှုများ အနည်းဆုံးဖြစ်အောင် လုံလောက်သည့် စီမံဆောင်ရွက်မှု မရှိကြောင်းတွေ့ရသည်။ မြန်မာပြည်မြောက်ပိုင်းတွင် ယခင်က ဖြစ်ပွားခဲ့သော စစ်ပွဲများတွင်လည်း မြန်မာစစ်တပ်ကို အလားတူ စွပ်စွဲမှုမျိုး ရှိခဲ့သည်။[၁၀၁][101] တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများကလည်း တိုက်ပွဲဖြစ်နေချိန်တွင် အရပ်သားများရှိရာအရပ်မှ ဖြတ်သန်းသွားခြင်း သို့မဟုတ် အရပ်သားများ နေထိုင်ရာဒေသနှင့် ကပ်လျက် စခန်းချခြင်းများက မော်တာကျည်ဆံများကို ဖိတ်ခေါ်နေသလို ဖြစ်ပြီး အရပ်သားများကို အန္တရာယ်ရှိစေပါသည်။

## ခရွာများကို ခွဲခြားမှုမရှိပဲ အမြောက်နှင့်ပစ်ခတ်ခြင်း

> **“မော်တာကျည် ကျလာပြီး ပေါက်ကွဲတော့ ကျွန်တော်တို့အားလုံး မြေကြီးပေါ် ကျကုန်တယ်။ ထဖို့ ကြိုးစားပေမယ့် မရဘူး၊ ကျွန်တော် ဒဏ်ရာ ရသွားတယ်။ လေဖြတ်တိုက်လိုက် သလိုပဲ၊ ကျွန်တော်လည်း လဲကျသွားတယ်။”**
>
> ရှမ်းပြည်မြောက်ပိုင်း နမ့်ဆမ်မြို့နယ် ဟိုချောင်ရွာမှ အသက် ၃၂ နှစ်အရွယ်ရွာသားတစ်ဦး [၁၀၂][102]

၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စ၍ ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာစစ်တပ်မှ ရွာများအတွင်းသို့ မော်တာများ အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် ရွာသားများ ထိခိုက်သေဆုံးခဲ့ရသော ဖြစ်ရပ် ခုနစ်ခုကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ဖြစ်ရပ်အများအပြားမှာ မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖွဲ့ တိုက်ပွဲများ ဖြစ်နေချိန်တွင် ဖြစ်သည်။ ယင်းဖြစ်ရပ်များကြောင့် အရပ်သား လေးဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရခဲ့သည်။ အချို့၏ ဒဏ်ရာများ ပြင်းထန်သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သော ကချင်ပြည်နယ်အပါအဝင် အခြားဖြစ်ပွားခဲ့သော ဖြစ်ရပ်များတွင်လည်း မော်တာကျည်ဆံများနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများက အရပ်သားများ၏ နေအိမ်အဆောက်အဦများ ပျက်စီးစေခဲ့ပြီး ရွာများတွင် လူမနေရဲတော့ပဲ ထွက်ပြေးသွားစေခြင်းများ ဖြစ်စေခဲ့သည်။ ယင်းဖြစ်ရပ်များတွင် လူများ ထိခိုက်သေကြေမှု မရှိခဲ့ရခြင်း၏ အဓိကအကြောင်းမှာ အနီးအနားတွင် တိုက်ပွဲဖြစ်ပြီဟု သိသည်နှင့် အရပ်သားများက မဖြစ်ခင် သို့မဟုတ် ဖြစ်စတွင် ရွာများမှ တိမ်းရှောင်သွားနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဒေသတွင်းနှင့် နိုင်ငံတကာ လူမှုကူညီရေး ဝန်ထမ်းများ၊ ရှမ်းပြည်မြောက်ပိုင်းရှိ ရပ်ရွာလူကြီးများကလည်း မြန်မာစစ်တပ်က အရပ်သားများ နေထိုင်ရာ နေရာများထဲသို့ အမြောက်နှင့် ပစ်ခတ်တိုက်ခိုက်သဖြင့် သေကြေဒဏ်ရာရသော ဖြစ်ရပ်များအကြောင်း ပြောပြခဲ့ကြသည်။[၁၀၃][103]

ယင်းဖြစ်ရပ်များတွင် မြန်မာစစ်တပ်က အရပ်ဖက်နှင့် စစ်ဖက် ပစ်မှတ်များကို ခွဲခြားရန် မစဉ်းစားပဲ ပစ်ခတ်ခဲ့ခြင်း ဖြစ်ဟန် တူပါသည်။ အရပ်သားများ ထိခိုက်မှုကို အနည်းဆုံးဖြစ်အောင် ကြိုတင် သတိထားချက်များ လုံလုံလောက်လောက် လုပ်ခဲ့ဟန်မရှိပါ။ ဥပမာ ကျည်ဆံများ ရည်ရွယ်သည့် တရားဝင် စစ်ဖက်ဆိုင်ရာ ပစ်မှတ်များသို့သာ ကျရောက်ရန် စောင့်ကြည့်သူများ ထားရှိခြင်း၊ ပစ်မှတ်ကို ကျော်သွား၊ လိုသွားပြီး အရပ်သားများ ထိခိုက်မှု မရှိအောင် ချိန်သားကိုက် ကိရိယာများ အသုံးပြုခြင်းတို့ မရှိခဲ့ပေ။ ရှမ်းပြည်မြောက်ပိုင်းရှိ လူသားချင်းစာနာကူညီပေးရေး ဝန်ထမ်းတစ်ဦးက မော်တာကျည်များ အရပ်သားများ နေထိုင်ရာအရပ်သို့ “မကြာမကြာ” ကျရောက်လေ့ရှိပြီး တမင်ပစ်သလား၊ ပစ်မှတ်ကို မခွဲခြားပဲ

---

101 ၁၀၁ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ *Untold Miseries”* စာ- ၇၊၃၇-၃၉။

102 ၁၀၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

103 ၁၀၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး နှင့် နမ္မတူ၊ မေ ၂၀၁၇။

ပစ်သလားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသော်လည်း အများအားဖြင့် ကချင်နှင့် ပလောင် တိုင်းရင်းသားများ နေထိုင်ရာ ရွာများကို ပစ်ခတ်ခြင်းမှာ "စုရုံးသိမ်းကြုံး၍ လက်စားချေခြင်း" ပုံစံမျိုး ဖြစ်နေကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြခဲ့သည်။[၁၀၄][104]

၂၀၁၇ ခုနှစ် မေလ ၂ ရက်နေ့တွင် နမ့်ခမ်းမြို့နယ် နန်းဟုန်ရွာရှိ ယာလိုင်ဆိုသူ အသက် ၈၁ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးမှာ အိမ်ရှေ့တွင် မော်တာကျည်ဆံ ကျရောက် ပေါက်ကွဲသဖြင့် သေဆုံးခဲ့ရသည်။ ရွာထဲမှ လူနှစ်ဦးက ကျည်ဆံမှာ မိုင်ပေါင်း အတန်ကွာရှိ မြန်မာစစ်တပ် စခန်းချထားရာ နေရာဖက်မှ ကျလာခဲ့ခြင်းဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကို ပြောပြကြသည်။ လွန်ခဲ့သည့် မိနစ် ၃၀ ခန့်မှ စတင်၍ မြန်မာစစ်တပ်နှင့် တီအင်အယ်အေတို့ အနီးအနားတွင် တိုက်ပွဲများ ဖြစ်နေခဲ့သည်ဟုလည်း သူတို့ကပြောပြသည်။ တီအင်အယ်အေက ၎င်းတို့ရွာအနီးရှိ လမ်းမှ ဖြတ်၍ သူတို့စခန်းဆီသို့ ဆုတ်ခွာသွားခဲ့သည်ဟုဆိုပါသည်။ [၁၀၅][105] မော်တာကျည် ကျရောက် ပေါက်ကွဲသောအခါ ကျည်စများက[၁၀၆][106] ယာလိုင်၏အိမ်ကို ထိုးဖောက်ကာ သူ့ကို ထိမှန် သေဆုံးစေခဲ့ပြီး ရွာသားများလည်း ထွက်ပြေးခဲ့ကြရသည်။[၁၀၇][107] အမျိုးသမီးကြီး၏ ရုပ်အလောင်း၊ သူ့နေအိမ်နှင့် ကျရောက်ပေါက်ကွဲခဲ့သော မော်တာ၏ အမြီးပိုင်း ဓာတ်ပုံများကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က ရရှိခဲ့သည်။ သူ့နေအိမ်တွင် တွေ့ရသော အပေါက်များမှာ မော်တာကျည်ဆံမှ ထွက်သော အစိတ်အပိုင်းများကြောင့် ဖြစ်ရသော အပေါက်များအတိုင်းဖြစ်နေပြီး ကျည်၏ အမြီးပိုင်းမှာလည်း မြန်မာစစ်တပ်က အခြားနေရာများတွင် ပစ်ခတ်ခဲ့သော မော်တာများနှင့် တူသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ အဖွဲ့ဝင်များက မှတ်တမ်းတင်နိုင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်နိုင်သော ဖြစ်ရပ်အတော်များများတွင် တိုက်ပွဲများ ငြိမ်သွားပြီဟု ယူဆပြီး ပုန်းအောင်းနေရာမှ ပြန်ထွက်လာကြသော အရပ်သားများသည် ၎င်းတို့အနီးတွင် မော်တာကျည်များ ကျရောက်ပေါက်ကွဲပြီး ဒဏ်ရာရသည်များနှင့် ကြုံကြရသည်။ ၂၀၁၇ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရွာမှ ကလေးရှစ်ယောက် မိခင် အသက် ၆၀ အရွယ်အမျိုးသမီး တစ်ဦးက ဟင်းသီးဟင်းရွက် ရောင်းချရန် ဈေးသို့သွားဖို့ ပြင်ဆင်နေစဉ် သေနတ်သံများ ကြားရသည်ဟု ဆိုသည်။ သူက ၇ ရက်သား မြေးကလေးကို ပွေ့ပြီး ကျင်းထဲသို့ဆင်းခဲ့သည်။ "*နာရီတော်တော်ကြာအောင် ကျွန်မတို့ ကျင်းထဲမှာ ခိုနေခဲ့တယ်။ သေနတ်သံတွေ နည်းလာတော့ တိုက်ပွဲ ပြီးသွားပြီလို့ ကျွန်မထင်ခဲ့တယ်*" ဟုပြောသည်။ ထို့နောက် သူ အိမ်သို့ပြန်ကာ ထမင်းချက်ခဲ့သည်။ "*ဟင်းချက်နေတုန် ကျွန်မ အိမ်သာသွားချင်လို့ ထွက်ခဲ့တယ်။ အထဲကို ဝင်လိုက်တာနဲ့ ဗုံးက ကွဲတော့တာပဲ၊ ဘာသံလည်းလို့ ကျွန်မ မပြောတတ်ဘူး၊ သိပ်ကြောက်သွားတယ်။ 'ဗုံးစ'*[၁၀၈][108] *တစ်စက ကျွန်မ ခြေကျင်းဝတ်ကို ထိတယ်၊ နောက်တစ်စကတော့ ကျောကုန်းကို ထိသွားတယ်။*" [၁၀၉][109] သူဆေးရုံသို့ တစ်ညတက်ခဲ့ရပြီး ကျောကုန်းမှ ဗုံးဆံစကို ခွဲထုတ်ခဲ့ရသည်။[၁၁၀][110]

အလားတူပင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ကလည်း မန်တုံမြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် အသက် ၃၃ နှစ်အရွယ် အမျိုးသမီးနှင့် သူ၏ ၁၁ နှစ်အရွယ် သမီးငယ်တို့ အိမ်တွင်ရှိနေစဉ် အနားတွင် မြန်မာစစ်တပ်နှင့် တီအင်အယ်အေတို့ တိုက်ပွဲ စဖြစ်ခဲ့သည်။ "*စစ်က မနက်ပိုင်းမှာ စဖြစ်တာ၊ ပြီးတော့ ရပ်သွားတယ်၊ ဒါကြောင့် ကျွန်မက မီးဖိုထဲဝင်ပြီး ဟင်းချက်တယ်*" ဟု သူက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ "*အဲဒီအချိန်မှာပဲ ၁၂ နာရီ ၁ နာရီလောက်ရှိမယ်၊ ဗုံးကွဲတာ၊ ကျွန်မ မူးသွားပြီး အရမ်းလန့်သွားတယ်။*" [၁၁၁][111] မော်တာကျည်က သူ့အိမ်နှင့် ဘေးအိမ်အကြားတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ဝက်အတော်များများ သေဆုံးခဲ့သည်။ ဗုံးစ တစ်စက သူ့နံဘေးထဲ ဝင်သွားခဲ့သည်။ "*အဲဒီအချိန်က ဆောင်းတွင်းဆိုတော့ ကျွန်မက အဝတ်တွေ အထူကြီး ဝတ်ထားတယ်။ ဒါတောင် သွေးတွေထွက်လာတယ်" ဟု သူကပြောပြခဲ့သည်။*" [၁၁၂][112]

သူ၏ ၁၁ နှစ်သမီးလေးမှာ ဗုံးဆံအစများက ညာဖက်ခြေထောက်အရိုးများကို ကြေမွသွားစေပြီး ပိုမိုပြင်းထန်စွာ ဒဏ်ရာရသွားခဲ့သည်။ ပစ်ခတ်မှုများ ဆက်ဖြစ်ပွားနေသဖြင့် ၎င်းတို့ဆက်လက် ပုန်းခိုနေရပြီး သမီးငယ်အား နောက်တစ်နေ့မှာ ဆေးရုံသို့ ပို့နိုင်ခဲ့ပါသည်။ အကြိမ်ကြိမ် ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး ခြေတစ်ဖက်တွင် သံမဏိချောင်း ထည့်လိုက်ရပါသည်။ "*သူလမ်းတော့လျှောက်နိုင်တယ်၊ ဒါပေမယ့် ခြေထောက်ကို ဖိထောက်လို့မရဘူး၊ ဘေးက အကူအညီလိုတယ်*" ဟု

---

104 ၁၀၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

105 ၁၀၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ တယ်လီဖုန်းအင်တာဗျူးများ၊ ၁၀ မေ ၂၀၁၇။

106 ၁၀၆ ဤ အစီရင်ခံစာတွင် ဗုံးစ ဆိုသော အသုံးအနှုန်းကို ယခုအခါ အသုံးများနေပြီဖြစ်သည့် အဓိပ္ပါယ်အတိုင်း ပေါက်ကွဲမှုတစ်ခုဖြစ်ပြီး လွင့်စင်ထွက်လာသည့် ကျည်အစိတ်အပိုင်း အစအနများကို ရည်ညွှန်းသုံးစွဲထားပါသည်။ စစ်ဖက်အသုံးအနှုန်းအတိုင်း အတိအကျဆိုလျှင် ဗုံးဆံအစိတ်အပိုင်းများ သို့မဟုတ် ဗုံးဆံအပိုင်းများဟုသာ ရည်ညွှန်းရပါမည်။ ဗုံးစဆိုသည်မှာ ၁၈၀၀ ပြည့်လွန်ကာလများက အများဆုံးသုံးခဲ့သော လက်နက်အမျိုးအစားတစ်ခုမှ ထွက်လာသော အပိုင်းကို ခေါ်ဆိုခြင်းဖြစ်သည်။ အမေရိကန်စစ်တပ်၏ စစ်သမိုင်းဌာနမှ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့က ထုတ်သော "What is the difference between artillery shrapnel and shell fragments?" တွင် ရှု။ http://www.history.army.mil/faq/shrapnel.htm.

107 ၁၀၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ တယ်လီဖုန်းအင်တာဗျူးများ၊ ၁၀ မေ ၂၀၁၇။ Lawi Weng "ရှမ်းပြည်နယ် နမ့်ခမ်းမြို့တိုက်ခိုက်မှုအတွင်း အရပ်သား တစ်ယောက် သေဆုံး၊ အများအပြား ဒဏ်ရာရ" ဧရာဝတီသတင်း၊ ၃ မေ ၂၀၁၇ ကိုလည်းရှု။

108 ၁၀၈ လက်နက်အမျိုးမျိုးကို လူများက ယေဘုယျအားဖြင့် ဗုံးဟုသာ သုံးစွဲကြပါသည်။ လေယာဉ်ပေါ်မှ ကြဲသောဗုံးကိုသာမက၊ စစ်ရဟတ်ယာဉ်များက ပစ်လွှတ်သော ဒုံးကျည်များ၊ မော်တာနှင့် အမြောက်ကြီးမှ ပစ်သော ကျည်များနှင့် လက်ပစ်ဗုံးမှ ဗုံး အားလုံးကို ဗုံးဟု ခေါ်ကြသည်။ ဗုံးဟု ခေါ်ကြသော လက်နက်များတွင် အမျိုးအစားကို အတိအကျ သိနိုင်ရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က လက်နက်ထိမှန်ခံခဲ့ရသော သူများနှင့် ၎င်း တို့၏ မိသားစုများအား လက်နက်အမျိုးအစား အမျိုးမျိုး၏ ဓာတ်ပုံများကို ပြသပြီး မေးမြန်းခဲ့ပါသည်။

109 ၁၀၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

110 ၁၁၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

111 ၁၁၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။

112 ၁၁၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။

ကလေးမလေးက ချိုင်းထောက်နှင့် လမ်းလျှောက် သွားနေသည်ကို ကြည့်ရင်း မိခင်ဖြစ်သူက ပြောပြပါသည်။၁၁၃ [113] ယင်းနေ့ တစ်နေ့တည်းတွင်ပင် မော်တော်ကျည်ဆံ အများအပြား ရွာထဲ သို့မဟုတ် ရွာအနားသို့ ကျရောက်ခဲ့ပြီး အားလုံးမှာ မြန်မာစစ်တပ်များရှိရာဖက်မှ လာကြသည်ဟု အခြား မျက်မြင်သက်သေများက ပြောပြကြပါသည်။၁၁၄ [114]

ယခု အဖြစ်အပျက်နှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့သော အခြား အဖြစ်အပျက်များတွင် မြန်မာစစ်တပ်၏ လုပ်ဆောင်ချက်မှာ နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေများအရ စစ်ရာဇဝတ်မှု မြောက်နိုင်ပါသည်။ ယင်းဥပဒေအရ မခွဲခြားပဲ တိုက်ခိုက်ခြင်းကို တားမြစ်ထားသလို အရပ်သားများကို သေကြေဒဏ်ရာရစေနိုင်သည့် အခြေအနေနှင့် စစ်ရေးအရ အသာစီးရနိုင်သော အခြေအနေတို့အကြား မျှမျှတတ မရှိသော တိုက်ခိုက်မှုများကိုလည်း တားမြစ်ထားပါသည်။၁၁၅ [115]

တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအပိုင်းကလည်း အရပ်သားများ စုဝေးနေထိုင်ကြသော နေရာများအတွင်း ဖြတ်သန်းသွားခြင်း၊ ယင်းနေရာများ အနီးတွင် တပ်စခန်းချခြင်းများဖြင့် အရပ်သားများကို အန္တရာယ်ဖြစ်စေပါသည်။ အခြားရွေးချယ်စရာ လမ်းရှိပါလျက် ယင်းကဲ့သို့ပြုမူလျှင်လည်း နိုင်ငံတကာ လူသားချင်းစာနာမှု ဓလေ့ထုံးတမ်း ဥပဒေများကို ချိုးဖောက်ရာ ရောက်ပါသည်။၁၁၆ [116] ရှမ်းပြည်မြောက်ပိုင်းတွင် နှစ်ပေါင်းများစွာကြာအောင် အလုပ်လုပ် ခဲ့သော လူမှုကူညီရေး ဝန်ထမ်းတစ်ဦးက တိုင်းရင်းသားတပ်များသည်လည်း အရပ်သားများ နေထိုင်သည့် နေရာများ အတွင်း ဖြတ်သန်း ဝင်ရောက်ခြင်းကို ယခင်ကလောက် သတိထားပြီး မလုပ်ကြတော့ကြောင်း၊ အကြောင်းရင်း တစ်ရပ်မှာ မြန်မာစစ်တပ်၏ ဆက်တိုက် ထိုးစစ်ဆင်နေမှုများကြောင့် အချို့သော တိုင်းရင်းသားအဖွဲ့များ၏ နယ်မြေများ ကျဉ်းမြောင်း လာခြင်းကြောင့် ဖြစ်နိုင်သည်ဟု ပြောပြခဲ့ပါသည်။၁၁၇ [117]

အချို့ဖြစ်ရပ်များတွင် မြန်မာစစ်တပ်က အောက်တွင်ဖော်ပြထားသည့် ဟိုချောင်ကို ပစ်ခတ်မှုကဲ့သို့ မိမိတို့ရွာများကို တမင်ပစ်ခတ်ခြင်းဖြစ်သည်ဟု အရပ်သားများက ၎င်းတို့ရရှိထားသော သက်သေအထောက်အထား အချို့ကို ကြည့်ပြီး ယုံကြည်နေကြသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့သော ဖြစ်ရပ်များ အများစု တွင်မူ တမင် ပစ်ခတ်မှုထက် မခွဲခြားပဲ ပစ်ခတ်မှု၊ ပစ်အားကို အလွန်အကျွံ သုံးမှုတို့က ပိုများကြောင်း တွေ့ရ ပါသည်။

## ရှမ်းပြည်မြောက်ပိုင်း နမ့်ဆမ်မြို့နယ်ရှိ ဟိုချောင်ရွာကို အမြောက်နှင့် ပစ်ခတ်တိုက်ခိုက်မှု

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တအာင်းရွာ ဟိုချောင်တွင် လပြည့်နေ့နှင့် တအာင်းအမျိုးသားများတော်လှန်ရေးနေ့ ပွဲကို ကျင်းပရန်ပြင်ဆင်နေခဲ့သည်။ လူအများ ရွာလယ်ရှိ အိမ်တစ်အိမ်တွင် စုဝေးကာ တီးမှုတ်ကခုန်ရန် ပြင်ဆင်နေကြ ချိန်တွင် မော်တာကျည်ဆံများ ကျရောက်ပေါက်ကွဲသဖြင့် လူငယ်လေးတစ်ဦး အပါအဝင် အရပ်သား နှစ်ဦး သေဆုံးကာ လူရှစ်ယောက်မှ ၁၀ ယောက်အထိ ဒဏ်ရာရသွားသည်။

ဟိုချောင်ရွာမှ အသက် ၃၂နှစ်အရွယ် အမျိုးသားတစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကို ယခုကဲ့သို့ ပြောပြသည်။ “*မော်တာလည်း ပေါက်ကွဲရော ကျွန်တော်တို့အားလုံး မြေကြီးပေါ်ကို လဲကျကုန်တယ်။ ကျွန်တော် ထဖို့ကြိုးစားပေမယ့် မရဘူး၊ ကျွန်တော့မှာ ဒဏ်ရာရသွားတယ်။ ဘာဖြစ်သွားလဲ ဆိုတာမသိဘူး။ လေဖြတ်တိုက်လိုက်သလို ဖြစ်ပြီး လဲကျသွားတာပဲ။ ဗုံးဆံက ကျွန်တော့် ကျောနဲ့ ခြေထောက်ကို ထိတာ။*”၁၁၈ [118] အသက် ၈ နှစ် ၉ နှစ်ခန့်ရှိသည့် အောင်ဇော်လတ်ဆိုသူ ကလေးတစ်ယောက်လည်း ဝမ်းဗိုက်နှင့် ခြေထောက်ကို ထိသည့် ဒဏ်ရာနှင့် သေဆုံးသွားသည်ဟု မျက်မြင်သက်သေများက ပြောပြသည်။ ကလေးမှာ ချက်ခြင်းနေရာတွင် သေဆုံးသွားသော်လည်း သူ့မိဘများက သူအသက်ရှင်ဦးမည်ဟူသော မျှော်လင့်ချက်ဖြင့် ဆေးရုံသို့ ပို့ခဲ့သည်။၁၁၉ [119] ဒဏ်ရာရသူအများစု မှာ ရက်များစွာ၊ သို့မဟုတ် လနှင့်ချီကာ ဆေးရုံတွင် နေခဲ့ရပြီး ၎င်းတို့ ခန္ဓာကိုယ်မှ ဗုံးဆံများကို ထုတ်ယူခဲ့ရသည်။၁၂၀ [120]

အသက် ၅၈ နှစ်အရွယ် အမျိုးသားတစ်ဦးကလည်း အရွယ်ရောက်ပြီးသော သူ၏ သားသမီးများ ဒဏ်ရာရသွားပြီး သူ့အိမ်လည်း တစ်စိတ်တစ်ပိုင်း “*ပျက်စီးသွားကြောင်းပြောပြသည်။ အပေါက်တွေ အများကြီးပဲ၊ တံခါးလည်း ပျက်သွားတယ်။ လူတွေလည်း*

113 ၁၁၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။
114 ၁၁၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။
115 ၁၁၅ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၁၁။ မခွဲခြားပဲ တိုက်ခိုက်ခြင်း၊ ဥပဒေသ ၁၂၊ မခွဲခြားပဲ တိုက်ခိုက်ခြင်း အဓိပ္ပါယ် ဖွင့်ဆိုချက်၊ ဥပဒေသ ၁၄။ တိုက်ခိုက်မှုများတွင် (အင်အားကို) မျှတစွာ အသုံးပြုမှု၊ နှင့် ဥပဒေသ ၁၅၆၊ စစ်ရာဇဝတ်မှုများ အဓိပ္ပါယ်ဖွင့်ဆိုချက်။
116 ၁၁၆ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၂၃။ လူနေထူထပ်သော ဒေသများအပြင်ဖက်ရှိ စစ်ရေးပစ်မှတ်များ၏ တည်နေရာ၊ ဥပဒေသ ၂၄ စစ်ရေးပစ်မှတ်များ အနီးတဝိုက်မှ အရပ်သားများနှင့် အရပ်ဖက်ဆိုင်ရာ ပစ္စည်းများကို ဖယ်ရှားခြင်း
117 ၁၁၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
118 ၁၁၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
119 ၁၁၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
120 ၁၂၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

*အများကြီး ဒဏ်ရာရသွားတယ်။ တချို့က ခေါင်းကို ထိတယ်၊ တချို့က ခြေထောက်ကို ထိတယ်။"*[၁၂၁] [121] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းသည့်အချိန်တွင် ၎င်းအမျိုးသားနှင့် အခြားသူများက ယင်းနေ့တွင် တီအင်အယ်အေတပ်များ ၎င်းတို့ရွာနှင့် အနီးတဝိုက်တွင် ရှိမနေသည့်အတွက် သူတို့ကို မြန်မာစစ်တပ်က တမင်ပစ်ခတ်သည်ဟု ပြောကြသည်။[၁၂၂] [122] *"(အရင်နေ့တွေက ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေနဲ့ ပတ်သက်ပြီး) တပ်မတော်က ဒေါသထွက်နေပုံရတယ်"* ဟု ဒဏ်ရာရသွားသူ အတော်များများ၏ ဖခင် အသက် ၅၈ နှစ်အရွယ် အမျိုးသားက ပြောသည်။ *"(ပွဲတော်အတွက်) လူ ၁၀ ယောက် အယောက် ၂၀ လောက် စုဝေးနေတာလည်း တွေ့ရော ကျွန်တော်တို့ကို ပစ်မှတ်ထားတော့တာပဲ၊ ကျွန်တော်တို့ စစ်သားတွေ မဟုတ်ဘူးဆိုတာ သူတို့ သိပါတယ်"*[၁၂၃] [123]

မြန်မာစစ်တပ်က မော်တော်များကို ၎င်းတို့ ပစ်ခတ်ခဲ့ခြင်း မဟုတ်ကြောင်း ငြင်းဆိုပြီး တီအင်အယ်အေကို [၁၂၄] [124] အပစ်တင်ခဲ့သည်၊ သို့သော် ပစ်ခတ်သူမှာ တပ်မတော်ဖြစ်ကြောင်း သေချာသလောက်ရှိပါသည်။ မျက်မြင်များက မော်တာကျည်များ ဝင်လာရာ လမ်းကြောင်းကို တွေ့ခဲ့ ကြားခဲ့ကြရကြောင်း ပြောပြသည်။ ယင်းမှာ တောင်ကုန်းပေါ်တွင် ရှိသော မြန်မာစစ်တပ် စခန်းတစ်ခုဖက်မှ ဖြစ်သည်ဟု ဆိုပါသည်။[၁၂၅] [125] ဟိုချောင်ရွာကဲ့ သို့ရွာများမှ တအာင်းရပ်ရွာ လူကြီးများနှင့် တီအင်အယ်အေတို့အကြား ဆက်သွယ်မှုများ ရှိသည်ကို ထောက်ချင့်လျှင် လူမျိုးစု ပွဲတော်ကျင်းပမည့် နေ့လိုနေ့မျိုးတွင် တီအင်အယ်အေက ရွာထဲသို့ မော်တာများ အချိန်ကြာမြင့်စွာ ပစ်ခတ်ခဲ့ဖို့ ဖြစ်နိုင်ချေ အလွန် နည်းပါးပါသည်။ မျက်မြင်သက်သေ တစ်ဦးက ရွာထဲသို့ ကျလာသည့် မော်တာကျည်ဆံ နှစ်လုံး၏ အမြီးပိုင်း အစများကို ယူလာခဲ့ပါသည်။ ယင်းတို့မှာ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ အဖွဲ့ဝင်များ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် တွေ့ခဲ့ ဓာတ်ပုံရိုက်ယူခဲ့သည့် မြန်မာစစ်တပ်မှ ပစ်ခတ်ခဲ့သည့် မော်တာပုံးဆံ အမြီးပိုင်းများနှင့် ဆင်တူကြသည်ကို တွေ့ရသည်။

မော်တာကျည်ဆံများ ထိမှန်သဖြင့် လက်နှင့် ခြေထောက်မှာ ပြင်းထန်စွာ ဒဏ်ရာရသွားသော အသက် ၂၆ နှစ်အရွယ်အမျိုးသမီးက *"ဒါမျိုး နောက်ထပ် မဖြစ်စေချင်ပါဘူး၊ သူတို့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဖို့ လမ်းရှာနိုင်ကြရင်ကောင်းမယ်။ ကျွန်မတို့က ရွာသားတွေပါ၊ ကျွန်မတို့ပဲ ခံရတာပဲ။"*[၁၂၆] [126] ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။



←
*၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်းရှိ ဟိုချောင်ရွာထဲသို့ ကျရောက်ပေါက်ကွဲခဲ့သော မော်တာကျည်ဆံ၏ အမြီးပိုင်း ©အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့*

121 ၁၂၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
122 ၁၂၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
123 ၁၂၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
124 ၁၂၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။ အယ်ဂျာဇီးရား "Burmese 'stopped from seeking shelter' in China: NGO," ၁၃ ဇန်နဝါရီ ၂၀၁၇ ကိုလည်းရှု။
125 ၁၂၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။
126 ၁၂၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

ဟိုချောင်ရွာကဲ့သို့ပင် အခြားရွာများတွင်လည်း ရွာထဲသို့ ကျရောက် ပေါက်ကွဲခဲ့သော ဗုံးဆံများ၏ အပိုင်းအစများကို ရွာလူကြီးများက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကို ပြသခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့က တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သော ဗုံးဆံအမြီးပိုင်းများမှာ ၈၁၊ ၈၂ နှင့် ၁၂၀ မီလီမီတာ မော်တော်များမှ ပစ်လွှတ်သော ကျည်များ ဖြစ်ကြောင်းတွေ့ရသည်။

အရပ်သားများ နေထိုင်သည့် နေရာသို့ မြန်မာစစ်တပ်မှ ပစ်ခတ်သော မော်တာများ အမြောက်များသည် လူအများကို ထိခိုက်သေကြေ ဒဏ်ရာရစေသည်သာမက အရပ်သားများ၏ နေအိမ်များ အဆောက်အဦများကိုလည်း ပျက်စီးစေခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလများက မုံးကိုးဒေသတဝိုက် တိုက်ပွဲများ ပြင်းထန်နေချိန်တွင် မြန်မာစစ်တပ်က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ အောက်တွင် တွေ့ရသော ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့က ဂြိုဟ်တုမှ ရိုက်ယူခဲ့သော ဓာတ်ပုံတွင် အရပ်သားများနေထိုင်ရာ ဒေသတွင် ကျင်းကြီးများ ဟုယူဆနိုင်သော အရာများတွေ့ရပြီး အနားပတ်ဝန်းကျင်မှ အရပ်သားများ၏ အိမ်များ ပျက်စီးကာ ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းလည်း ပျက်စီးခဲ့ကြောင်းတွေ့ရသည်။[၁၂၇ 127] ယင်းတိုက်ခိုက်မှုများတွင် အရပ်သားများ သေဆုံးခဲ့ရသည်ဟု လူ့အခွင့်အရေး ကာကွယ်သူများနှင့် နေရပ်မှ ထွက်ပြေးလာသူများက ယုံကြည်လောက်စရာ ပြောပြကြသည်။[၁၂၈ 128] သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့အနေနှင့် ယင်းသေဆုံးမှုများကို မျက်မြင်သက်သေများ၏ ပြောပြချက်များဖြင့် သီးခြားတိုက်ဆိုင် အတည်ပြုခြင်း မပြုနိုင်ခဲ့ပါ။

ယင်းကာလအတွင်း မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များက မြန်မာစစ်တပ်နှင့် မုံးကိုးတဝိုက်တွင် တိုက်ခိုက်နေသဖြင့် စစ်တပ်မှ ပစ်ခတ်တိုက်မှု အချို့ သို့မဟုတ်အားလုံးမှာ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေအရ ဥပဒေနှင့် ညီသော တိုက်ခိုက်မှုများ ဖြစ်နိုင်ပါသည်။ သို့ရာတွင် လေကြောင်းမှ တိုက်ခိုက်မှုတွင် ယင်းနေရာများတွင် စစ်ဖက်ပစ်မှတ်များ ရှိနေမနေ၊ မြန်မာစစ်တပ်က အရပ်ဖက် စစ်ဖက် ခွဲခြားမှုနှင့် အင်အားကို ပစ်မှတ်နှင့် အချိုးကျစွာ အသုံးပြုခဲ့ခြင်း ရှိမရှိတို့အပေါ် လည်း မူတည်မည် ဖြစ်ပါသည်။ ခရစ်ယာန်ဘုရားကျောင်း ထိမှန်ပျက်စီးခဲ့ရခြင်းကလည်း အထူးစိုးရိမ်စရာ ဖြစ်သည်။ ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ထိခိုက်ပျက်စီးမှု မရှိစေရန် အထူး ဂရုစိုက်လုပ်ဆောင်ဖို့လိုပါသည်။ ယင်းအဆောက်အဦများမှာ စစ်ဖက် ပစ်မှတ်မဟုတ်ခဲ့လျှင် ယင်းတို့အား ပစ်မှတ်ထားခြင်းမှာ စစ်ရာဇဝတ်မှုမြောက်ပါသည်။[၁၂၉ 129]

မခွဲခြားပဲ ပစ်ခတ်မှုများသည် လူများကို အစုလိုက် ထွက်ပြေးရစေခြင်းများလည်း ဖြစ်စေပါသည်။ နမ္မတူမြို့နယ်အတွင်းရှိ ကွမ်ဟိုရွာမှ ကလေးနှစ်ဦး ဖခင် အသက် ၂၅ နှစ်အရွယ်အမျိုးသားတစ်ဦးက ၂၀၁၇ မေလ ၅ ရက်နေ့တွင် ၎င်း၏ ရွာအနီးတွင် အတီအင်အယ်အေနှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲများ ဖြစ်နေခဲ့သည်ဟုဆိုသည်။ "*တပ်မတော်က ရွာထဲကို မဝင်ခင် လက်နက်ကြီးတွေနဲ့ အဲဒီဖက်ကို ပစ်တတ်တယ်*" ဟု သူက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ "'*ဗုံးတွေ' ကျနေတာ ငါးမိနစ်လောက် ကြားရပြီးတဲ့အခါ ကျွန်တော်တို့ ထွက်ပြေးခဲ့ကြတယ်။*"[၁၃၀ 130] အသက်ကြီးရင့်သူ ခြောက်ဦးခန့်သာ ရွာထဲတွင် ကျန်ရစ်ပြီး ကျန်လူ အားလုံးထွက်ပြေးကြသည်ဟု သူက ပြောပြပါသည်။ တိုက်ပွဲများ မိုးတွင်းရောက်သည်အထိ ဆက်ဖြစ်နေလျှင် ၎င်းတို့ထွက်ပြေး တိမ်းရှောင်ဖို့ ခက်မည်ကို စိုးရိမ်ရသည်ဟု ဆိုသည်။ မြောက်ပိုင်းရှမ်းပြည်တွင် တိုက်ပွဲများကြောင့် အရပ်သားများ နေရပ်မှ ခေတ္တရှောင်တိမ်းနေရတတ်သည်မှာ အလေ့အထသဖွယ်ဖြစ်နေပါသည်။ [၁၃၁ 131]

---

127 ၁၂၇ မြန်မာနိုင်ငံတွင် လူများစုဖြစ်သော ဗမာလူမျိုးများထဲမှ အပါအဝင် အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ မြန်မာပြည်မြောက်ပိုင်း လူနည်းစုတိုင်းရင်သားများထဲတွင်မူ ကချင်နှင့် လီဆူး လူမျိုးအုပ်စု နှစ်စုစလုံးမှာ အဓိကအားဖြင့် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ပါသည်။ ရှုရန်- Minority Rights International, Myanmar/Burma – Kachin, http://minorityrights.org/minorities/kachin/ (နောက်ဆုံးဝင်ရောက်ကြည့်သည့် နေ့စွဲ- ၅ ဇွန် ၂၀၁၇).

128 ၁၂၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ မိုင်ဂျာယန်၊ မတ် ၂၀၁၇။ နှင့် လားရှိုး၊ မေ ၂၀၁၇။

129 ၁၂၉ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ နိုင်ငံတကာ လူ့အခွင့်အရေး ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၃၈။ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦးများကို တိုက်ခိုက်ခြင်း၊ နိုင်ငံတကာ ရာဇဝတ် ခုံရုံး၏ ရောမ သဘောတူညီချက်၊ ပုဒ်မ ၈(၂)(င)(၄)။

130 ၁၃၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၇ မေ ၂၀၁၇။

131 ၁၃၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၇ မေ ၂၀၁၇။




*၂၀၁၆ ဒီဇင်ဘာလ ၇ ရက်နေ့က ရိုက်ယူထားသော ပုံတွင် မုံးကိုးတွင် ထိခိုက် ပျက်စီးသွားသော အဆောက်အဦများကို လိမ္မော်ရောင် အစက်များဖြင့် ပြထားသည်။ ပျက်စီးနေသော အဆောက်အဦများ၏ အနောက်မြောက်ဖက်ရှိ ကွင်းတစ်ကွင်းထဲတွင် ဗုံးဒဏ်ကြောင့် ဟုယူဆနိုင်စရာ ကျင်းတစ်ကျင်းကိုလည်း တွေ့ရသည်။ အပျက်အစီးများနှင့် ကျင်းတို့မှာ လွန်ခဲ့သည့်တစ်လခန့်က မရှိခဲ့ပါ။*
*မြေပုံညွှန်း - ၂၄.၀၉၉၆၆၊ ၉၈.၃၂၇၇၆*
*ဓာတ်ပုံ © ၂၀၁၇ DigitalGlobe, Inc.*




*၂၀၁၆ ဒီဇင်ဘာလ ၇ ရက်နေ့က ရိုက်ယူထားသော ပုံတွင် အဆောက်အဦးများစွာရှိနေသော မုံးကိုးမြို့လယ်တွင် တွင်းကြီးတခု ကို တွေ့ရသည်။ ဗုံးဒဏ်ကြောင့် အပျက်အစီးများကိုလည်း ပုံထဲတွင် တွေ့နိုင်သည်။*
*မြေပုံညွှန်း - ၂၄.၁၀၁၇၊ ၉၈.၃၁၁၁*
*ဓာတ်ပုံ © ၂၀၁၇ DigitalGlobe, Inc.*




*၂၀၁၆ ဒီဇင်ဘာလ ၇ ရက်နေ့က ရိုက်ယူထားသော ပုံတွင် မုံးကိုးတွင် ပျက်စီးသွားသော ဘုရားကျောင်းတစ်ခုကို တွေ့ရသည်။ ဘုရားကျောင်းအနီးရှိ ကွင်းတွင်လည်း အပေါက်ကြီးများကို တွေ့နိုင်သည်။ ဗုံးဒဏ်ကြောင့် ဖြစ်နိုင်သည့် အပေါက်ကြီးတစ်ခုကိုလည်း ဘုရားကျောင်းဝင်းထဲတွင် တွေ့နိုင်သည်။ မြေပုံညွှန်း - ၂၄.၁၀၁၃၊ ၉၈.၃၂၀၆ ဓာတ်ပုံ © ၂၀၁၇ DigitalGlobe, Inc.*

# ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင် ဒုက္ခသည်စခန်းများအနီးတွင် အမြောက်ဖြင့်တိုက်ခိုက်ခြင်း

> **"အမြောက်ဆံက တစ်လုံးကျလာတယ်၊ နောက် ငါးမိနစ်လောက် တိတ်သွားပြီး နောက်တစ်လုံးကျလာတယ်။ နောက်ငါးမိနစ်မှာ တစ်လုံးကျတယ်။ အများကြီးပဲ။"**
>
> ကချင်ပြည်နယ်ရှိ ဖိုင်းအောင် ဒုက္ခသည်စခန်းမှ အသက် ၅၆ နှစ်ရှိ ဒါရီခွမ်နှ၁၃၂ [132]

၂၀၁၆ ခုနှစ် ဒီဇင်ဘာလက အများသိကြသည့် ဖြစ်ရပ်နှစ်ခုတွင် မြန်မာစစ်တပ်က ပစ်ခတ်သော မော်တာနှင့် အမြောက်ဆံများသည် ကချင်ပြည်နယ်ရှိ ကေအိုင်အိုထိန်းချုပ်ရာ ဒေသများရှိ လူများပြည့်ကြပ်နေသော စစ်ရှောင် ဒုက္ခသည်စခန်းများ အနီးသို့ ကပ်လျက်ကျရောက်ခဲ့သည်။ ဗုံးဒဏ်ကြောင့် တစ်စုံတစ်ဦးမှ ထိခိုက်သေဆုံးခြင်း မရှိခဲ့သော်လည်း စခန်းတွင် နေထိုင်သူများအား ကြောက်ရွံ့စိုးရိမ်စေပြီး စခန်းများမှ အစုလိုက် ထွက်ပြေးမှုများ ဖြစ်စေခဲ့သည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင် စခန်းများ အနီးတဝိုက်တွင် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်စခန်းများ ရှိနေပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယင်းဒေသအတွင်းရှိ နှစ်ဖက်တပ်စခန်းများရှိရာနေရာများ၏ ဂြိုဟ်တုမြေပုံညွှန်းများကို ကြည်းတပ်နှင့် မရိန်းတပ် လက်နက်ကြီးအရာရှိများအပါအဝင် နိုင်ငံခြားမှ စစ်ဖက်ကျွမ်းကျင် သူများကို ပြသခဲ့ပါသည်။ မြန်မာစစ်တပ်၏ အမြောက်နှင့် တိုက်ခိုက်မှုမှာ ဥပဒေနှင့် ညီညွတ်မှု မရှိနိုင်ဟု ၎င်းတို့က ထင်မြင်ချက်ပေးကြသည်။ အရပ်သား အမြောက်အများကို ထိခိုက်စေနိုင်ခြင်း၊ ပစ်မှတ်ကို ကျော်ပြီး စစ်ရှောင်စခန်းတွင်း

132 ၁၃၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှအစ်ယန် စစ်ပြေးဒုက္ခသည်စခန်း၊ ၉ မတ် ၂၀၁၇။

ကျည်များ ကျရောက်နိုင်သည့် အန္တရာယ်ကို တားဆီးနိုင်ရန် ပစ်ကွင်းချိန်သား ပြောင်းသုံးခြင်း၊ ပစ်မှတ်ကို စောင့်ကြည့်သူများ မထားရှိခြင်း စသည့် လိုအပ်သော အစီအစဉ်များ မလုပ်ထားခြင်းကို ထောက်ပြကြသည်။[၁၃၃] [133]

## မုန်လိုင်ခက် စစ်ရှောင် ဒုက္ခသည်စခန်း

၂၀၁၆ ဒီဇင်ဘာလ ၁၈ ရက် မနက် ၅ နာရီခန့်တွင် ၂၀၁၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော မုန်လိုင်ခက်ဒုက္ခသည်စခန်းရှိ အိမ်များ၊ မီးဖိုချောင်တစ်ခု၊ ရေချိုးခန်းတို့နှင့် မီတာ ၅၀ ခန့်သာ ကွာဝေးသော နောင်ကုန်း တစ်ခုကို မော်တာထိမှန် ခဲ့သည်။ စခန်းခေါင်းဆောင်နှင့် သားသမီးလေးဦးတို့၏ ဖခင် အသက် ၅၁ နှစ်အရွယ် လဆန်နော်က *"ကျွန်တော်က မနက် ၃ နာရီလောက်ကတည်းက အိပ်လို့မရဘူး၊ မော်တာ ပစ်သံတွေ ကြားနေခဲ့ရတယ်။ သိပ်မကြာဘူး ဒီနားမှာ ကျပြီး ပေါက်ကွဲတော့တာပဲ၊ ပစ်လိုက်တဲ့ အချိန်မှာ ဒင် ဆိုပြီး ကြားရတယ်၊ နောက်တော့ ကွဲတာပဲ၊ အသံကြီးက သိပ်ကျယ်တယ်၊ မြေကြီးလည်း တုန်သွားပြီး ကလေးတွေက ငိုတော့တာပဲ"* ဟု ပြောပြသည်။ [၁၃၄] [134]

မော်တာကြောင့် ပုံးဆံများ ထွက်လာပြီး မီးဖိုချောင်တစ်ခု အပါအဝင် စခန်းထဲမှ အဆောက်အဦ တော်တော်များများ ပျက်စီးသွားပြီး စခန်းထဲမှ ဝက်တစ်ကောင် သေဆုံးခဲ့သည်။ ၂၀၁၇ ခုနှစ် မတ်လတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကိုယ်စားလှယ်များ စခန်းသို့ရောက်ခဲ့ရာ မော်တာကျရောက် ပေါက်ကွဲခဲ့သည့် နေရာနှင့် အနီးဆုံးတွင် ရှိသည့် သစ်သားအဆောက်အဦ တော်တော်များများတွင် ကျပ်စေ့ခန့်ရှိသည့် အပေါက်များ ဖြစ်သွားခဲ့သည်ကို တွေ့ခဲ့ရသည်။ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့သည့် အကြောင်းတစ်ရပ်မှာ မော်တာကျရောက်သည့် အချိန်နှင့် ဆိုင်မည်ဟု ထင်ကြောင်း လဆန်နော်က ပြောသည်။ ယင်းအချိန်မှာ တနင်္ဂနွေနေ့ မနက်စောစောဖြစ်သဖြင့် လူအများက အပြင်ထွက် လမ်းလျှောက်မနေကြပဲ *"သူတို့အိမ်တွေထဲမှာ ရှိနေကြတယ်။ တခြားအချိန်ဆိုရင် လူတွေ ဒဏ်ရာရသွားနိုင်တယ်"* ဟု သူက ဆိုသည်။[၁၃၅] [135]

ယင်းနေ့တွင်ပင် မော်တာကျည်ဆံ အတော်များများလည်း စခန်း ပတ်ဝန်းကျင်ရှိ တောအုပ်ထဲသို့ ကျရောက်ခဲ့သည်။ ကျည်ဆံများမှာ အေအေ ရရိုင့်တပ်မတော်၏ စခန်းတစ်ခုနှင့် လေ့ကျင့်ကွင်းတို့ အနီးသို့ ကျရောက်ခြင်းဖြစ်သည်။ အေအေစခန်းမှာ မုန်လိုင်ခက် စခန်းနှင့် အနီးဆုံးနေရာမှ တစ်ကီလိုမီတာခန့်သာ ကွာဝေးပါသည်။ လူပေါင်း ၈၀၀ ခန့်ရှိနေသည့် စစ်ရှောင်စခန်းနှင့် ယခုလို နီးကပ်သည့်နေရာတွင် စခန်းတစ်ခု ချထားသည့် အေအေ၏ ဆုံးဖြတ်ချက်မှာ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအရ စိတ်ပူစရာဖြစ်သည်။ တဖန် ၈၁-မမ၊ ၁၂၀-မမ မော်တာများဖြင့် ဒုက္ခသည်စခန်းနှင့် တစ်ကီလိုမီတာ၊ မီတာ ၇၀၀ ခန့် တွင်ရှိသော တရားဝင်စစ်ဖက် ပစ်မှတ်ကို လှမ်းပစ်ခြင်းမှာလည်း မြန်မာစစ်တပ်သည် စစ်ဖက်နှင့် အရပ်ဖက်ပစ်မှတ်များကို ခွဲခြားခြင်းမရှိ၊ အရပ်သားများ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် လုံလောက်သော သတိပြုဆောင်ရွက်ခြင်းများ ရှိခဲ့ရဲ့လား ဆိုသည့် စိုးရိမ်စရာ မေးခွန်းများ ဖြစ်ပေါ် စေပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သော လူသားချင်းစာနာမှု ကူညီရေးဝန်ထမ်း အတော်များများနှင့် ဒေသခံ လူ့အခွင့်အရေး ကာကွယ်သူများက စစ်ရှောင်စခန်း၏ နေရာကို စစ်တပ်မှ သိထားခဲ့ပါလိမ့်မည်ဟု ဆိုကြသည်။[၁၃၆] [136] မုန်လိုင်ခက်ဒုက္ခသည်စခန်းနှင့် နီးကပ်လှသော နေရာကို မြန်မာစစ်တပ်က ပစ်ခတ်ခြင်းမှာ ယင်းအကြိမ်သည် ပထမဆုံး မဟုတ်ခဲ့ပါ။[၁၃၇] [137]

မော်တာကျည် ကျရောက်မှုကြောင့် မုန်လိုင်ခက် ဒုက္ခသည်စခန်းမှ လူများအားလုံး ရက် ၂၀ ခန့်ထွက်ပြေး တိမ်းရှောင် ခဲ့ကြရသည်။ သူရောက်သွားသည့် အချိန်တွင် စခန်းတွင်းရှိ ဒုက္ခသည်အားလုံးမှ ကြောက်ရွံ့ထိတ်လန့်နေကြသည်ဟု လူမှုကူညီရေး ဝန်ထမ်း တစ်ဦးက ပြောပြသည်။ သူတို့က စမ်းချောင်းတစ်ခုဘေးမှာ ပုန်းနေကြတယ်။[၁၃၈] [138] မိသားစုအများစုက အနားရှိ ဝိုင်ချိုင် စစ်ရှောင်စခန်းသို့သွားကာ စခန်းရှိ မူလတန်းကျောင်းနှင့် ရတတ်သမျှသော နေရာများတွင် အိပ်စက်ခဲ့ရသည်။ အချို့က မြန်မာအစိုးရ အုပ်ချုပ်မှုအောက်တွင်ရှိသော ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားသို့ သွားခဲ့ကြသည်။[၁၃၉] [139] စခန်းတွင်းရှိ အသက် ၄၅ နှစ်အရွယ်အမျိုးသမီးတစ်ဦးက မော်တာ ကျရောက် ချိန်တွင် အခြေအနေမှာ လွန်စွာရှုပ်ထွေးသွားပြီး မြစ်ကြီးနားသို့ ထွက်သွားသော မိသားစုများမှာ ကေအိုင်အို ထိန်းချုပ်သောဒေသများတွင် ဆက်နေလျှင် လုံခြုံရေးကို စိုးရိမ်ရပြီး အထူးသဖြင့် နောက်ထပ် မော်တာနှင့် တိုက်ခိုက် ခံရမည်ကို ကြောက်ပြီး ထွက်သွားကြခြင်းဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ

---

133 ၁၃၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ တယ်လီဖုန်း အင်တာဗျူးများ နှင့် အီလက်ထရွန်းနစ် ဆက်သွယ်မေးမြန်းမှုများ၊ ဧပြီ ၂၀၁၇။

134 ၁၃၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ မုန်လိုင်ခက် စစ်ပြေးဒုက္ခသည်စခန်း၊ ၈ မတ် ၂၀၁၇။

135 ၁၃၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ မုန်လိုင်ခက် စစ်ပြေးဒုက္ခသည်စခန်း၊ ၈ မတ် ၂၀၁၇။

136 ၁၃၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ မတ် ၂၀၁၇။

137 ၁၃၇ ကချင်မြေသတင်း "မြန်မာစစ်တပ် ကချင် ဖန်းခခေါင် ဒုက္ခသည်စခန်းကို ဝင်တိုက်၊ မော်တာကျည်များ မုန်လိုင်ခက် ဒုက္ခသည်စခန်းနား ကျရောက်" ၂၈ စက်တင်ဘာ ၂၀၁၆ http://www.kachinlandnews.com/?p=26902

138 ၁၃၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၈ မတ် ၂၀၁၇။

139 ၁၃၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ မတ် ၂၀၁၇။

လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ “*ကျန်ခဲ့တဲ့ ကျွန်မတို့လည်း ကြောက်တာပါပဲ၊ ဒါပေမယ့် သွားစရာနေရာမရှိဘူး*” ဟုပြောသည်။ [၁၄၀ 140]

## ဖိုင်းအောင် စစ်ရှောင်စခန်း

ကိုးရက်အကြာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာစစ်တပ်က နောက်ထပ် ပစ်လွှတ်လိုက်သော မော်တာကျည်များသည် အရပ်သား ၂၅၀၀ ကျော်နေထိုင်နေသော ဖိုင်းအောင်စခန်း အနီးသို့ ကပ်လျက် ကျရောက် ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် မျက်မြင်သက်သေ ၁၃ ဦးနှင့် မော်တာကျည်များကြောင့် ရှောင်ပြေးလာသော သူများကို ကူညီနေသည့် ဒေသခံ လူသားချင်းစာနာမှု ကူညီပေးရေး ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ပထမဆုံး ကျည်ကျရောက်ပေါက်ကွဲမှုမှာ မှောင်စပြုလာပြီးချိန် ည နာရီခွဲမှ ၇ နာရီခွဲ အတွင်းဖြစ်ပွားခဲ့ပြီး နောက်ထပ် နာရီအတော်ကြာအောင် ဆက်တိုက်ပစ်ခတ်နေခဲ့သည်ဟု သူတို့က ပြောပြကြသည်။ ကလေးလေးယောက်မိခင် အသက် ၅၆ နှစ်အရွယ် ဒါရှီခွမ်နက -

> “*ကျွန်မက ဖုံးကျင်းထဲဝင်ပုန်းနေတယ်၊ တစ်မိသားစုလုံးလည်း အဲဒီအထဲမှာပဲ။ ပစ်သံ ရပ်သွားတော့မှ ကျွန်မတို့ ထွက်ပြေးကြတယ်။ အမြောက်ဆံက တစ်လုံးကျလာတယ်၊ နောက် ငါးမိနစ်လောက် တိတ်သွားပြီး နောက်တစ်လုံးကျလာတယ်။ နောက်ငါးမိနစ်မှာ တစ်လုံးကျတယ်။ အများကြီးပဲ။ အဝေးကြီးမှာ ကျတဲ့ဗုံးတွေရဲ့ အသံကိုတောင် ကြားနေရတယ်။ ကျွန်မတို့ သိပ်ကြောက်လို့ ထွက်ပြေးချင်ကြတယ်။ မြေကြီးကလည်း တုန်ခါနေတယ်၊ အသံကြီးကလည်း မိုးကြိုးပစ်တဲ့ အတိုင်းပဲ။*” [၁၄၁ 141]

မျက်မြင်သက်သေများ၏ ပြောပြချက်များနှင့် အခြား ယုံကြည်ရလောက်သော အချက်အလက်များ အရ မော်တာကျည် တစ်လုံးသည် စခန်းတွင်းမှ အဆောက်အဦများနှင့် ရေတွင်းတစ်တွင်း အနီး မီတာ ၂၀၀ မှ ၂၅၀ လောက်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။ နောက်ထပ် အမြောက်ကျည်ဆံ ငါးလုံးမှ ဆယ်လုံးအထိသည်လည်း နောက်ထပ် အနည်းငယ်ဝေးသောနေရာများတွင် ကျရောက်ခဲ့သည်။ သို့ရာတွင် စခန်းနှင့် အနီးအနားတွင်ပင်ဖြစ်သည်။

ကလေး ခုနစ်ဦး၏ မိခင် အသက် ၄၂ နှစ်အရွယ် လဘန်ဂျာဆန်သည် မော်တာများ စတင်ကျလာချိန်က ဗိုက်အောင့်သဖြင့် ဆေးခန်းပြရန်ရောက်နေပြီး လမ်းတောင် မလျှောက်နိုင်ဖြစ်နေခဲ့သည်။ အမြောက်ကျည်ဆံတွေ စကျလာတော့ “*ကျွန်မယောက်ျားရောက်လာပြီး ကျွန်မကို ချီလို့ ထွက်ပြေးဖို့ လုပ်တယ်၊ အဲဒီအချိန်က ည ၈ နာရီ လောက်ရှိပြီ ဟုသူကပြောသည်။ ကလေးတွေက ငိုကြတယ်။ အမေတွေက သွားကြ ပြေးကြ လို့ပြောပေမယ့် ကလေးတွေက ငိုနေကြတယ်။ ကြောက်ပြီး မလှုပ်နိုင်ကြဘူး။*” [၁၄၂ 142] သူ၏ ၇ နှစ်အရွယ်သားကလေးက အထူးသဖြင့် ကြောက်ရွံ့သွားပြီး တစ်ညလုံးရော နောက်ရက်များတွင်ပါ ငိုနေခဲ့သည်ဟု ဆိုသည်။ ကလေးတွေ လန့်သွားပုံကို ဇန်နဝါရီလ နှောင်းပိုင်း တရုတ်နှစ်ကူးကာလအထိ တွေ့နေခဲ့ရသည်ဟု သူက ဆက်ပြောပါသည်။ “*တရုတ်ဖက်မှာ မီးရှူးမီးပန်းတွေလည်း ဖောက်ရော သူတို့ ငိုကြတော့တာပဲ။ ဖိုင်းအောင် စခန်းက အတွေ့အကြုံကြောင့်လေ။*” [၁၄၃ 143]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သော အခြားလူကြီးများကလည်း ၎င်းတို့တွင် ထိတ်လန့်ကြောက်ရွံ့မှုများ ကျန်နေသေးကြောင်း ပြောပြကြသည်။ ကလေးသုံးဦး၏ မိခင် အသက် ၄၉ နှစ်အရွယ် ကရင်ဘောက်ဆန်က မော်တာများ သူတို့ကို လာမှန်လိမ့်မည်ဟု ခံစားခဲ့ရကြောင်း ပြောပြသည်။ လပေါင်း တော်တော်ကြာလာချိန်အထိ ကားတစ်စီး အိတ်ဇောပေါက်သံမျိုး ကြားလိုက်သည်နှင့် တုန်လှုပ်မိနေဆဲ ဖြစ်ကြောင်း ပြောသည်။ [၁၄၄ 144]

၂၀၁၆ ခုနှစ် ဩဂုတ်လမှ စတင်၍ မြန်မာစစ်တပ်သည် ကေအိုင်အေ၏ တောင်ကုန်းစခန်းများကို သိမ်းယူရန် မြေပြင်ထိုးစစ်၊ မော်တာအမြောက်များနှင့် ပစ်ခတ်ခြင်း၊ လေကြောင်းမှ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ လပေါင်းများစွာ တိုက်ခိုက်ပြီးသည့်နောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မြန်မာစစ်တပ်က ကေအိုင်အေ၏ မဟာဗျူဟာကျသော ဂိဒွန်စခန်းကို သိမ်းပိုက်လိုက်နိုင်သည်။ [၁၄၅ 145] ထို့နောက် မြန်မာအစိုးရ သတင်းအရ စစ်တပ်သည် လိုင်ဖောင်စခန်းကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီခွဲနှင့် ၅ နာရီ ၁၅ အကြားတွင် သိမ်းပိုက်ခဲ့သည်။ [၁၄၆ 146] ထို့ကြောင့် ယင်းဒေသတွင် ဂျေန်ဘွမ်စခန်းတစ်ခုသာ

140 ၁၄၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၈ မတ် ၂၀၁၇။

141 ၁၄၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှုအစ်ယန် စစ်ပြေးဒုက္ခသည်စခန်း၊ ၉ မတ် ၂၀၁၇။

142 ၁၄၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှုအစ်ယန် စစ်ပြေးဒုက္ခသည်စခန်း၊ ၉ မတ် ၂၀၁၇။

143 ၁၄၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှုအစ်ယန် စစ်ပြေးဒုက္ခသည်စခန်း၊ ၉ မတ် ၂၀၁၇။

144 ၁၄၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှုအစ်ယန် စစ်ပြေးဒုက္ခသည်စခန်း၊ ၉ မတ် ၂၀၁၇။

145 ၁၄၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ နှင့် ရှုအစ်ယန် စစ်ပြေးဒုက္ခသည်စခန်း၊ မတ် ၂၀၁၇။ သူသူအောင် “တပ်မတော် ကေအိုင်အေ၏ ဂိဒွန် တောင်ထိပ်စခန်း ဝင်ရောက်သိမ်းပိုက်” မြန်မာတိုင်း၊ ၁၉ ဒီဇင်ဘာ ၂၀၁၆။

146 ၁၄၆ ရှုရန်- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး “တပ်မတော် စစ်ကြောင်းများ ပွိုင့် ၇၆၈ (ကေအိုင်အေ အခေါ် - လိုင်ဖောင်စခန်း) နှင့် အနီးတဝိုက်ရှိ စခန်းငယ်များကို သိမ်းပိုက်” ၂၇ ဒီဇင်ဘာ ၂၀၁၆ http://www.president-office.gov.mm/en/?q=issues/national-security/id-7034။ ဖိုင်းအောင်စခန်းမှ လူများက ဤအချိန်ကို အတည်ပြုခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ နှင့် ရှုအစ်ယန် စစ်ပြေးဒုက္ခသည်စခန်း၊ မတ် ၂၀၁၇။

ကေအိုင်အေ၏ အဓိကတောင်ကုန်းစခန်းအဖြစ်ကျန်သည်။ ယင်းစခန်းကျလျှင် ကေအိုင်အေ နယ်မြေကို နှစ်ခြမ်းပိုင်းလိုက်သလို ဖြစ်ပြီး လိုင်ဇာဌာနချုပ်နှင့် မြောက်ပိုင်းရှိ တပ်ဖွဲ့များအကြား ဆက်သွယ်ပို့ဆောင်ရေး ပိုပြီး ခက်ခဲသွားနိုင်ပါသည်။ ၁၄၇ [147]

လိုင်ဖောင်စခန်းကို သိမ်းပြီးသည့်နောက်တွင် မြန်မာစစ်တပ်သည် မော်တာနှင့် ဟောင်ဝစ်ဇာများအပါအဝင်၁၄၈ [148] သူ၏ ပစ်အားကို ဂျန်ဘွမ်တောင်ကုန်းစခန်းကို ဦးတည်လာခဲ့သည်။ ယင်းအခြေအနေသည် တရုတ်နိုင်ငံနှင့် နယ်စပ် ဂျန်ဘွမ်တောင်ကုန်းအောင် တောင်ကြားတွင် ရှိသော ဖိုင်းအောင်စစ်ရှောင်စခန်းကို တိုက်ရိုက် ခြိမ်းခြောက် လာပါသည်။၁၄၉ [149]

ကေအိုင်အေ တောင်ကုန်းစခန်းနှင့် စစ်ရှောင်စခန်းမှ အနီးဆုံးနေရာမှာ တစ်ကီလိုမီတာခွဲမှ နှစ်ကီလိုကီမီတာခန့် ကွာဝေးပါသည်။ သို့ရာတွင် ကေအိုင်အေစခန်းကို ပစ်လိုက်သောမော်တာကျည်မှာ ကျော်၍ စစ်ရှောင်စခန်းကို ထိနိုင်သော အလားအလာရှိနေပါသည်။ ဤသို့ ထိခိုက်နိုင်ခြေရှိသော အခြေအနေတွင် မြန်မာစစ်တပ်က လိုသလောက်သာ ပစ်မှတ်ကိုထိရောက်နိုင်သော လက်နက်များ မသုံးခြင်း၊ အရပ်သားများ ထိခိုက်မှုကို လျော့နည်းစေရန်အတွက် သတိပေးခြင်း သို့မဟုတ် ပစ်မှတ်ကို ထိမထိစောင့်ကြည့် လမ်းညွှန်ပေးသူများ မထားရှိခြင်းတို့က နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများကို ချိုးဖောက်ရာ ရောက်နိုင်ပါသည်။ ယင်းဖြစ်ရပ်ကို စောင့်ကြည့်ပြီး အသေးစိတ်မှတ်တမ်းတင်ခဲ့သော လိုင်ဇာမှ လူသားချင်းစာနာမှု ကူညီပေးရေး အရာရှိတစ်ဦးက *“မော်တာကျည်တွေ ဘယ်မှာကျမယ်ဆိုတာ လုံးဝဂရုမစိုက်ဘူး”* ဟုပြောပြီး ထို့အတွက်ကြောင့် စစ်ရှောင်ဒုက္ခသည်များအကြား လုံခြုံရေးနှင့်ပတ်သက်ပြီး အတွေးအမြင်များ ပြောင်းလဲသွားကြသည်ဟု ဆိုပါသည်။ *“ဒုက္ခသည်တွေက သူတို့ လုံးဝ မလုံခြုံတော့ဘူးလို့ ခံစားရတဲ့အကြောင်း ပြောတယ်။ အချိန်မရွေး တိုက်ခိုက်ခံရ နိုင်တယ်လို့ ခံစားနေကြရတယ်။”* ၁၅၀ [150]

မိမိတို့ နေအိမ်များကို စွန့်ခွာထွက်ပြေးလာသည်မှာ အနည်းဆုံးငါးနှစ် ရှိနေပြီ ဖြစ်သည့် ဒုက္ခသည်အများစု ပါဝင်သော ဖိုင်းအောင်စခန်းအတွင်းမှ လူပေါင်း ၂၅၀၀၀ ကျော်မှာ တစ်ပတ်ကြာခရီးရှည်ကို စထွက်ခဲ့ကြသည်။ ကနဦးတွင် လမ်းဘေးတစ်နေရာတွက် ရက်ပေါင်းအတော်ကြာကြာ နေခဲ့ပြီးမှ ဖိုင်းအောင်စခန်း၏ မြောက်ဖက် တရုတ်နှင့်နယ်စပ်ရှိ နေရာတစ်နေရာတွင် စခန်းချခဲ့ကြသည်။ ယင်းဒေသတွင် တိုက်ပွဲများ ထပ်မံပြင်းထန်လာရာ လူအများက နယ်စပ်ကို ဖြတ်၍ တရုတ်ဘက်သို့ ထွက်ပြေးခဲ့ကြပြီး တရုတ်ဖက်မှလည်း ချက်ခြင်းဆိုသလို မြန်မာဖက်ကို အတင်းအကြပ် ပြန်ပို့ခြင်းကို ခံလိုက်ကြရသည်။ (အောက်တွင် ကြည့်ပါ။)

မြန်မာဘက်ခြမ်းမှ လမ်းဘေးနှင့် တောများထဲတွင် အိပ်စက်ကြရပြီးနောက် အများစုကို ရှအစ်ယန်ဟုခေါ် သော စခန်းသစ်တစ်ခုသို့ ခေါ် သွားသည်။ မီတာ ၂၀၀၀ အမြင့်တွင်ရှိပြီး နေထိုင်စရာ ကောင်းကောင်းမရှိသော နေရာတွင် ဒုက္ခသည်များမှာ ဆောင်းတွင်းနှင်းများနှင့် ရေခဲမတတ်အေးသော ညဖက်များအတွက် အဆင်သင့် ရှိမနေခဲ့ကြပါ။ အများအပြား ဖျားနာခဲ့ကြပြီး အချို့မှာ ပြင်းထန်သဖြင့် လိုင်ဇာရှိဆေးခန်းများသို့ သယ်ပို့ပေးရခြင်း၊ အခြား စစ်ရှောင်စခန်းများတွင် သွားနေရခြင်းများ ရှိခဲ့သည်။ ဖိုင်းအောင်စခန်းမှ ထွက်ပြေးခဲ့ရသူများ၏ အရေးပေါ် လိုအပ်ချက်များမှာ မြန်မာအစိုးရနှင့် စစ်တပ်က လူမှုကူညီရေး အထောက်အပံ့များပေးအပ်ခြင်းကို ကန့်သတ်ထားမှုများကြောင့် ပိုမိုဆိုးဝါးစေခဲ့သည်။ အသေးစိတ်ကို စာမျက်နှာ ၃၃ တွင်ကြည့်ပါ။

---

147 ၁၄၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ မတ် ၂၀၁၇။

148 ၁၄၈ မော်တာကျည်ထက် ဟောင်ဝစ်ဇာ လက်နက်ကြီးဖြင့်သာ မီနိုင်သည်ဟုထင်ရသော အကွာဝေး နေရာအများအပြားမှ မြန်မာစစ်တပ်က ပစ်ခတ်မှုများ လုပ်နေခဲ့သည်ဆိုသည့် ယုံကြည်ရလောက်သော သတင်းအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရရှိခဲ့သည်။

149 ၁၄၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မေးမြန်းမှုများကို အကြောင်းပြန်ကြားချက်တွင် ကေအိုင်အိုက ရေးသားထားသည်မှာ- “ဂျမ်းစခန်းမှာ ၁၉၆၈ ကတည်းက ထိုနေရာတွင်ရှိနေသည်။ ဖိုင်းအောင်ရွာမှာ ၁၉၉၀မှာ တည်ထောင်ခဲ့သည်။ ၂၀၁၂ တွင် ဖိုင်းအောင် ဒုက္ခသည်စခန်း အဖြစ် ပြောင်းလဲသွားသည်။….ရွာများ၏ အနီးအနားတွင် မည်သည့် ကေအိုင်အေ စခန်းမှ မထားရှိပါ။ သို့သော် အရပ်သားများက စခန်းချရာတဝိုက်သို့ ခိုလှုံရောက်ရှိလာသောကြောင့် ကေအိုင်အေ စခန်းများ တဝိုက်တွင် ကျေးရွာသစ်များ ပေါ်ပေါက်လာခဲ့သည်” ဟုဆိုပါသည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စုံစမ်းမေးမြန်းမှုများကို ကေအိုင်အို၏ အကြောင်းပြန်ကြားချက် (နောက်တွင် ကေအိုင်အို အကြောင်းပြန်ကြားချက် ဟု သုံးစွဲပါမည်)၊ ၆ ဇွန် ၂၀၁၇၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

150 ၁၅၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၈ မတ် ၂၀၁၇။



↑ *စစ်ရှောင် ဒုက္ခသည် ၂၀၀၀ ကျော်နေထိုင်လျက်ရှိသော ရှအစ်ယန် စခန်း၊ ရှအစ်ယန်ကို ရောက်လာသူအများစုမှာ ယခင်က ဖိုင်း အောင်စခန်းတွင် နေခဲ့ကြသူများ ဖြစ်ပြီး ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့က မြန်မာစစ်တပ်မှ ပစ်ခတ်သော မော်တာ ကျည်များ စခန်းအနီးတွင် ကျရောက်ပေါက်ကွဲပြီးသည့်နောက် ထွက်ပြေးလာကြသူများဖြစ်သည်။©အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*

## အရပ်သားများကို အန္တရာယ်ရှိစေနိုင်သည့် တရုတ်ဘက်မှ အဓမ္မပြန်ပို့မှု

၂၀၁၆ ခုနှစ်နိုဝင်ဘာလမှစတင်၍ ကချင်ပြည်နယ်အတွင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ပြင်းထန်သော တိုက်ပွဲများ အများစုမှာ တရုတ်-မြန်မာနယ်စပ်တလျှောက်နှင့် အနီးတဝိုက်တွင်ရှိသော မြို့များ ရွာများအနီးတွင် ဖြစ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာစစ်တပ်၏ တိုက်ရိုက်ရန်ပြုမှုကို ခံလာရသော အရပ်သားများသည် နယ်စပ်ကို ဖြတ်ကျော်၍ တရုတ်ပြည်ထဲတွင် ခိုလှုံခဲ့ကြသည်။ တရုတ်အာဏာပိုင်များက အကြိမ်တော်တော်များများတွင် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ ဥပဒေကြောင်းအရ တာဝန်ဝတ္တရားကို ချိုးဖောက်ကာ ဒုက္ခသည်များကို စစ်မက်ဖြစ်ပွားနေရာ ဒေသများသို့ အတင်းအကြပ်ပြန်လွှတ်ခဲ့သည်။ ယင်းပုံစံအတိုင်း ဖြစ်ပွားနေသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်သည်။ တရုတ်က ဒုက္ခသည်များကို ယာယီစခန်းများတွင် ခေတ္တနေထိုင်ခွင့်ပြုပြီး နယ်စပ်ကိုဖြတ်ကာ မြန်မာနိုင်ငံထဲ ပြန်ပို့တတ်သည်။[၁၅၁ 151]

၂၀၁၆ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းတွင် မြန်မာစစ်တပ်နှင့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူပေါင်းထောင်ချီပြီး တရုတ်ဖက်သို့ ထွက်ပြေးခဲ့သည်။ ၎င်းတို့အထဲမှ ၁၄ ဦးကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။ အစပထမ နေ့ရက်များတွင် တရုတ်အာဏာပိုင်များက ၎င်းတို့အား ယာယီစခန်းများနှင့် ဘုရားရှိခိုးကျောင်းဝင်များထဲတွင် နေထိုင်ခွင့်ပေးပြီး အခြေခံလိုအပ်ချက်အချို့ကိုလည်း ထောက်ပံ့ပေးခဲ့သည်ဟု ပြောပြကြသည်။

သို့ရာတွင် ဒီဇင်ဘာလဆန်းနှင့် လလယ်ရောက်လာသောအခါ ဒုက္ခသည်အများစုအတွက် တရုတ်ဘက်မှ ကြိုဆိုမှုများ ရပ်ဆိုင်းသွားခဲ့သည်။ ဖိုင်ခေါင်ရွာမှ အသက် ၆၇ နှစ်အရွယ်အမျိုးသားတစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြရာတွင် *"ကျွန်တော်တို့ကို အတင်းပြန်လွှတ်တယ်၊ နင်တို့ရွာမှာ တိုက်ပွဲတွေ မဖြစ်တော့ဘူးလို့ တရုတ်တွေက ပြောတယ်။ဒါကြောင့် ပြန်နိုင်ပြီလို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ လုံခြုံတယ်လို့ မထင်သေးတာနဲ့ မြန်မာဖက်ခြမ်း နယ်စပ်က ဖိုင်ခေါင်စစ်ရှောင်စခန်းမှာပဲ နေနေကြတယ်။"*[၁၅၂ 152]

ယင်းကဲ့သို့ အဓမ္မပြန်လွှတ်မှုများမှာ လူအများကို အန္တရာယ်နှင့် ကြုံရစေတတ်ပါသည်။ နိုဝင်ဘာလ ၂၀ ရက်နေ့က ရွာအနီးတွင် တိုက်ပွဲများ ဖြစ်လာသောအခါ ဖုန်ဂန်ရွာမှ ကိုယ်ဝန်ရှစ်လလွယ်ထားသော အသက် ၃၄ နှစ်အရွယ် ခွမ်မိုင်သည် ခင်ပွန်းသည်၊ ကလေး ငါးဦးတို့နှင့်အတူ တရုတ်ပြည်ဘက်သို့ ထွက်ပြေးခဲ့သည်။ သူ့ခင်ပွန်း ဟန်ဂေါ် ဆိုင်းနော်က ဒီဇင်ဘာလ အစောပိုင်းတွင် *"တရုတ်အာဏာပိုင်တွေ ရောက်လာပြီး တရုတ်ဘက်ခြမ်းမှာ ဆင်နေရင် ဒုက္ခသည်အဖြစ်လျှောက်ထားဖို့ လာပြောတယ်။ အဲဒီလို လျှောက်ဖို့ ယွမ်ငွေတစ်ထောင် (အမေရိကန်ဒေါ်လာ ၁၄၅) ပေးရမယ်လို့ ပြောတယ်။ ကျွန်တော်တို့မှာ ပိုက်ဆံမှ မရှိပဲ။ ပိုက်ဆံမရှိရင် ဆက်နေလို့ မရဘူးလို့ တရုတ်တွေက ပြောတယ်"* ဟု

---

151 ၁၅၁ ရှုရန် Matthew Smith, "How China Fuels Myanmar's Wars," နယူးယောက်တိုင်း၊ ၄ မတ် ၂၀၁၅။ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့, "China: Refugees Forcibly Returned to Burma," ၂၄ ဩဂုတ် ၂၀၁၂။ IRIN, "Kachin refugees feel Chinese heat," ၃၁ ဩဂုတ် ၂၀၁၂။ ရိုက်တာသတင်း "China has forced refugees back to Myanmar conflict zone - group," ၂၆ ဖွန် ၂၀၁၂။

152 ၁၅၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့, အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ [၁၅၃][153]

ခွမ်မိုင်က သူတို့ရွာဘက်သို့ လမ်းလျှောက်ပြန်လာခဲ့သည်ဟုဆိုသည်။ သို့သော် "*တပ်မတော်က ထိုးစစ်ဆင် လာပြန်တယ်။ ရွာမှာ ဆက်နေလို့မရတော့ဘူး၊ ဒါကြောင့် တောထဲဝင်ပြီး နေကြတယ်။*" [၁၅၄][154] တောထဲရှိ လူမနေသော ယာတောတစ်ခုထဲတွင်ပင် သူတို့၏ ဆဋ္ဌမမြောက် ကလေးကို ခင်ပွန်းသည်အကူအညီဖြင့် ခွမ်မိုင်ဖွားမြင်ခဲ့ပါသည်။ ယာတောထဲမှ တွေ့ရသော ဆန်အနည်းငယ်ကို စားသုံးပြီးသူတို့ တောထဲတွင် ရက် ၂၀ကျော် လမ်းလျှောက်ခဲ့ရကာ နောက်ဆုံး ကေအိုင်အို ထိန်းချုပ်သော ဒေသသို့ ရောက်ရှိသွားခဲ့ကြပါသည်။ [၁၅၅][155]

ရှမ်းပြည်မြောက်ပိုင်းမှ ဒုက္ခသည်များကို တရုတ်က ၎င်းတို့ဘက်ခြမ်းတွင် ခေတ္တခိုလှုံခွင့်ပေးခဲ့သော်လည်း အချို့ကို ချက်ခြင်းပြန်ပို့တတ်ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့က ဖိုင်းအောင်နှင့် ခေါင်ရှောင် စခန်းများမှ ထွက်ပြေးလာသော ဒုက္ခသည်များသည် အနီးတဝိုက်တွင် ဖြစ်ပွားလာသော တိုက်ပွဲများကြောင့် တရုတ်နှင့် မြန်မာ နယ်စပ်ကို ပိုင်းခြားထားသော ချောင်းလေးတစ်ချောင်းကို ဖြတ်ကာ တရုတ်ပြည်ဖက်သို့ ဝင်ခဲ့သည်။ ဖိုင်းအောင် စခန်းတွင် နေခဲ့သော အသက် ၆၆ နှစ်အရွယ် မရန်ဘရန်က "*ကျွန်တော်တို့ ချောင်းကလေးကို ဖြတ်ပြီး မနက် လေးနာရီလောက်မှာ တရုတ်ဖက်ကို ကူးခဲ့တယ်။ နောက်နာရီပိုင်းပဲ ကြာတယ်၊ တရုတ်တွေက ကျွန်တော်တို့ကို အတင်းထွက်သွားခိုင်းတယ်။ ပြန်ကြ သွားကြလို့ အော်နေတာ ကြားရတယ်၊ သူတို့က တချို့ကို ကန်ပစ်မယ်လို့ ခြိမ်းခြောက်တယ်၊ လေထဲကို ခြေထောက်နဲ့ ကန်ပြီး ပြန်ကြ လို့အော်တာနဲ့ ကျွန်တော်တို့လည်း ပြန်ခဲ့ရတယ်။*" [၁၅၆][156]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည့် အနည်းဆုံး လူခြောက်ဦးက တရုတ်လုံခြုံရေး တပ်ဖွဲ့များသည် ဒုက္ခသည်များ ထမင်းချက် လက်ဖက်ရည်ဖျော်သော အိုးများကို ကန်ပစ်ကြောင်း ပြောပြကြသည်။ တရုတ်တပ်ဖွဲ့ဝင်အများစုမှာ အပြာရင့်ရောင် ယူနီဖောင်းများ ဝတ်ကြသော်လည်း အချို့က ပြောက်ကျားဝတ်စုံများ ဝတ်ထားကြပြီး သေနတ်များလည်း ပြောင်ပြောင်တင်းတင်း ကိုင်ထားကြသည်ဟု ပြောသည်။[၁၅၇][157] တရုတ်တပ်ဖွဲ့ဝင်များက အိုးများကိုသာမက လူကိုပါ ကန်ကျောက်ခဲ့သည်ကို တွေ့မြင်ခဲ့ရသည်ဟု ဒုက္ခသည်နှစ်ဦးက ပြောပြသည်။ "*ထမင်းတောင်မစားနိုင်ပဲ ထွက်ပြေးခဲ့ရသည်*" ဟု အသက် ၃၇ နှစ်အရွယ် မဂျီခါတွမ်က ပြောသည်။ "*အဲဒီတုန်းက နေထွက်လာပြီဆိုတော့ ကလေးတွေကလည်း ဆာနေတာနဲ့ ကျွန်တော်တို့က စားစရာပြင်ဆင်နေကြတာပါ၊ တရုတ်တွေက ထမင်းအိုးကို ကန်လိုက်ပြီး အစချက်ခြင်း ပြန်ကြလို့ပြောတယ်။ သူတို့ ကျွန်တော်တို့ကိုလည်း ကန်တယ်။*" [၁၅၈][158]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် တရုတ်ပြည်ဖက်ခြမ်းမှ ဆွေမျိုးများထံတွင် ရက်အကန့်အသတ်မရှိ နေထိုင်နိုင်ခဲ့သော မူဆယ်-မုံးကိုးဒေသမှ တရုတ်အရပ်သားများကိုလည်း မေးမြန်းခဲ့သည်။[၁၅၉][159] မိသားစုဆွေမျိုးမရှိပဲ ယာယီစခန်းတွင်နေရသော သူများအတွက် မည်သည့်အချိန်တွင် ပြန်ရန် "အန္တရာယ်ကင်းပြီ" ဆိုသည်ကို တရုတ်အာဏာပိုင်များက ဆုံးဖြတ်ပေးပြီး မိမိတို့ဖာသာ မပြန်လျှင် အတင်းပြန်ပို့ပါသည်။

ယင်းကဲ့သို့ ပြုမူခြင်းမှာ တရုတ်က ၎င်းပါဝင်လက်မှတ်ထိုးထားသော ၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာ သဘောတူညီချက်ကို ချိုးဖောက်ရာရောက်ပါသည်။ ယင်းသဘောတူညီချက်တွင် "နိုင်ငံတစ်နိုင်ငံသည် ဒုက္ခသည်တစ်ဦးကို ၎င်း၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသား၊ လူမှုရေးအဖွဲ့တစ်ခုတွင်အဖွဲ့ဝင်ဖြစ်မှု၊ နိုင်ငံရေး ခံယူချက် စသည်တို့ကြောင့် ၎င်း၏ အသက်အန္တရာယ် သို့မဟုတ် လွတ်လပ်မှုကို ခြိမ်းခြောက်ကန့်သတ်ခံရနိုင်သည့် နေရာများသို့ ပို့ဆောင်ခြင်းမပြုရဟူ၍ တားမြစ်ထားပါသည်။"[၁၆၀][160]

# လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်ပြီး ရွာများကို ရှင်းလင်းခြင်း

> **"စစ်သားတစ်ယောက်ကို တွေ့တာနဲ့ ဒီကတ်ကို ပြရတယ်။ ဒီ ကတ်မပြနိုင်ရင် အဖမ်းခံရမယ်လို့ စစ်တပ်က သတိပေးထားတယ်။"**
>
> ရှမ်းပြည်မြောက်ပိုင်း ဖိုင်ကောင်ရွာမှ အသက် ၆၇ နှစ်အရွယ် ကြံစိုက်တောင်သူတစ်ဦး[၁၆၁][161]

---

[153] ၁၅၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ဂျေယန်း စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၇ မတ် ၂၀၁၇။ လာဘ်ငွေရယူရန် ကြိုးပမ်းချက် ဖြစ်ဖို့များပါသည်။ တရုတ်နိုင်ငံတွင် ဒုက္ခသည်အဖြစ် လျှောက်ထားခွင့်ပြုခြင်းမျိုး လွန်စွာရှားပါးသည်။ ရှုရန် Liang Pan, "Why China Isn't Hosting Syrian Refugees," *Foreign Policy* ၂၆ ဖေါ်ဝါရီ ၂၀၁၆။

[154] ၁၅၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ဂျေယန်း စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၇ မတ် ၂၀၁၇။

[155] ၁၅၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ဂျေယန်း စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၇ မတ် ၂၀၁၇။

[156] ၁၅၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှုအစ်ယန် စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မတ် ၂၀၁၇။

[157] ၁၅၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှုအစ်ယန် စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မတ် ၂၀၁၇။ နှင့် ဖုန်လုံယန် စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၁၀ မတ် ၂၀၁၇။

[158] ၁၅၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ဖုန်လုံယန် စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၁၀ မတ် ၂၀၁၇။

[159] ၁၅၉ မတ်၂၀၁၇ တွင် ရှမ်းမြောက်ပိုင်းတိုက်ပွဲများ ပြင်းထန်ကတည်းက တရုတ် အာဏာပိုင်တို့က ကိုးကန့် ဒုက္ခသည်များ၊ ထို့အတူပင် တရုတ်လူမျိုးများကိုလည်း စခန်း၌ ပိုကြာကြာနေခွင့်ပြုခဲ့သည်။ ရှုရန်- ရိုက်တာသတင်း"Relief camp in China swells as thousands flee conflict in Myanmar," ၁၃ မတ် ၂၀၁၇။

[160] ၁၆၀ ဒုက္ခသည်ခိုလှုံခွင့် နှင့်စပ်လျဉ်းသည့် သဘောတူညီချက်၊ ၁၈၉ U.N.T.S. ၁၅၀၊ ၂၂ ဧပြီ ၁၉၅၄ မှ စတင်အကျိုးသက်ရောက်သည်၊ ပုဒ်မ ၃၃။ UNHCR, "Advisory Opinion on the Extraterritorial Application of Non-Refoulement Obligations under the 1951 Convention relating to the Status of Refugees and its 1967 Protocol," ၂၆ ဇန်နဝါရီ ကိုလည်းရှု။

[161] ၁၆၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

ရှမ်းပြည်မြောက်ပိုင်းရှိ ပန်ဆိုင်းနှင့် မုံကိုးမြို့များ အကြားရှိရွာများမှ ကချင်၊ လီဆူးနှင့် တရုတ်များအပါအဝင် စစ်ဘေးရှောင် တိုင်းရင်းသား လူနည်းစုများ၏ လှုပ်ရှားသွားလာမှုကို မြန်မာစစ်တပ်က ကန့်သတ်ထားပြီး ၎င်းတို့၏ ရွာများသို့ ပြန်ကာ နေအိမ်တွင် အိပ်စက်ခွင့်မပြုခဲ့ပါ။ ထို့အပြင် စစ်တပ်က ရွာသားများကို အထူးသက်သေခံ လက်မှတ်များ ထုတ်ပေးထားပြီး တစ်ချိန်လုံး ကိုင်ဆောင်ထားစေသည်။ လက်မှတ်မပြနိုင်ပါက အဖမ်းခံရနိုင်ပါသည်။ ဒေသခံ အကူအညီပေးရေးဝန်ထမ်းများ အပါအဝင် ယင်းလက်မှတ်မရှိသောသူ မည်သူကိုမျှ ဒေသအတွင်းသို့ ဝင်ခွင့်မပြုခဲ့ပါ။

ယင်းဒေသအတွင်းရှိ ရွာများမှ လူပေါင်း ရှစ်ဦးကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်းက မြန်မာစစ်တပ်သည် ၎င်းတို့ ရွာများတွင် ယာယီစခန်းများ လာဖွင့်ပြီး ရွာသားများကို ၎င်းတို့၏ နေအိမ်များတွင် နေခွင့်မပြုခဲ့ဟု ပြောပြကြသည်။ စစ်တပ်က နောက်ပိုင်းတွင် ယင်းစခန်းအများစုမှ ထွက်ခွာသွားခဲ့သော်လည်း ဒေသတွင်း လှုပ်ရှားသွားလာမှုများ ဆက်ရှိနေပြီး ရွာများမှ လည်း ပုံမှန်လိုလို ဖြတ်သန်းသွားလျက် ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မတ်လက ဖိုင်ခေါင်ရွာမှ အသက် ၆၇ နှစ်အရွယ်ကြံတောင်သူ တစ်ယောက်က ၎င်းတို့အား အိမ်မပြန်ရန် စစ်တပ်ဖက်က ခြိမ်းခြောက်မှုများ ရှိနေသေးကြောင်း ပြောပြသည်။

> *"ကျွန်တော်တို့ ကို ရွာကို ပြန်ပြီး မနေကြနဲ့ဦး၊ အန္တရာယ်ရှိသေးတယ်လို့ တပ်မတော်က ပြောတယ်။ ကျွန်တော်တို့ ရွာထဲမှာနေရင် စိတ်မချရဘူးလို့ စစ်တပ်က အမြဲပြောနေတယ်။ ကျွန်တော်တို့က အိမ်ပြန်ချင်လို့ ညိုကြည့်တာလည်း မရဘူး၊ အခုအချိန်က ကြံတွေ ရိတ်ရတော့မယ့် အချိန်လေ။"*[၁၆၂][162]

ယင်းရွာများမှ ရွာသားအများစုမှာ တရုတ်နှင့် နယ်စပ်တလျှောက်ရှိ စစ်ရှောင်စခန်းများတွင် ပြောင်းရွှေ့နေကြသည်။ ၂၀၁၇ ခုနှစ် မေလတွင် အမျိုးသမီးအချို့နှင့် သက်ကြီးရွယ်အို အချို့တို့က အိမ်ကို စပြန်ကြကြောင်း စခန်းတစ်ခုတွင် နေကြသော အမျိုးသားနှစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြကြသည်။ သူတို့ နေအိမ်တွင် နေနိုင်ကြောင်း သို့သော် အပြင်ထွက်သွားလာခြင်း မပြုရဟု စစ်သားများက ပြောသည်ဟုဆိုသည်။ သို့သော် အမျိုးသားများ အထူးသဖြင့် တိုင်းရင်းသားယောကျ်ားများမှာ စခန်းများတွင်သာ အိပ်ကြရမည်ဟု ပြောသည်ဟု ဆိုပါသည်။[၁၆၃][163] တွေ့ဆုံမေးမြန်းခဲ့သော ရပ်ရွာလူကြီးတစ်ဦးက အဘယ့်ကြောင့် ယင်းကဲ့သို့ မူဝါဒရှိနေသည်ကို စစ်သားများအား တိုက်ရိုက်မေးမြန်းခဲ့ပါသည်။ "*သူတို့က ဒါ အထက်က အမိန့်ပဲ၊ ဒါကြောင့် ခင်ဗျားတို့ ရွာထဲမှာနေလို့မရဘူး၊ တောထဲမှာလည်း မိုင်းတွေရှိတယ်၊ ဒါကြောင့် တောထဲလည်း မသွားနဲ့၊ ယာထဲလည်း မသွားနဲ့လို့ ပြောကြတယ်။*" [၁၆၄][164]

ထို့အပြင် ၂၀၁၇ နှစ်ဆန်းတွင် မြန်မာစစ်တပ်က မုံးကိုးဒေသတွင် နေထိုင်သူများကို အဖြူရောင် အထူး သက်သေခံကတ်များ ထုတ်ပေးခဲ့သည်။ သီးခြား လူငါးဦးက ယင်း ကတ်များကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြသခဲ့ကြသည်။ ယင်းကတ်များတွင် ကိုင်ဆောင်သူ၏ အမည်၊ အမည်၊ အဖအမည်၊ မှတ်ပုံတင်နံပတ်၊ လိပ်စာ၊ အလုပ်အကိုင် စသည်တို့ကို မြန်မာဘာသာဖြင့် အသေးစိတ်ဖော်ပြထားပြီး အမှတ် ၉၉၂ စစ်ဗျူဟာတပ်ရင်းမှ [၁၆၅][165] ထုတ်ပေးခြင်းဖြစ်သည်။ ယင်းတပ်ရင်းသည် တပ်မ ၉၉ လက်အောက်ခံဖြစ်ကြောင်း တွေ့ဆုံမေးမြန်းမှုများနှင့် မီဒီယာသတင်းများအရ သိရသည်။[၁၆၆][166] "*ထိုကတ်က မိမိတို့ကို ရွာတွင်နေခွင့်ပြုခြင်းမဟုတ်ပဲ နေ့ဘက် အလုပ်လုပ်ခွင့်သာပေးထားခြင်း ဖြစ်သည်*" ဟု ဖိုင်ခေါင်စစ်ရှောင်စခန်းမှ အသက် ၄၀ အရွယ် လယ်သမား တစ်ဦးက ပြောသည်။[၁၆၇][167] အသက်၅၀ အရွယ် မန်ဂျက်ရွာသားကလည်း အလားတူပြောပြသည်။ "*ဒီအထူးကတ် မရှိရင် ဘယ်မှ သွားလို့မရဘူး။ ဒီကတ်မရှိရင်လည်း မွန်းဂူမှာနေလို့မရဘူး။*"[၁၆၈] [168]

ယင်းကတ်ကို မပြနိုင်လျှင် ထိုဒေသအတွင်း နေထိုင်သော အရပ်သားများမှာ အဖမ်းခံရနိုင်ပါသည်။ ဖိုင်ခေါင်စခန်းမှာ အသက် ၆၇ နှစ်အရွယ် ကြံတောင်သူက ယခုကဲ့သို့ရှင်းပြသည်။ "*စစ်သားတစ်ယောက်ကို တွေ့တိုင်း ဒီ ကတ်ကို ပြရတယ်။ ကျွန်တော်တို့မှာ ဒီကတ်မရှိရင် အဖမ်းခံရမယ်၊ တိုင်းရင်းသားတပ်နဲ့ ပေါင်းတယ်လို့ သံသယရှိခံရမယ်လို့ စစ်တပ်က သတိပေးထားတယ်။ ရွာလူကြီးက လိုက်ရှင်းပေးမှရမယ်။*"[၁၆၉] [169]

---

[162] ၁၆၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

[163] ၁၆၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူးများ လားရှိုး၊ ၆ မေ ၂၀၁၇။

[164] ၁၆၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး လားရှိုး၊ ၆ မေ ၂၀၁၇။

[165] ၁၆၅ သက်သေခံကတ်ပြားများ ကို မြန်မာဘာသာမှ ပြန်ဆိုပြီး အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်ထားသည်။

[166] ၁၆၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လားရှိုး၊ မေ ၂၀၁၇။ "မြန်မာစစ်တပ်မှ ကချင်ရှေ့တန်းစစ်မျက်နှာမှာ တပ်တွေပြန်ချထား" kachinnews.com ၂၆ ဇန်နဝါရီ ၂၀၁၂။ http://www.kachinnews.com/news/2225-burma-army-redeploys-troops-to-kachin-frontline.html.

[167] ၁၆၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၆ မေ ၂၀၁၇။

[168] ၁၆၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၇ မေ ၂၀၁၇။ မန်ဂူ မှာ မုံးကိုးမြို့နယ် နှင့် မြို့ ကို ကချင်လို ခေါ်ခြင်းဖြစ်သည်။

[169] ၁၆၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် မရခြင်းသည် အများအားဖြင့် ကြံနှင့် လက်ဖက် တောင်သူများဖြစ်သော အရပ်သားများ အပေါ် လွန်စွာ ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ အထူးသက်သေခံကတ်ပြားက လူများကို နေ့ခင်းဖက်တွင် သွားလာခွင့် တချို့ပြုထားသော်လည်း အထူးသဖြင့်အရေးကြီးသော သီးနှံရိတ်သိမ်းချိန်များတွင် များစွာထိခိုက် စေပါသည်။၁၇၀ [170]

ထိခိုက်မှုကို ပိုဆိုးစေသည့် အချက်မှာ မြန်မာစစ်တပ်က အထူးသက်သေခံ ကတ်ပြားအတွက် ဒေသခံများကို ပိုက်ဆံပေးခိုင်းခြင်းဖြစ်သည်။ လူအများက ကတ်ပြားကြေး တရုတ်ယွမ် ၁၀ ယွမ် (ဒေါ်လာ ၁.၄၅) ပေးရသည်ဟုပြောပြီး အချို့က မြန်မာငွေ ကျပ် ၁၀၀၀ (ဒေါ်လာ ၀.၇၃) ပေးရသည်ဟု ပြောကြသည်။၁၇၁ [171] ဈေးမကြီးလှဟု ယူဆနိုင်သော်လည်း စစ်ဘေးမှ အလျင်စလို တိမ်းရှောင်ခဲ့ရပြီး ပစ္စည်းဥစ္စာများများ မသယ်လာနိုင်ခဲ့သလို လက်ရှိတွင်လည်း သက်မွေးဝမ်းကြောင်းအတွက် အလုပ်လုပ်ရန် ခက်ခဲနေရသော မိသားစုများအတွက်မူ ပေးရန်အခက်အခဲ ရှိတတ်ပါသည်။၁၇၂ [172]

မြန်မာနိုင်ငံမြောက်ပိုင်းမှ အခြားပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင်မူ စစ်တပ်က ယခုကဲ့သို့ ရွာများကို ရှင်းလင်းပြီး လူများ သွားလာမှုကို ကန့်သတ်သည့် မူဝါဒမျိုး တမင်ချထားပုံမရပါ။ သို့ရာတွင် စစ်တပ်၏ စစ်ဆင်ရေးလှုပ်ရှားမှုများနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် တိုက်ပွဲများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်တို့ကမူ အတူတူလိုပင် ဖြစ်သည်။ယင်းဒေသအတွင်း လူများ အစုလိုက် ထွက်ပြေးတမ်းရှောင်နေရမှုများက ရွာများတွင် လနှင့် နှစ်နှင့်ချီပြီး နေထိုင်သူ မရှိတော့သလောက်ဖြစ်သွားစေပြီး ကချင်ပြည်နယ်တွင် ကာလတာရှည် ရပ်ရွာစွန့်ခွာနေရမှုမျိုး ပိုတွေ့ရပြီး ရှမ်းပြည်မြောက်ပိုင်းတွင်မူ မကြာမကြာ ကာလတို ရှောင်တိမ်းရမှုများ ပို၍တွေ့ရပါသည်။

ရွာများကို အမိန့်အရ သို့မဟုတ် ရုတ်တရက် ဝင်ရှင်းလင်းခြင်းနှင့် ဒေသခံ များအပေါ် ဖိအားပေးခြင်းများမှာ မြန်မာစစ်တပ်က ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့သော သောင်းကျန်းသူ ဆန့်ကျင်ရေး နည်းဗျူဟာများအတိုင်း တွေ့ရခြင်းဖြစ်သည်။ ၁၇၃ [173] ယင်းနည်းဗျူဟာများကြောင့် လူများ၏ သက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပျက်စီးရခြင်းကို ပို၍ဆိုးသွားစေသည်မှာ လူသားချင်းစာနာမှုအကူအညီများကို ပေးပို့ခွင့်ကိုလည်း ကန့်သတ်ထားခြင်းဖြစ်သည်။ ယင်းအချက်ကို အောက်တွင် အသေးစိတ် ဆွေးနွေးထားသည်။ ယင်းလုပ်ရပ်၏ အကျိုးဆက်ကြောင့် လူအများ၏ လူနေမှုအဆင့်အတန်းကို ကာလလတ်နှင့် ကာလရှည် ထိခိုက်သွားစေပြီး စားနပ်ရိက္ခာလုံလောက်စွာ မရရှိစေပဲ ခန္ဓာကိုယ်နှင့် စိတ်ကျန်းမာရေးကိုပါ ထိခိုက်စေပါသည်။၁၇၄ [174]

---

[170] ၁၇၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၆-၇ မေ ၂၀၁၇။ နှင့် မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

[171] ၁၇၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၆-၇ မေ ၂၀၁၇။ နှင့် မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

[172] ၁၇၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၆-၇ မေ ၂၀၁၇။ နှင့် မိုင်ဂျာယန်၊ ၁၂ မတ် ၂၀၁၇။

[173] ၁၇၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ဒေသနာမည် မဖော်ပြလိုပါ၊ မေ ၂၀၁၇။

[174] ၁၇၄ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ် (ICESCR), U.N. Doc. A/6316 (1966), 993 U.N.T.S. 3၊ ၃ ဇန်နဝါရီ ၁၉၇၆ မှ စတင် အကျိုးသက်ရောက်သည်၊ ပုဒ်မ ၁၁၊၁၂။ မြန်မာနိုင်ငံက ICESCR လက်မှတ်ရေးထိုးထားသော်လည်း အတည်ပြုလိုက်နာကျင့်သုံးခြင်းမရှိပါ။




*↑ ပန်ဆန်းနှင့် မုံးကိုးအကြားရှိ ရွာများမှ ရွာသားများကို မြန်မာအာဏာပိုင်များက ၂၀၁၇ ခုနှစ် နှစ်ဆန်းတွင် ထုတ်ပေးသော အထူး သက်သေခံကတ်ပြား၊ ကတ်ပြားမပါပဲ စခန်းအပြင်ဖက် အိမ်အပြင်ဖက်တွင်တွေ့ရပါက မည်သူမဆို မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ဖမ်းဆီးခြင်း ခံရနိုင်သည်။ ©အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*

# လူသားချင်းစာနာမှု အကူအညီများကို ကန့်သတ်ခြင်းများ

> **"စစ်တပ်က လူထုကို ဖိနေ ညှစ်နေတယ်ဆိုတာ ထင်ရှားပါတယ်။ အကူအညီပေးတဲ့ ကိစ္စကို နိုင်ငံရေးလို လုပ်နေတာ။"**
>
> မြန်မာနိုင်ငံအခြေစိုက် လူသားချင်းစာနာကူညီရေး အရာရှိကြီးတစ်ဦး ၁၇၅ [175]

၂၀၁၁ ခုနှစ်မှစတင်၍ဖြစ်ပွားလာသည့် တိုက်ပွဲများကြောင့် လူပေါင်း ၉၈၀၀၀ ကျော်သည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဒုက္ခသည်စခန်းများနှင့် အခြားနေရာအသီးသီးသို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီး ကချင်ပြည်နယ်တစ်ခုထဲတွင်ပင် ၈၇၀၀၀ ခန့်ရှိပါသည်။ နောက်ထပ်ထောင်သောင်းချီသော အရပ်သားများမှာလည်း ၎င်းတို့နေထိုင်ရာ အနီးတဝိုက်တွင် တိုက်ပွဲများဖြစ်လာသောအခါ ယာယီရွှေ့ပြောင်းနေထိုင်ကြရသည်။ အများစုမှာ ဘုန်းတော်ကြီးကျောင်းများနှင့် ဆွေမျိုးများရှိရာ ရွာများတွင်နေထိုင်ကြပြီး အခြေအနေအေးချမ်းသွားချိန်တွင် နေအိမ်သို့ ပြန်လာတတ်ကြသည်။ ယင်းကဲ့သို့ လူအမြောက်အများ နေရပ်စွန့်ခွာထွက်ပြေးနေရမှုများ ကာလကြာမြင့်စွာ ဖြစ်ပေါ်နေပြီး တိုက်ပွဲများ ပြန့်နှံ့လာချိန်မျိုးတွင် အရေးပေါ် အကူအညီများ လိုတတ်သော်လည်း မြန်မာအစိုးရက လူသားချင်းစာနာမှု အကူအညီများကို ကန့်သတ်ထားသဖြင့် အရပ်သားများအတွက် နေထိုင်ရသည့် အခက်အခဲများ များစွာ ဖြစ်ပေါ် စေပါသည်။ "*၂၀၁၆ ခုနှစ်နောက်ပိုင်း နှစ်ဝက်နဲ့ ဒီနှစ်ကတော့ ၂၀၁၁ ခုနှစ်ကစပြီး ကြည့်ရင် စစ်ရှောင်တွေ အတွက် အခက်အခဲဆုံး ကာလတွေပါပဲ*" ဟု ကချင်ပြည်နယ်မှ လူသားချင်းစာနာသည့် အကူအညီပေးရေး အရာရှိတစ်ဦးက ပြောပါသည်။ ၁၇၆ [176]

---

[175] ၁၇၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရန်ကုန်၊ ၁၁ မေ ၂၀၁၇။
[176] ၁၇၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၈ မတ် ၂၀၁၇။

၂၀၁၆ ခုနှစ် မေလမှစပြီး ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ လူသားချင်း စာနာကူညီရေးအဖွဲ့များသည် ရှမ်းပြည်မြောက်ပိုင်း မုံးကိုးဒေသတဝိုက်နှင့် ကချင်ပြည်နယ် အတွင်းရှိ အစိုးရမထိန်းချုပ်ထားသော ဒေသများရှိ စစ်ရှောင် ဒုက္ခသည်များအား အကူအညီပေးမှုကို ကန့်သတ်ခံထားရသည်။ ထို့ကြောင့် ကေအိုင်အို ထိမ်းချုပ်ရာ နယ်မြေများအတွင်းရှိ အရပ်သားပေါင်း ၄၀,၀၀၀ ကျော်ကို ထိခိုက်စေခဲ့သည်။[၁၇၇] [177] ခွင့်ပြုချက် မပေးချင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း အမှန်တကယ် တားဆီးနေသူမှာ မြန်မာစစ်တပ်ဖြစ်သည်ဟု လူမှုကူညီရေးအဖွဲ့များ အများစုက ယူဆထားကြောင်း ပြောပြခဲ့ကြသည်။[၁၇၈] [178]

နိုင်ငံတကာအဖွဲ့အစည်းများက ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းပို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရန်မဟုတ်ပဲ အခြေအနေကို လေ့လာရန် သွားရောက်ခွင့် တောင်းခံခြင်းကိုပင် ပုံမှန်လိုလို ငြင်းပယ်ခံရသည်။ ခွင့်ပြုမိန့်တောင်းခံရသည့် လုပ်ငန်းစဉ်မှာ အမြဲပြောင်းလဲနေပြီး မည်သို့ပင် ကြိုးစားသော်လည်း အများအားဖြင့် ရတတ်သည့်အဖြေမှာ ငြင်းပယ်ခံရခြင်း သို့မဟုတ် အကြောင်းပြန်ကြားချက် မရခြင်းတို့ပင် ဖြစ်သည်ဟု လူမှုကူညီရေး လုပ်ဆောင်နေသူများက ပြောပြသည်။[၁၇၉] [179] “*အဖွဲ့တိုင်းနဲ့ လူတိုင်းအတွက် မတူညီတဲ့ လုပ်ငန်းစဉ်တွေ ရှိနေတယ်*” ဟု အကူအညီပေးရေး လုပ်သားတစ်ဦးက ဆိုသည်။ “*ခွင့်ပြုချက်ရဖို့လည်း ခက်လာတယ်။ လုပ်ရတဲ့အဆင့်ကလည်း ပိုရှုတ်လာတယ်၊ အချိန်လည်း ပိုကြာလာတယ်။ မပေးဘူးလို့ ငြင်းတာလည်း မဟုတ်ဘူး၊ ပေးမယ်လို့ မပြောတာ။*” [၁၈၀] [180] ပြီးခဲ့သည့် လအတွင်း ၎င်း အလုပ်လုပ်နေသည့် အဖွဲ့အတွက် ခရီးသွားလာခွင့်ပြုမိန့် တောင်းခံရသည့် လုပ်ငန်းစဉ် ပြောင်းသွားပြန်ပြီး ခွင့်ပြုချက်နောင်းခံရသည့် အစိုးရဌာနအဆင့် ပိုများလာခဲ့သည်။

ထို့ကြောင့် လုပ်ငန်းတာဝန်များသည် ဒေသခံ လူသားချင်း စာနာကူညီရေးအဖွဲ့များ အပေါ် သို့ လုံးလုံးလျားလျား ကျရောက်လာခဲ့ပြီး ယင်းအဖွဲ့များမှာ အရပ်သားများကို ထိခိုက်မှုများ အနည်းဆုံးဖြစ်အောင် ကြိုးကြိုးစားစား လုပ်ဆောင်ပေးခဲ့ကြသည်။ သို့သော် ၎င်းတို့မှာလည်း အာဏာပိုင်များ၏ ဟန့်တားနှောက်ယှက်မှုများနှင့် ရင်ဆိုင်ရသည်။ ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်ရာမြစ်ကြီးနားနှင့် အစိုးရ ထိန်းချုပ်မှုမရှိသော လိုင်ဇာမြို့များမှ လူသားချင်းစာနာကူညီပေးရေး ဆောင်ရွက်နေသူများက သူတို့ မည်သူ့ထံမှ ခွင့်ပြုချက်ကို တောင်းခံရမည်ဆိုသည်ကို သေချာစွာ မသိဟု ပြောပြကြသည်။ သူတို့တွင် လိုအပ်သောခွင့်ပြုမိန့်များ အားလုံးရပြီဟု ထင်ချိန်တွင်ပင် စစ်တပ်က ကြားဝင်ဟန့်တားပြီး လူသားချင်းစာနာကူညီမှု အထောက်အပံ့များကို အစိုးရထိန်းချုပ်မှုမှ ကင်းလွတ်ရာဒေသများကို သွားခွင့်မပြုပဲ ပိတ်ပင်နိုင်ပါသည်။[၁၈၁] [181]

မြန်မာနိုင်ငံတွင်းမှ ဖြတ်၍ ကုန်ပစ္စည်းများကို အစိုးရမထိန်းချုပ်သော ဒေသများသို့ သယ်ပို့ရန် ပြဿနာများရှိသဖြင့် ဒေသခံအဖွဲ့များက ဆေးနှင့်အစားအသောက်များကို တရုတ်ပြည်ဘက်မှ ဖြတ်၍ သယ်ယူကြသည်။ ဤနည်းဖြင့် စားနပ်ရိက္ခာလုံးဝ ပြတ်တောက်မသွားသော်လည်း အခက်အခဲများ ရှိပါသည်။ ပထမအချက်မှာ များသောအားဖြင့် တရုတ်အာဏာပိုင်များက ယင်းသို့ သယ်ပို့ခြင်းကို ခွင့်ပြုထားသော်လည်း ရဲနှင့် နယ်ခြားစောင့်တပ်ဖွဲ့များက အထူးသဖြင့်ဆေးဝါးများကို နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခွင့် မပြုပဲ တားမြစ်တတ်သည်ဟု လူမှု ကူညီရေးအဖွဲ့များက ပြောပြကြသည်။ ဒုတိယအချက်မှာ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတွင်းမှ တရုတ်ပြည်၊ ယင်းမှ မြန်မာနိုင်ငံတွင်းရှိ အစိုးရထိန်းချုပ်မှုအောက်မှ လွတ်နေသော ဒေသများသို့ ခရီးရှည် သယ်ဆောင်ရသဖြင့် ကုန်ကျစရိတ်များ ပိုများပါသည်။ ယင်းကို ရှောင်နိုင်ရန် ကူညီရေးအဖွဲ့များက ပစ္စည်းများကို တရုတ်ပြည်တွင် ဝယ်ယူလာကြသည်။[၁၈၂] [182] တတိယအချက်မှာ ဆေးဝါးပုလင်းများပေါ် တွင် ရေးထားသော တရုတ်စာများကို ဖတ်ရန်အခက်အခဲ ရှိကြောင်း စစ်ရှောင်စခန်းများမှ ကျန်းမာရေးဝန်ထမ်းများက ပြောပြကြသည်။ သို့ရာတွင် တိုက်ကျွေးရမည့် ပမာဏကို တဖြေးဖြေးချင်း မှတ်မိသွားကြသည်ဟု ဆိုပါသည်။[၁၈၃] [183]

စစ်ရှောင်စခန်းများသို့ သွားရောက်ခွင့် တားမြစ်ခံရခြင်းကြောင့် နေထိုင်စရာ၊ သောက်သုံးရေ နှင့် အကာအကွယ်ပေးရေး ကိစ္စရပ်များအပေါ် အများဆုံး ထိခိုက်သည်ဟု ကူညီရေး ဝန်ထမ်းများက ပြောသည်။ “*နေစရာ၊ သောက်ရေနှင့် သန့်ရှင်းရေးကိစ္စတွေက တော်တော် မကောင်းဘူး*” ဟု ရန်ကုန်မှ အရာရှိတစ်ဦးကပြောသည်။ “*ထောက်ပံ့ရေး ပစ္စည်းတွေ ရောက်နိုင်ရင်တော့ အခြေအနေတွေက ပိုကောင်းမှာပေ့ါ။*” [၁၈၄] [184] ဖိုင်းအောင်စခန်းနားမှာ တိုက်ပွဲဖြစ်ပြီး မော်တာများကျရောက်လာခြင်းကြောင့် (စာမျက်နှာ ၂၈ တွင်ကြည့်) စခန်းတွင်းမှ လူထောင်ပေါင်းများစွာ ထွက်ပြေးရပြီး နောက် အမြင့် မီတာ ၂၀၀၀ ကျော်တွင်ရှိသည် ရှအစ်ယန်ဆိုသည့် စခန်းအသစ်တစ်ခု ဖွင့်ရချိန်တွင် အခြေအနေဆိုးကို ပိုခံစားခဲ့ကြရသည်။ စခန်းသစ်ဖွင့်ပြီး နှစ်လအကြာ ၂၀၁၇ ခုနှစ် မေလတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့မှ

---

177 ၁၇၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူးများ၊ လိုင်ဇာ၊ရန်ကုန် နှင့် မြစ်ကြီးနား၊ မတ် နှင့် မေ ၂၀၁၇။

178 ၁၇၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူးများ၊ လိုင်ဇာ၊ လားရှိုး နှင့် ရန်ကုန်၊ မတ် နှင့် မေ ၂၀၁၇။

179 ၁၇၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူးများ၊ လိုင်ဇာ နှင့် ရန်ကုန်၊ မတ် နှင့် မေ ၂၀၁၇။ နှင့် စကိုက်မှ အင်တာဗျူးများ၊ ၁၈-၁၉ မေ ၂၀၁၇။

180 ၁၈၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူး၊ ရန်ကုန်၊ ၁၁ မေ ၂၀၁၇။

181 ၁၈၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူး၊ လိုင်ဇာ နှင့် မြစ်ကြီးနား၊ မတ် ၂၀၁၇။

182 ၁၈၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူးများ၊ လိုင်ဇာ နှင့် မြစ်ကြီးနား၊ မတ် ၂၀၁၇။

183 ၁၈၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူးများ၊ အစိုးရ ထိန်းချုပ်မှု မရှိသော ဒေသများရှိ စစ်ဘေးရှောင် ဒုက္ခသည်စခန်းများ၊ မတ် ၂၀၁၇။

184 ၁၈၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့. အင်တာဗျူး၊ ရန်ကုန်၊ ၁၁ မေ ၂၀၁၇။

အဖွဲ့ဝင်များ ရောက်သွားသည့်အခါ လူအများမှာ မိုးရေကာဖျင်များနှင့် လုပ်ထားသည့် တဲများတွင် နေနေကြပြီး ညဖက်တွင် ရေခဲမတတ်အေးသည့် ရာသီဥတုဒဏ်ကို ခံနေကြရသည်။ အသက် ၅၆ နှစ်အရွယ် အမျိုးသမီး ဒါရှိခွမ်နက -

> *"ပလပ်စတစ် မိုးရေကာဖျင်စက လေကြမ်းရင် လန်လန်သွားပြီး ကျွန်မတို့ သိပ်ချမ်းတယ်။ လေမတိုက်ရင်တောင် နှင်းကကျတယ်။ ရေတွေစိုပြီး အရမ်းအေးတာပဲ။ ပလစ်စတစ်အမိုးကလည်း မလုံဘူး၊ စောင်လည်း လုံလုံလောက်လောက် မရှိတော့ ညတိုင်း ဒုက္ခရောက်ရတယ်။"* ၁၈၅ [185]

*"ဒီမှာ သိပ်အေးတယ်၊ ဖျားကြနာကြတာတွေလည်း အများကြီးပဲ"* ဟု အသက် ၄၂ နှစ်အရွယ် လဘန်ဂျာဆန်က ပြောသည်။ သူက တဲအတွင်း ဖိုထားရသော မီးကို ပြပြီး ယင်းမီးမှ ထွက်သော မီးခိုးများကို တစ်နေကုန် ရှုရှိုက်နေရသည်ဟု ပြောပြသည်။ *"မအိပ်ခင် မီးကို ဖိုထားရတယ်။ နောက်မှ သူ့ဟာသူ ငြိမ်းသွားတယ်။"* ၁၈၆ [186]

အကူအညီပေးရန် သွားရောက်ခွင့်ကို တားမြစ်ထားခြင်းသည် စစ်ရှောင် ဒုက္ခသည်များလိုအပ်သော နေစရာ၊ သောက်သုံးရေနှင့် သန့်ရှင်းရေးတို့အတွက် အလျင်အမြန် ဆောင်ရွက်ပေးနိုင်ရေးတွင် အခက်အခဲလေးခု ဖြစ်ပေါ်စေသည်ဟု ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေသူများက ပြောပြကြသည်။ ပထမအချက်မှာ တားမြစ်ထားမှုကြောင့် သစ်နှင့် ဝါးကဲ့သို့သော ပစ္စည်းများကို အစိုးရထိန်းချုပ်ရာ မဟုတ်သည့်ဒေသများသို့ သယ်ယူရန်အခက်အခဲ ရှိသည်။ ဒုတိယအချက်မှာ နိုင်ငံတကာအဖွဲ့အစည်းများကို တားမြစ်ထားသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများမှာ ဒေသခံအဖွဲ့ အနည်းငယ်အပေါ် သို့ ကျရောက်သွားပြီး များပြားလှသော လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ပဲ ဖြစ်ရသည်။ တတိယအချက်မှာ နိုင်ငံတကာ အဖွဲ့အစည်းများက ဒေသခံအဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ပြီး ရေပိုက်များသွယ်ခြင်း၊ အိမ်သာဆောက်ခြင်းစသည့် လုပ်ငန်းများ လုပ်ဆောင်ရန် ကူညီညွှန်ကြားပေးနိုင်သော်လည်း ယင်းလုပ်ငန်းများ အရည်အသွေးပြည့်မီခြင်း ရှိအောင် စစ်ဆေးကြပ်မတ်ပေးနိုင်ခြင်း မရှိတော့ပါ။ ၁၈၇ [187] နေရာသို့ မသွားရောက်နိုင်ခြင်းကလည်း အကာအကွယ်ပေးနိုင်ရန် စောင့်ကြည့်ခြင်းကို ထိခိုက်စေပါသည်။ *"အခြေအနေကို အကဲဖြတ်နိုင်ဖို့ အခက်အခဲရှိပါတယ်။ နေရာမှာရှိနေပြီး အကာအကွယ်ပေးနိုင်ဖို့က အရေးကြီးပါတယ်"* ဟု နိုင်ငံတကာကူညီရေး ဝန်ထမ်းတစ်ဦးက ပြောသည်။ *"အဲဒီလိုနေဖို့က တရားဝင်ခွင့်ပြုချက် ရရပါမယ်။"* ၁၈၈ [188]



↑ *တိုက်ပွဲများမှ ထွက်ပြေးလာရသော လူ ၂၀၀၀ ကျော်နေထိုင်နေသည့် ရှအစ်ယန် စစ်ရှောင်ဒုက္ခသည်စခန်း © အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*

185 ၁၈၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှအစ်ယန် စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၈ မတ် ၂၀၁၇။
186 ၁၈၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရှအစ်ယန် စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၈ မတ် ၂၀၁၇။
187 ၁၈၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ ရန်ကုန် နှင့် မြစ်ကြီးနား၊ မတ် နှင့် မေ ၂၀၁၇။ နှင့် စကိုက်မှ အင်တာဗျူးများ၊ ၁၈-၁၉ မေ ၂၀၁၇။
188 ၁၈၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နေရာ နှင့် နေ့စွဲ မဖော်ပြလိုပါ။

စတုတ္ထနှင့် နောက်ဆုံးအချက်မှာ ကန့်သတ်ချက်များကြောင့် အကူအညီပေးရေးအစီအစဉ်များ အတည်ပြုရသည့်လုပ်ငန်းစဉ် နှေးကွေးသွားရခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် နိုင်ငံတကာအဖွဲ့အစည်းများက သွားရောက်ခွင့်ရခဲ့ပါလျှင် အခြေအနေများကို ၎င်းတို့ကိုယ်တိုင်သုံးသပ်၍ အကူအညီကို ကိုယ်တိုင်ပေးအပ်ခြင်းဖြစ်စေ၊ သို့မဟုတ် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများကို ငွေထောက်ပံ့၍ လုပ်စေခြင်းမျိုး ဖြစ်စေ ပြုလုပ်လေ့ရှိသည်။ ယခုလို ကိုယ်တိုင်သွားရောက်ခြင်း မပြုနိုင်သည့်အခါ နိုင်ငံတကာအဖွဲ့အစည်းများက ဒေသခံ လူသားချင်းစာနာကူညီမှု ပေးနေသည့်အဖွဲ့များကို ကနဦး အခြေအနေဆန်းစစ်မှုလုပ်စေပြီးမှ ငွေကြေးထောက်ပံ့မည့် အလှူရှင်ဆီ ပြန်သွားရသည့် အနေအထားရောက်စေပါသည်။ "*အဆင့်ဆင့်ဆက်သွယ်မှုတွေ လုပ်နေရတဲ့အတွက် တုံ့ပြန်နိုင်မှုက နှေးသွားတယ်၊ အထူးသဖြင့် အရေးပေါ် အခြေအနေမျိုးမှာ အများကြီး သက်ရောက်မှု ရှိသွားပါတယ်*" ဟု လိုင်ဇာရှိ ဒေသခံ လူမှုကူညီရေး လုပ်သားတစ်ဦးက ပြောပြသည်။၁၈၉ [189] အဆင့်များပိုများလာခြင်းသည် စစ်ရှောင်ဒုက္ခသည်များ လိုအပ်နေသော အကူအညီများ မည်မျှမြန်မြန် ရနိုင်မည်ဆိုသည့်အပေါ် သက်ရောက်မှု ရှိကြောင်း လူမှုကူညီရေးအရာရှိ အများအပြားက ပြောပြကြသည်။ ထို့အပြင် အစိုးရ ထိန်းချုပ်မထားသော ဒေသများတွင် စစ်ရှောင်နေရသော ဒုက္ခသည်များ မည်သည့်အကူအညီများ လိုနေသည် သို့မဟုတ် ရနေသည်ကို ကိုယ်တိုင် သွားရောက် မကြည့်ရှုနိုင်ခြင်းအပေါ် စိတ်ပျက်မိကြောင်းလည်း ၎င်းတို့က ပြောကြပါသည်။၁၉၀ [190]

မြန်မာနိုင်ငံ မြောက်ပိုင်းတွင် စစ်ရှောင်နေရသော အရပ်သားအများအပြားက ၂၀၁၆ ခုနှစ် နှစ်လယ်မှ စ၍ စားနပ်ရိက္ခာထောက်ပံ့မှုများ လျော့နည်းလာကြောင်း ပြောပြကြသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်းအပေါ် ကန့်သတ်မှုများ ရှိနေခြင်းက အကြောင်းရင်းတစ်ခု ဖြစ်သော်လည်း အခြားအချက်များလည်း ရှိနေသည်ဟု လူမှုကယ်ဆယ်ကူညီရေး အရာရှိများက ပြောပြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကဲ့သို့သော အဓိက အလှူရှင်နှင့် အကူအညီပေးနေသည့် အဖွဲ့အစည်းများက တချို့နေရာများတွင် တိုက်ရိုက်စားနပ်ရိက္ခာ အကူအညီ ပေးခြင်းမျိုး မလုပ်တော့ပဲ ငွေသားလွှဲပေးခြင်းများ ပြုလုပ်လာခြင်းကြောင့်လည်း ဖြစ်သည်။၁၉၁ [191] ဆေးဝါးအတွက်မူ အစိုးရထိန်းချုပ်မှုအောက်တွင် မရှိသောဒေသများမှ စစ်ရှောင်စခန်းများ၏ အပြင်ဖက်တွင် နေထိုင်ကြသော အရပ်သားများအတွက် ပြဿနာပိုကြီးမားသည်ဟုလည်း ပြောကြသည်။ "*ဆေးဆိုင်တွေဆီက သိရတာက ဆေးတွေကို ကေအိုင်အိုထိန်းချုပ်ရာ ဒေသတွေဆီ ယူသွားဖို့အတွက်ဆို ငွေပိုပေးရတယ်*" ဟု အရာရှိတစ်ယောက်ကပြောသည်။၁၉၂ [192] တက္ကစီတစ်စီးက မြစ်ကြီးနားကထွက်လာ၊ နောက်တစ်စီးက လိုင်ဇာကထွက်လာပြီး လမ်းတွင် ဆုံကြကာ ပစ္စည်းများ လွှဲပြောင်းပေးကြသည်။ ယခင်က ၁၀၀၀၀ ကျပ် (၇.၂၅ ဒေါ်လာ) ကျသင့်ခဲ့သောခရီးကို ယခုအခါ ကျပ်သုံးသောင်းခွဲ (၂၅.၄၁ ဒေါ်လာ) ပေးနေရသည်ဟု သူက ပြောပြပါသည်။၁၉၃ [193]

စားနပ်ရိက္ခာ၊ ဆေးဝါး၊ နေထိုင်စရာနေရာနှင့် သန့်ရှင်းရေးကိစ္စများအတွက် တိုက်ရိုက်ထိခိုက်မှုများအပြင် အချို့သော စစ်ရှောင်ဒုက္ခသည်များသည် အခြေအနေအရ ဆိုးဝါးသည့် လုပ်ငန်းများကို လုပ်ကိုင်ရသည့် အနေအထားသို့ ရောက်သွားစေသည်ဟု လူသားချင်းစာနာမှု အကူအညီပေးရေးအရာရှိ အများအပြားနှင့် အမျိုးသမီး ရပ်ရွာခေါင်းဆောင်များက ပြောကြသည်။ အကူအညီများမရနိုင်ခြင်းနှင့် စားနပ်ရိက္ခာလျော့နည်းလာခြင်းတို့သည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် အထမ်းသမားအဖြစ် ဝင်လုပ်ပေးခြင်းနှင့် အစိုးရ မထိန်းချုပ်သော ဒေသများမှ အမျိုးသမီးများ တရုတ်ပြည်ဖက်သို့ လိင်လုပ်သားအဖြစ် လှည့်ဖျားပို့ဆောင်ခံရခြင်းတို့ နှင့် ဆက်စပ်နေသည်ဟုလည်း သူတို့က ပြောကြသည်။၁၉၄ [194]

အစိုးရနှင့် စစ်တပ်က ၎င်းတို့ ပိတ်ပင်တားမြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းပြရာတွင် အစားအသောက်နှင့် ဆောက်လုပ်ရေးပစ္စည်းများကို ကေအိုင်အေနှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ လက်သို့ ရောက်သွားသည်ဟု သက်သေမပြနိုင်ပဲ ပြောကြသည်ဟု ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်နေသူ အနည်းဆုံး ဆယ်ဦးတို့က ဆိုသည်။၁၉၅ [195] ဤကဲ့သို့ လွှဲပြောင်း ပေးအပ်ခြင်း မဖြစ်အောင် ပြုလုပ်နိုင်သည့် လုပ်ငန်းစဉ်များ ရှိထားပါသည်ဟု လူမှုကယ်ဆယ်ကူညီရေး ဝန်ထမ်းများက ပြောကြသည်။၁၉၆ [196] ထို့အပြင် မြန်မာအာဏာပိုင်များသည် စစ်ရေးအတွက် လုံးဝအသုံးမချနိုင်သည့် ပစ္စည်းများကိုပင် တားဖြစ်ခဲ့သည်မျိုးလည်း ရှိခဲ့သည်။ ဥပမာ ၂၀၁၇ ဖေဖေါ်ဝါရီလတွင် ကေအိုင်အိုထိန်းချုပ်သော ဒေသများရှိ စစ်ရှောင်စခန်းများတွင် ရှိသော အမျိုးသမီးများအတွက် ပေးပို့သော အမျိုးသမီးသန့်စင်ရေးပစ္စည်းများ၊ သွားတိုက်ဆေးနှင့် သွားပွတ်တံများ၊ ဆပ်ပြာနှင့် အောက်ခံအဝတ်အထည်များ ပါဝင်သည့် ကုလသမဂ္ဂ တံဆပ်နိပ်ထားသည့် အထုပ်များကို မြန်မာစစ်တပ်က ပေးပို့ခွင့် မပြုပဲ ပြန်ပို့ခိုင်းခဲ့သည်။၁၉၇ [197]

---

189 ၁၈၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၇ မတ် ၂၀၁၇။

190 ၁၉၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ ရန်ကုန်၊ ၁၁ မေ ၂၀၁၇။ နှင့် စကိုက်မှ အင်တာဗျူးများ၊ ၁၈-၁၉ မေ ၂၀၁၇။

191 ၁၉၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ နှင့် ရန်ကုန်၊ မတ် နှင့် မေ ၂၀၁၇။

192 ၁၉၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၇ မတ် ၂၀၁၇။

193 ၁၉၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၇ မတ် ၂၀၁၇။

194 ၁၉၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ နှင့် အနီးတဝိုက်ရှိ စစ်ဘေးရှောင် ဒုက္ခသည်စခန်းများ၊ မတ် ၂၀၁၇။ နှင့် စကိုက် အင်တာဗျူး၊ ၁၉ မေ ၂၀၁၇။

195 ၁၉၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ ရန်ကုန် နှင့် မြစ်ကြီးနား၊ မတ် နှင့် မေ ၂၀၁၇။

196 ၁၉၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ရန်ကုန် နှင့် မြစ်ကြီးနား၊ မတ် နှင့် မေ ၂၀၁၇။

197 ၁၉၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လူ့သားချင်းဆိုင်ရာ အရာရှိများနှင့် အင်တာဗျူးများ၊ နမ့်တူ၊ နေရာ နှင့် ရက်စွဲ မဖေါ်ပြလိုပါ။

လူသားချင်း စာနာကူညီမှုများပေးအပ်နိုင်သည့် အခြေအနေမှာ ယခင်သမ္မတ ဦးသိန်းစိန် လက်ထက်က ယခု ဒေါ် အောင်ဆန်းစုကြည်အစိုးရ လက်ထက်ထက် ပို၍ ကောင်းမွန်ခဲ့သည်ဟု ကူညီကယ်ဆယ်ရေးအရာရှိကြီး တစ်ဦးက ဆိုသည်။ စစ်တပ်က လူထုကို ဖိနေညှစ်နေတာကတော့ ရှင်းပါတယ် ဟု ၎င်းက ပြောသည်။ အကူအညီပေးတဲ့ ကိစ္စကို နိုင်ငံရေးလုပ်လိုက်တာပါပဲ။၁၉၈ [198] စစ်တပ်သည် အစိုးရထိန်းချုပ်မှု မရှိသည့် ဒေသများမှ စစ်ရှောင်ဒုက္ခသည်များ၏ အခြေအနေကို အလွန်ဆိုးဝါးအောင် ပြုလုပ်ထားလိုက်ခြင်းဖြင့် ဒုက္ခသည်များ အစိုးရထိန်းချုပ်သည့် ဒေသများသို့ ပြောင်းလာကြပြီး တိုင်းရင်းသားလက်နက်ကိုင်တပ်များ အရပ်သားလူထု၏ ထောက်ခံမှုမရတော့ရန် ကြိုးစားနေခြင်း ဖြစ်သည်ဟု ယုံကြည်ကြောင်း လူသားချင်းစာနာကူညီပေးရေး အရာရှိများက ပြောပြကြသည်။၁၉၉ [199]

ရှမ်းပြည်နယ်မြောက်ပိုင်းတွင်မူ စစ်ရှောင်ဒုက္ခသည်များ အားလုံးနီးပါးက အစိုးရထိန်းချုပ်မှုအောက်မှ ဒေသများတွင် ရှိကြသဖြင့် ၎င်းတို့ထံ အကူအညီများပေးပို့သည့် ကိစ္စမှာ အခြေအနေသိပ်မဆိုးလှပါ။ သို့ရာတွင် ဤနေရာတွင်လည်း နိုင်ငံတကာ ကူညီရေးအဖွဲ့များမှ ဝန်ထမ်းများ၏ လားရှိုးမြို့ အပြင်ဖက်သို့ ခရီးသွားလာခွင့် ခွင့်ပြုမိန့် လျှောက်ထားမှုကို တစ်နှစ်ကျော်ကြာအောင် ခွင့်မပြုခြင်း သို့မဟုတ် အကြောင်းမပြန်ခြင်းများ ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်နှောင်းပိုင်းက အဓိတိုက်ပွဲများဖြစ်ခဲ့သော ပန်ဆန်းနှင့် မုံးကိုအကြားရှိ ဒေသကိုမူ ဒေသခံ လူသားချင်းစာနာကူညီပေးရေး အဖွဲ့များမှ ဝန်ထမ်းများကိုပင် သွားရောက်ခွင့် ယခုအထိမရနိုင်သေးပါ။၂၀၀ [200] ထို့ကြောင့် အကူအညီလိုအပ်လျှင် တရုတ်ဘက်မှ ပတ်၍ သယ်ပို့နေရခြင်းမျိုး ရှိနေပါသည်။၂၀၁ [201]

မြန်မာအာဏာပိုင်များက ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာ လူသားချင်စာနာကူညီရေးအဖွဲ့များနှင့် ရံဖန်ရံခါ ဒေသခံပြည်တွင်းအဖွဲ့များကို ဒုက္ခသည်များအား အကူအညီသွားရောက်ပေးပို့ခြင်းကို ကန့်သတ်တားမြစ်နေသည်မှာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ ထုံးစံများကို ဖောက်ဖျက်ရာရောက်ပြီး စစ်ဘေးမှ ပြေးရှောင်လာခဲ့ရပြီး ဒုက္ခရောက် နေသည့် အရပ်သားများအပေါ် ထပ်ဆင့် ဆိုးကျိုးများ ဖြစ်ပေါ် စေပါသည်။၂၀၂ [202] လူများအား စားနပ်ရိက္ခာနှင့် နေထိုင်စရာ ရရှိရန်ခက်ခဲစေမှု၊ ပြုပြင်နိုင်သည့် အခြေအနေများ ပြုပြင်ပေးနိုင်ခြင်းမရှိအောင် ပြုလုပ်သည့်အတွက် လူအများကို နာမကျန်း ဖြစ်စေမှုများသည် မြန်မာအစိုးရက ပါဝင်လက်မှတ်ရေးထိုးထားသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ပါ တာဝန်ဝတ္တရားများကို ဆန့်ကျင်ဖက်ပြုရာလည်း ရောက်ပါသည်။၂၀၃ [203] နောက်ဆုံးတွင် စစ်ရှောင်ဒုက္ခသည်များတွင် အမျိုးသမီးများနှင့် ကလေးငယ်များ အများအပြား ပါဝင်နေပြီး ၎င်းတို့မှာ ကယ်ဆယ်ရေးအကူအညီမရနိုင်သည့် အခါ ပိုမိုဆိုးဝါးစွာ ထိခိုက်ခံရနိုင်သည့်အတွက် အစိုးရ၏ အပြုအမူမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကို မရစေနိုင်အောင် ဖြစ်စေပြီး မြန်မာအစိုးရသည် ၎င်း ပါဝင်လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပုံစံအားလုံးအား ပပျောက်စေရေး သဘောတူညီချက်နှင့် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူညီချက်များပါ တာဝန်ဝတ္တရားများကို ချိုးဖောက်ရာရောက်ပါသည်။၂၀၄ [204]

---

198 ၁၉၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရန်ကုန်၊ ၁၁ မေ ၂၀၁၇။

199 ၁၉၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ မတ် ၂၀၁၇ နှင့် ရန်ကုန်၊ မေ ၂၀၁၇။

200 ၂၀၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။ နှင့် စကိုက်မှ အင်တာဗျူး၊ ၁၈ မေ ၂၀၁၇။

201 ၂၀၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ မိုင်ဂျာယန်၊ မတ် ၂၀၁၇။ နှင့် လားရှိုး၊ မေ ၂၀၁၇။

202 ၂၀၂ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၊ နိုင်ငံတကာ လူ့အခွင့်အရေး ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၅၅။ လူသားချင်းစာနာမှု အထောက်အပံ့များ လိုအပ်သောသူများဆီ ရောက်ရှိနိုင်ရေး၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ပြဌာန်းချက် ၁၂၆၅၊ ၁၇ စက်တင်ဘာ ၁၉၉၉၊ အပိုဒ် ၇ ကိုလည်းရှု။

203 ၂၀၃ ICESCR ပုဒ်မ ၁၁၊၁၃။ မြန်မာနိုင်ငံက ICESCR ကို အတည်ပြုလိုက်နာကျင့်သုံးခြင်း မပြုသေးပါ။

204 ၂၀၄ အမျိုးသမီးများအား ခွဲခြားမှု ပုံစံအားလုံးအား ဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီချက်၊ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၄/၁၈၀၊ ကုလသမဂ္ဂ မှတ်တမ်း အေ/၃၄/၄၆ သည် ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် စတင်အသက်ဝင်သည်။ (မြန်မာနိုင်ငံက ၁၉၉၇ ဇူလိုင် ၂၂ ရက်နေ့တွင် အတည်ပြုသည်)။ ပုဒ်မ ၁၂ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူညီချက်၊ ကုလသမဂ္ဂ မှတ်တမ်း အေ/၄၄/၄၉ (၁၉၈၉) မှာ ၁၉၉၀ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် စတင်အသက်ဝင်သည်။ (မြန်မာနိုင်ငံက ၁၉၉၁ ဇူလိုင် ၁၅ ရက်နေ့တွင် အတည်ပြုသည်)။

# ၃။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ ကျူးလွန်မှုများ

> **"ကျွန်တော်တို့ သားတွေ၊ ကျွန်တော်တို့ အမျိုးသမီးတွေရဲ့ ယောကျ်ားတွေ ဘာဖြစ်သွားသလဲဆိုတာ သိချင်တယ်၊ သူတို့ သေပြီလား အသက်ရှင်နေတုန်းပဲလားဆိုတာ သိချင်ပါတယ်။"**
>
> ၂၀၁၆ ခုနှစ်ဇွန်လအတွင်းက တီအင်အယ်အေက ပြန်ပေးဆွဲခေါ် ဆောင်သွားခြင်းခံရသူ ခုနစ်ဦးထဲမှ ကားမောင်းသူတစ်ဦး၏ အသက် ၆၅ နှစ်အရွယ်ဖခင်၏ ပြောကြားချက်[၂၀၅ 205]

> **"အာစီအက်စ်အက်စ်၊ အက်စ်အက်စ်ပီပီ၊ တီအင်အယ်အေ နှင့် ကေအိုင်အေ အားလုံးက အခွန်လာကောက်ကြတာပါပဲ။"**
>
> ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့က ဘာသာရေး ခေါင်းဆောင်တစ်ဦး[၂၀၆ 206]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာချက် မှတ်တမ်း အထောက်အထားများအရ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို အများဆုံးချိုးဖောက်သူမှာ မြန်မာစစ်တပ်ဖြစ်ကြောင်း တွေ့ရသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ ကလည်း အရပ်သားများအပေါ် ဆိုးဆိုးဝါးဝါး ကျူးလွန်မှုများ ရှိခဲ့သည်။ တပ်မတော်၏ ချိုးဖောက်မှုများထက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်ရန်မှာ ပိုမိုခက်ခဲသည်။ အရပ်သားများက တိုင်းရင်းသား လက်နက်ကိုင်တပ်များ သို့မဟုတ် မဟာမိတ်တပ်များကို ၎င်းတို့အား မြန်မာစစ်တပ်ရန်မှ အကာအကွယ်ပေးနေသူများဟု မှတ်ယူတတ်ကြသလို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မိမိတို့ လူမျိုး၏ အခွင့်အရေးများကို အသိအမှတ်ပြုခံရရန် ဦးဆောင်နေသူများအဖြစ် မှတ်ယူတတ်ကြသောကြောင့် ဖြစ်သည်။ ယင်း အခြေအနေမှာ ကချင်ပြည်နယ်တွင် ပို၍တွေ့ရသည်။ အရပ်သားအများအပြားက ကေအိုင်အေကို မိမိတို့ဖက်သားဟု မှတ်ယူတတ်ကြသလို အခြားသဘောထားများ မထုတ်ပြောရဲပဲ စိုးရိမ်ကြောက်ရွံ့နေကြသည်။

ရှမ်းပြည်မြောက်ပိုင်းတွင် ၂၀၁၅ နိုဝင်ဘာလမှ စ၍ တီအင်အယ်အေနှင့် အာစီအက်စ်အက်စ်တို့တိုက်ပွဲများ ဖြစ်လာခဲ့ပြီး ပြီးခဲ့သည့် ၁၈ လအတွင်း ယင်းနှစ်ဖွဲ့စလုံးက လူအများအပြားကို ပြန်ပေးဆွဲဖမ်းဆီးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ

205 ၂၀၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။
206 ၂၀၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အထောက်အထားများ ရရှိခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ မြောက်ပိုင်း တစ်ခုလုံးတွင် ကလေးသူငယ်များနှင့် အရပ်သားများကို အဓမ္မတပ်ထဲ သွင်းခြင်း၊ အဓမ္မအခွန်ကောက်ယူခြင်းတို့ ရှိခဲ့ကြောင်း အထောက်အထားများ ရရှိခဲ့သည်။ အချို့အရပ်သားများက ယင်းဖြစ်ရပ်များကို စစ်မှုထမ်းခြင်း၊ မိမိတို့၏ တာဝန်ကို ထမ်းဆောင်ခြင်း စသည့်စကားလုံးများဖြင့် ဖော်ပြပြောဆိုပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖွဲ့ကို ထောက်ခံကြောင်းပြောပြတတ်သည်။ သို့ရာတွင် ယင်းတို့ ပြောစကားထဲမှပင် တပ်ထဲဝင်ခြင်း၊ ဆန်အိတ်များ ထောက်ပံ့ခြင်းများမှာ ၎င်းတို့၏ သဘောဆန္ဒအတိုင်း ပြုလုပ်ခြင်းမဟုတ်ပဲ တခါတရံ ခြိမ်းခြောက်အကြပ်ကိုင်ခြင်းကြောင့် ပြုလုပ်ရကြောင်း ပေါ်လွင်ပါသည်။

# ပြန်ပေးဆွဲခြင်းများနှင့် သတ်ဖြတ်ခြင်းများ

အာစီအက်စ်အက်စ်အဖွဲ့က အစိုးရနှင့် အပစ်ရပ်လက်မှတ်ရေးထိုးပြီး မကြာခင်မှာပင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်၍ အာစီအက်စ်အက်စ်နှင့် တီအင်အယ်အေတို့အကြား တိုက်ပွဲများ ရှမ်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့် ၁၈ လအတွင်း တိုက်ပွဲများ ကြိုကြားကြိုကြားဖြစ်ပွားခဲ့ပြီး တစ်ဖက်ဖက်ကို ထောက်ခံသည်ဟု ယူဆခံရသော အရပ်သားများ ပြန်ပေးဆွဲခံရခြင်း သတ်ဖြတ်ခံရခြင်းများ ရှိခဲ့သည်။ အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အလားတူ ရာဇဝတ်မှုမျိုး ကျူးလွန်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းအထောက်အထားများမရ ခဲ့သော်လည်း ကျူးလွန်မှုများ ရှိခဲ့ကြောင်း လူ့အခွင့်အရေးကာကွယ်သူများနှင့် ဒေသခံခေါင်းဆောင်များက ယုံကြည်ရလောက်သည့် သတင်းများ ပေးခဲ့ပါသည်။[၂၀၇ 207]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရှမ်းပြည်မြောက်ပိုင်းတွင် တီအင်အယ်အေအဖွဲ့က ပြုလုပ်ခဲ့သည်ဟု ယူဆနိုင်သော လူများကို ပြန်ပေးဆွဲမှု ၂၈ မှုကို သိရှိခဲ့ရသည်။ အများစုမှာ ရှမ်းအရပ်သားများကို ပြုလုပ်ခြင်း ဖြစ်သည်။ ပြန်ပေးဆွဲခံရသူအများစုမှာ လူငယ်များဖြစ်ပြီး အချို့နေရာများတွင် အသက်ကြီးရင့်သူများနှင့် အမျိုးသမီးများပါ ပါဝင်သည်။ ကားနှင့်ခရီးသွားလာနေစဉ် ကားပေါ်မှဆွဲချ၍ ဖမ်းဆီးသွားခြင်းမျိုးဖြစ်ပြီး တစ်ကြိမ်လျှင် ငါးဦးမှ ရှစ်ဦးအထိ အဖမ်းခံရသည်။ အချို့ကို နေအိမ်များမှ လာရောက်ခေါ် ဆောင်သွားကြပြီး နောက်ထပ် ပြန်မတွေ့ကြရတော့ပေ။ တီအင်အယ်အေနှင့် ပတ်သက်သော ကိစ္စများမှာ ၂၀၁၅ နိုဝင်ဘာမှ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းအတွင်း ဖြစ်ပျက်ခဲ့သည်။ သို့သော် မကြာခင်အချိန်ကအထိ ယင်းကဲ့သို့ အဖြစ်မျိုးရှိနေဆဲ ဖြစ်ကြောင်း ယုံကြည်လောက်သည့် သတင်းများ ရခဲ့သည်။[၂၀၈ 208] ၂၀၁၇ မတ်လက နမ္မတူမြို့နယ်အတွင်းတွင် လူပေါင်း ၉၀ ခန့် ဖမ်းဆီးခံခဲ့ရသည်။ အများစုကို မကြာခင် ပြန်လွှတ်ခဲ့သည်လည်း တစ်ဦးကို အကျဉ်းရုံးစီရင် သတ်ဖြတ်ခဲ့ပြီး နှစ်ဦးကို လပေါင်းများစွာ ဖမ်းဆီးထားခဲ့ပြီးမှ ၂၀၁၇ မေလ ၁၀ ရက်နေ့က ပြန်လွှတ်ပေးခဲ့သည်။ [၂၀၉ 209]

၂၀၁၆ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် အသက် ၃၀ အရွယ် ယာဉ်မောင်း စိုင်းယီဆိုင်မောင်း မောင်းနှင်သည့် အငှားယာဉ်ကို အမျိုးသားခရီးသည် ခြောက်ဦးက ငှားရမ်း၍ နမ့်ခမ်းမြို့မှ လားရှိုးသို့သွားခဲ့သည်။ ယာဉ်မောင်း၏ ဖခင်က သူ့သားသည် နံနက် ၁၀ နာရီခန့်တွင် ခရီးအဆုံးရောက်ကြောင်း တယ်လီဖုန်းဆက် ပြောပြလေ့ရှိသည်ဟုဆိုသည်။ မွန်းတည့်ချိန်အထိ ဖုန်းဆက်မလာသဖြင့် ဖခင်က သားထံ ဆက်သွယ်ကြည့်ရာ ဖုန်းပိတ်ထားသည်ကို တွေ့ရသည်။ သားကို သိကျွမ်းသည့် အခြား အငှားယာဉ်မောင်းများထံ ဆက်သွယ်ကြည့်သည့်အခါ ၎င်းတို့က စိုင်းယီဆိုင်မောင်း၏ ကား လားရှိုးသို့ ရောက်မလာခဲ့ဟု ပြောကြသည်။[၂၁၀ 210] ကားပေါ်တွင် ပါသွားသော ခရီးသည်တစ်ဦးဖြစ်သည့် အိုက်အောင်၏ မိခင်ဖြစ်သူ အသက် ၅၇ နှစ်အရွယ် ကန်ခန်ထောင်းက နှစ်ရက်အကြာတွင် သား၏ ဖုန်းကိုခေါ်ကြည့်သည့်အခါ လူတစ်ဦးက ကိုင်ပြီး ပလောင်ဘာသာနှင့် ဖြေကြားခဲ့သည်ဟုပြောပြသည်။[၂၁၁ 211] သားဖြစ်သူ၏ ဖုန်းဖြစ်ကြောင်း ပြောသည့်အခါ တစ်ဖက်မှ လူက ရယ်ပြီးဖုန်းချသွားခဲ့သည်ဟု ဆိုပါသည်။[၂၁၂ 212]

မိသားစုဝင်များက စုံစမ်းကြည့်သည့်အခါ တက္ကစီကားကို တီအင်အယ်အေတပ်ဖွဲ့များ လှုပ်ရှားသည်ဟု သိကြသည့် ရွာတစ်ရွာအနီးတွင် နောက်ဆုံးတွေ့ခဲ့သည်ဟုသိရသည်။ တက္ကစီကားပေါ် ပါလူများကို တီအင်အယ်အေက ဖမ်းဆီးသွားသည် သို့မဟုတ် သတ်ဖြတ်လိုက်သည်ဟု မိသားစုများက ယူဆထားကြသည်။ ရဲ၊ မြန်မာစစ်တပ်၊ ဒေသခံအစိုးရ အာဏာပိုင်များ၊ ဘုန်းတော်ကြီးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အသီးသီးမှ နိုင်ငံရေးအဖွဲ့များအား ဆက်သွယ်ခဲ့သော်လည်း

---

207 ၂၀၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ မြစ်ကြီးနား နှင့် လားရှိုး၊ မတ် နှင့် မေ ၂၀၁၇။ Hannah Beech, “Battling for Blood Jade,” တိုင်းမ်၊ မတ် ၂၀၁၇။ ငြိမ်းငြိမ်း “လီဆူးလူမျိုးများ ကေအိုင်အေ အကြမ်းဖက်မှုကန့်ကွက်” ဧရာဝတီ၊ ၂၂ မေ ၂၀၁၇။

208 ၂၀၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ မတ် နှင့် မေ ၂၀၁၇။

209 ၂၀၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ မတ် နှင့် မေ ၂၀၁၇။ နန်းမြနဒီ “တီအင်အယ်အေရဲ့ နှစ်လကြာထိန်းသိမ်းမှုအပြီး ရွာသားများ လွတ်မြောက်” DVB၊ ၁၂ မေ ၂၀၁၇ ကိုလည်းရှု။

210 ၂၁၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

211 ၂၁၁ ပလောင်စကားမှာ ပလောင်(တအောင်း)တိုင်းရင်းသားတို့ သုံးစွဲကြသော ဘာသာစကားဖြစ်သည်။ လူမျိုးစုကွဲများအပေါ် မူတည်၍ကွဲပြားမှုရှိသည်။

212 ၂၁၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

ပျောက်ဆုံးသွားသူများ အသက်ရှင်နေသေးသလား သေဆုံးပြီလားဆိုသည်ကို ယနေ့အထိ မသိရသေးဟု ကန်ခန်ထောင်းက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ၂၀၁၇ မေလတွင်ပြောပြခဲ့သည်။[၂၁၃ 213] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပျောက်ဆုံးနေသည့် လူ ခုနစ်ဦးစလုံး၏ မိသားစုများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်းတို့ အားလုံးမှာ လယ်သမားများ၊ အလုပ်သမားများသာ ဖြစ်ပြီး လက်နက်ကိုင် တပ်ဖွဲ့ဝင်များ မဟုတ်ကြောင်း၊ အကျိုးအကြောင်း မသိရသည့်အတွက် မိသားစုများမှာ ဆက်ပြီး စိတ်ဆင်းရဲနေကြရကြောင်း ပြောပြခဲ့ပါသည်။[၂၁၄ 214]

ယင်းဖြစ်ရပ်နှင့်အလားတူပင် စိတ်ပူနေသော မိသားစုဝင်များက တယ်လီဖုန်းခေါ် သောအခါ တစိမ်းတစ်ယောက်က ကိုင်ပြီး ပလောင်ဘာသာစကားနှင့် ပြန်ပြောသည်ကို ကြုံခဲ့ရသော ဖြစ်ရပ်များ အများအပြားလည်းရှိခဲ့သည်။ ဖခင်ဖြစ်သူ ဖမ်းဆီးခံရပြီး ပျောက်ဆုံးနေကြောင်း ပြောပြသည့် သားဖြစ်သူက ဖခင်၏ မော်တော်ဆိုင်ကယ်ကို လူတစ်ဦး စီးနင်းသွားသည်ကို တွေ့ခဲ့ရကြောင်း ပြောပြသည်။ ယင်းလူစိမ်းကို ရင်ဆိုင်ပြီး ရဲစခန်းခေါ် သွားသည့်အခါ ၎င်းက ဆိုင်ကယ်ကို တီအင်အယ်အေ တပ်သားတစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်း ပြောပြသည်ဟု ဆိုပါသည်။[၂၁၅ 215]

၂၀၁၆ ခုနှစ် မေလ ၂ ရက်နေ့ကလည်း မုန်းဝီးရွာမှ နမ့်ခမ်းသို့သွားနေသော ကားပေါ် မှ လူရှစ်ဦး ဖမ်းဆီးခံရသည်။ ယာဉ်မောင်းသူ၏ ဇနီးဖြစ်သူက တီအင်အယ်အေက ရှမ်းစစ်သားများကို ဖမ်းဆီးထားသည်ဆိုကာ ဆိုရှယ်မီဒီယာ ပေါ် တွင် တင်ထားသော ဓာတ်ပုံတစ်ပုံကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြသခဲ့သည်။ ဓာတ်ပုံထဲတွင်တွေ့ရသော ခင်ပွန်းဖြစ်သူနှင့် အခြား ဆွေမျိုးတစ်ဦး၏ ပုံကို သူက ထောက်ပြခဲ့သည်။ ကားပေါ် တွင် ပါသွားသော လူရှစ်ဦးထဲမှ နှစ်ဦးမှာ အာစီအက်စ်အက်စ် တပ်သားများ ဖြစ်ကြောင်း နောက်ပိုင်းတွင်သိလာရသည်ဟု သူက ပြောပြသည်။ သို့ရာတွင် ၎င်း၏ ခင်ပွန်းမှာ မည်သည့်အခါကမှ တပ်ဖွဲ့ဝင်မဟုတ်ခဲ့ဟု သူက ဆိုပါသည်။[၂၁၆ 216] သူတို့အားလုံးအခု ပျောက်နေသေးတယ်၊ ကျွန်မရဲ့ သုံးနှစ်အရွယ်သမီးလေးက သူ့အဖေကို အမြဲမေးနေတယ် ဟုသူက ပြောပြခဲ့ပါသည်။[၂၁၇ 217]

မကြာမကြာဆိုသလိုပင် ယာဉ်မောင်းသူများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ တပ်ဖွဲ့ဝင်များကို သယ်ပို့ခိုင်းခံရတတ်သည်။ ယင်းအချိန်လေးသည် မည်မျှတိုတောင်းပါစေ အရပ်သားများအား ဖမ်းဆီး ထိန်းသိမ်း သတ်ဖြတ်ခံရမည့် အန္တရာယ်နှင့် ရင်ဆိုင်ကြရသည်။ ၂၀၁၇ ခုနှစ် ဧပြီလက ကျောက်မဲမြို့နယ်တွင် မြန်မာစစ်တပ်၏ ပစ်ခတ်မှုကြောင့် အရပ်သား သုံးဦးသေဆုံးခဲ့သည်ဟု ဧရာဝတီသတင်းဌာနက ဖော်ပြခဲ့သည်။ ယင်းသုံးဦးစလုံးမှာ ယာဉ်မောင်းများဖြစ်ကြပြီး တီအင်အယ်အေစစ်သားများကို သယ်ပို့ခိုင်းထားစဉ်တွင် လမ်းတွင်ရှိနေစဉ်တွင် တိုက်ပွဲဖြစ်ခဲ့ခြင်း ဖြစ်ကြောင်း တီအင်အယ်အေအရာရှိတစ်ဦးက သတင်းဌာနကို ပြောပြခဲ့သည်။[၂၁၈ 218]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အီးမေးလ်နှင့် ဆက်သွယ်မေးမြန်းချက်ကို ပီအက်စ်အယ်အက်ဖ်/တီအင်အယ်အေ နိုင်ငံခြားရေးဌာနက ၂၀၁၇ ဇွန်လ ၄ ရက်နေ့တွင် ပြန်လည်ဖြေကြားခဲ့ရာတွင် အာစီအက်စ်အက်စ်အဖွဲ့ကို ရိက္ခာ၊ သတင်းအချက်အလက်ပေးပြီး သယ်ယူပို့ဆောင်ပေးသည့် အာစီအက်စ်အက်စ်အဖွဲ့ဝင်များကို ၎င်းတို့ဖမ်းဆီးထိန်းသိမ်းသည်ဟု ပြန်ကြားခဲ့သည်။ ဖမ်းဆီးထားသူများကို "လုံခြုံရာတွင်" ထားပြီး ၎င်းတို့က "နောင်တွင် အာစီအက်စ်အက်စ်ကို ကူညီခြင်းမပြုတော့ပါဘူးဟု ဝန်ခံကတိပေးပြီးသည့် အခါ ၎င်းတို့အား ပြန်လွှတ်ပေးပြီး နေရပ်ရင်းသို့ ဘေးကင်းစွာ ပြန်ပို့ပေးခဲ့သည်" ဟုလည်း ဖော်ပြခဲ့သည်။[၂၁၉ 219]

သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည့် ယခုအထိ ပျောက်ဆုံးနေဆဲ ဖြစ်သော လူပေါင်း ၂၈ ဦး၏ အခြေအနေနှင့် ပတ်သက်သည့်မေးမြန်းချက်၊ ယခုအထိ ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်သော လူအားလုံး၏ စာရင်းကို ထုတ်ပြန်ပေးနိုင်မည်လားဆိုသည့် မေးမြန်းချက်များကိုမူ တီအင်အယ်အေက မဖြေကြားခဲ့ပါ။ ၎င်းအပြင် တီအင်အယ်အေ၏ ပြန်ကြားချက်ကလည်း ၎င်းတို့ အရပ်သားများကို မည်ကဲ့သို့ ဆက်ဆံသည်ဆိုသော အချက်အပေါ် စိုးရိမ်မကင်းမှုများ များစွာဖြစ်ပေါ် စေပါသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအရ လက်နက်ကိုင် တပ်ဖွဲ့ဝင်မဟုတ်သူများသည် အရပ်သားများသာ ဖြစ်သည်၊ ၎င်းတို့ အရပ်သား အဖြစ်ကပြောင်းလဲမှု မရှိ ပါ။ လက်နက်ကိုင်အဖွဲ့ကို ရိက္ခာထောက်ပံ့ခြင်းမျိုး လုပ်စေကာမူ တီအင်အယ်အေပြောသကဲ့သို့ ၎င်းတို့မှာ လက်နက်ကိုင်အဖွဲ့များ၏ အဖွဲ့ဝင်များဖြစ်မသွားပါ။[၂၂၀ 220] တီအင်အယ်အေကိုယ်တိုင်ကလည်း အထူးသဖြင့် ပလောင်ကျေးရွာသားများထံမှ စားနပ်ရိက္ခာနှင့် သယ်ယူပို့ဆောင်ရေးအတွက် အကူအညီများ တောင်းခံလေ့ရှိပါသည်။ [၂၂၁ 221] အခြားတိုင်းရင်းသားလူမျိုးများ၏

---

[213] ၂၁၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၈ မေ ၂၀၁၇။
[214] ၂၁၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။
[215] ၂၁၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။
[216] ၂၁၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။
[217] ၂၁၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။
[218] ၂၁၈ Lawi Weng "ရှမ်းပြည်တိုက်ပွဲအတွင်း သေဆုံးသူ သုံးဦးမှာ အရပ်သားများဖြစ်ကြသည်ဟု ဒေသခံများပြောကြား" ဧရာဝတီ၊ ၂၇ ဧပြီ ၂၀၁၇။
[219] ၂၁၉ PSLF/TNLA မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ အကြောင်းပြန်ကြားစာ၊ ၄ ဇွန် ၂၀၁၇၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။
[220] ၂၂၀ နိုင်ငံတကာ ကြက်ခြေနီကော်မီတီ၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ ဥပဒေသ ၅၊ အရပ်သားများ အဓိပ္ပာယ်ဖွင့်ဆိုချက်
[221] ၂၂၁ PSLF/TNLA မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ အကြောင်းပြန်ကြားစာ၊ ၄ ဇွန် ၂၀၁၇၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

အရပ်သားများအား ကာကွယ်စောင့်ရှောက်ရန်လိုအပ်ချက်ကို လေးစားခြင်းအားဖြင့် ပလောင်အရပ်သားများမှာလည်း အခြားလက်နက်ကိုင် တပ်ဖွဲ့များထံမှ ဥပဒေနှင့်အညီ ဆက်ဆံမှုကို ရရှိနိုင်မည် ဖြစ်သည်။

တီအင်အယ်အေ ပါဝင်ပတ်သက်နေသော ကိစ္စရပ်များအပြင် အာစီအက်စ်အက်စ် မှ ကျူးလွန်သည့် သီးခြားဖြစ်ရပ် နှစ်ခုမှ ဖမ်းဆီးခေါ် ဆောင်မှု ၁၇ ခု ကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ မှတ်တမ်းတင်ထားပါသည်။ ၂၀၁၆ ခုနှစ် ဖွန်လ ၁၈ရက်နေ့တွင် အသက် ၂၃နှစ်ရှိ လလေး နှင့် ၂၅နှစ်ရှိ လသာ ခေါ် လီဆူး အမျိုးသား နှစ်ယောက်အား ဖမ်းဆီးခေါ် ဆောင်သွားကြောင်း သူတို့၏ အသက်၅၂နှစ်အရွယ် ဖခင်ဖြစ်သူ ယူအာဒီ ကပြောပါသည်။[၂၂၂][222] တရုတ်လူမျိုးတစ်ဦး၊ လီဆူးအမျိုးသမီးတစ်ဦး နှင့် ကလေးတစ်ဦး အပါအဝင် မန်တုံမြို့နယ် ၎င်းဒေသအတွင်းမှ လီဆူးအရပ်သားများစွာ ကိုလည်း ထိုနေ့တွင်ပဲ ဖမ်းဆီးခေါ် ဆောင်သွားသည်ဟု သိရပါသည်။[၂၂၃][223] ညီအစ်ကိုနှစ်ယောက် ပန်ကောရွာကနေ မိုင်မောင်းကဈေးကို ဆန်သယ်ဖို့ မော်တော်ဆိုင်ကယ်နဲ့ မနက်ကိုးနာရီလောက်က ထွက်သွားတာ ပြန်ရောက်မလာကြတော့ဘူးဟု ယူအာဒီက ပြောပါသည်။ ၎င်းတို့ဖခင်၊ ရပ်ကွက်လူကြီး နှင့် အခြားရွာသားတစ်ဦးက ထိုဒေသတွင် အဲဒီအချိန်က စတင်လှုပ်ရှားမှုများရှိနေသည့် အာစီအက်စ်အက်စ်အဖွဲ့ ကြောင့် နောက်ပိုင်းမှာ နမ္မတူ ဒုက္ခသည်စခန်းကို ထွက်ပြေးရကြောင်းပြောပါသည်။[၂၂၄][224] ထိုသူတို့ကပြောပြသည်မှာ အာစီအက်စ်အက်စ် အရာရှိတစ်ဦးထံ ချဉ်းကပ်စုံစမ်းသော်လည်း ၎င်းဖြစ်ရပ်တွင်သူတို့အဖွဲ့ ပါဝင်ပတ်သက်မှု မရှိဘူးလို့ငြင်းဆိုခဲ့သည်ဟု ဆိုပါသည်။[၂၂၅][225]

တီအင်အယ်အေနှင့် အာစီအက်စ်အက်စ် နှစ်ဖက်စလုံးက အရပ်သားများကို ပြန်ပေးဆွဲ ဖမ်းဆီးမှုများ ဆက်တိုက်လုပ်လာခဲ့ကြသည့်နောက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ရှမ်းနှင့် ပလောင်လူကြီးများ ဦးစီးပြီး ပဋိပက္ခဖြေရှင်းရေး ပူးတွဲကော်မီတီကို ဖွဲ့စည်းခဲ့သည်။ အဓိက ရည်ရွယ်ချက်မှာ ဖမ်းဆီးခံထားရသူများ ပြန်လွတ်လာရေးဖြစ်သည်။ ကော်မီတီက အချို့လူများ ပြန်လွတ်အောင်လုပ်ပေးနိုင်သော်လည်း မလွတ်မြောက်လာသူများလည်း ရှိခဲ့သည်။ ယင်းသို့အားဖြင့် လူမျိုးစုများအကြား မကြေလည်မှုများပင် တိုးပွားခဲ့သည်။ [၂၂၆][226] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည့် ဖြစ်ရပ်များအားလုံးမှ ပျောက်ဆုံးနေသူများ မည်သည့်နေရာတွင် ရှိနေသည်ကို ယခုအစီရင်ခံစာ ပြုစုချိန်အထိ မသိရခဲ့ပါ။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည့် မိသားစုများအားလုံးက ၎င်းတို့၏ ဆွေမျိုးများ သေသည် ရှင်သည်မသိဖြစ်နေရသည့် အခြေအနေအပေါ် စိတ်ထိခိုက်ပူပင်နေရကြောင်း ပြောပြကြသည်။ ၂၀၁၅ နိုဝင်ဘာလ ၂၇ ရက်နေ့က နိုင်ဇိန်ပူး၏ မောင်နှင့် ၂၉ နှစ်အရွယ်သားတို့မှာ နမ့်ခမ်းမြို့နယ်အတွင်းရှိ အနီးအနားက ရွာသို့ ကျွဲဝယ်ရန်သွားစဉ် ဖမ်းဆီးခံလိုက်ရသည်။ အခြားသူများနည်းတူ နိုင်ဇိန်ပူးကလည်း ယခုလို ဆိုပါသည်။

> *"သူတို့ မသေသေးရင်လည်း အိမ်ပြန်လာစေချင်ပါတယ်။ သေသွားပြီဆိုလည်း အလောင်းကို တွေ့ချင်ပါတယ်။ ကျွန်မတို့မှာ လူသေရင် လုပ်ရမယ့် ဓလေ့ထုံးစံတွေ ရှိပါတယ်။ တီအင်အယ်အေက ကျွန်မကို ခင်ဗျားသားတော့ အသက်ရှင်သေးတယ်။ သူက ကျွန်တော်တို့ အဖွဲ့နဲ့ ပူးပေါင်းလိုက်ပြီလို့ ပြောလာရင်လည်း ကျွန်မလက်ခံပါတယ်။ ဒါပေမယ့် ကျွန်မသားကို ပိုက်ဆံနည်းနည်း ပို့ပေးချင်ပါတယ်။ သူ အဆင်ပြေနေသလားဆိုတာ ကျွန်မတို့ သိပါရစေ။"*[၂၂၇][227]

ဖမ်းဆီးမှုများအပြင် တီအင်အယ်အေစစ်သားများက တအာင်းညီအစ်ကို နှစ်ဦးကို အကျဉ်းရုံးစီရင် သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်ကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဖွန်လ သို့မဟုတ် ဇူလိုင်လလောက်တွင် တီအင်အယ်အေ စစ်သား ဆယ်ဦးက မန်တုံမြို့နယ်အတွင်းရှိ လွယ်ကန်ကျေးရွာသို့ ရောက်လာခဲ့သည်ဟု မျက်မြင်သက်သေနှစ်ဦးက ပြောပြသည်။ ရွာသားများထံမှ စားစရာများ တောင်းခံ၍ ညီအစ်ကိုနှစ်ဦးကို နေအိမ်သို့ သွားရောက်ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ ညီအစ်ကို နှစ်ဦးထဲမှ တစ်ဦး၏ ဇနီးဖြစ်သူ အသက် ၃၀ အရွယ်အမျိုးသမီးက ယင်းအချိန်တွင် အိမ်တွင်အတူရှိနေခဲ့သည်။ ၎င်း၏ ခင်ပွန်းကို အာစီအက်စ်အက်စ်တပ်ဖွဲ့ဝင်ဟု တီအင်အယ်အေတပ်သားများက စွပ်စွဲခဲ့သည်။ ခင်ပွန်းသည်ကို ခေါ် ဆောင်သွားရာ နောက်သို့ လိုက်သွားသော ဇနီးသည်ကို စစ်သားတစ်ဦးက "လိုက်လာရင် မင်းကိုပါ သတ်ပစ်မည်" ဟု ခြိမ်းခြောက်ခဲ့သည်ဟု ဆိုပါသည်။[၂၂၈][228]

ခင်ပွန်းဖြစ်သူနှင့် ခဲအိုတို့မှာ ယခင်က အာစီအက်စ်အက်စ်တပ်ဖွဲ့ဝင်များ ဖြစ်ခဲ့သော်လည်း ပြီးခဲ့သည့် လေးလခန့် ကတည်းက ၎င်းတို့ တပ်ဖွဲ့ထဲမှ အထုတ်ခံထားရကြောင်း ဇနီးသည်က ပြောပြသည်။ ဇနီးသည်က သူ၏ ခင်ပွန်းအကြောင်း ပြောပြရာတွင်

---

[222] ၂၂၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့, ယူအာဒီနှင့် အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။
[223] ၂၂၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့, ယူအာဒီနှင့် ရပ်ရွာလူကြီးအား အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။
[224] ၂၂၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့, အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။
[225] ၂၂၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့, အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။
[226] ၂၂၆ ရှုရန်- Lawi Weng, "Locals Say Armed Groups 'Disappear' Civilians Caught in Northern Shan Conflict," ဧရာဝတီ၊ ၂၃ ဖေဖော်ဝါရီ ၂၀၁၇။ Lum Min Mang, "Nine villagers still detained by TNLA in Kyaukme," မြန်မာတိုင်း၊ ၂၂ ဒီဇင်ဘာ ၂၀၁၆။
[227] ၂၂၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့, အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။
[228] ၂၂၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့, အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။

"ရှမ်းတပ်နှင့် တပ်မတော်တို့က အိမ်ကိုရောက်လာပြီး သူတို့ ထုတ်ပေးထားတဲ့ လက်နက်တွေ၊ ယူနီဖောင်းတွေ အားလုံးပြန်သိမ်းသွားတယ်။ သူတို့က တီအင်အယ်အေ ဒီဖက်မှာ ပြန်အားကောင်းနေတယ်၊ မင်း တီအင်အယ်အေနဲ့ သွားမပေါင်းဘူးလို့ မပြောနိုင်ဘူးဆိုပြီး ပြောကြတယ်" လို့ ပြန်ပြောပြသည်။၂၂၉ [229] တီအင်အယ်အေက ညီအစ်ကိုနှစ်ဦးကို ဖမ်းခေါ် သွားပြီးသည့်နောက် မိသားစုများက ငွေစုဆောင်းကောက်ခံ၍ ၎င်းတို့ကို ပြန်လွှတ်ပေးရန် ကြိုးစားခဲ့သည်။ ရက်အနည်းငယ်အကြာတွင် ယင်းရွာမှပင် ဖမ်းခေါ် သွားခံရသူ တစ်ဦး ပြန်လွတ်လာခဲ့သည်။ သူက ညီအစ်ကိုနှစ်ယောက်တို့ ပစ်သတ်ခံလိုက်ရပြီ ဖြစ်ကြောင်း ပြန်ပြောပြခဲ့ပါသည်။၂၃၀ [230] လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ကြားညပ်ပြီး နှစ်ဖက်စလုံးက ၎င်းတို့အား သစ္စာဖောက်အဖြစ် ရှုမြင်ခံခဲ့ရခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် အစောပိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာရာ ကျန်ရစ်သူဇနီးသည်သည် ကလေး ခြောက်ဦး၊ အသက် ၈၀ အရွယ်ယောက္ခမတို့နှင့်အတူ နမ္မတူရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်းတစ်ခုတွင် သွားရောက်နေထိုင်ခဲ့ရသည်။ မိသားစုဝင်တစ်ဦးက ရွာတွင်ကျန်ခဲ့သော ၎င်းတို့၏နေအိမ်သို့ မကြာသေးခင်က သွားကြည့်ခဲ့ရာ မွှေနှောက်ဖျက်ဆီးခံထားရသည်ကို တွေ့ခဲ့ရသည်။၂၃၁ [231]

ပြည်တွင်းစစ် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော မြန်မာပြည်မြောက်ပိုင်းမှ တိုင်းရင်းသား လက်နက်ကိုင်တပ် များသည်လည်း နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ထုံးတမ်းဥပဒေများကို လိုက်နာရန် တာဝန်ရှိပါသည်။ အရပ်သားများ၊ စစ်ပွဲတွင် ဖမ်းဆီးရမိသော သုံ့ပန်းများကို သတ်ဖြတ်ခြင်းမပြုရခြင်း၊ လူများကို ဖမ်းဆီး၍ အစဖျောက်ခြင်း၊ လူများ၏ လွတ်လပ်ခွင့်ကို ထိန်းချုပ်ကန့်သတ်ခြင်းတို့ မပြုလုပ်ရပါ။၂၃၂ [232] ထို့အပြင် ဖမ်းဆီးထားသူများနှင့် ပတ်သက်၍ ဆက်ဖမ်းထားသလား၊ သေဆုံးသွားပြီလားဆိုသည်ကို မိသားစုဝင်များအား အသိပေးရမည့် တာဝန်ကိုလည်း အနိမ့်ဆုံးအားဖြင့် လိုက်နာရမည် ဖြစ်သည်။၂၃၃ [233]

# အဓမ္မ စစ်သားစုဆောင်းမှု နှင့် ကလေးစစ်သား စုဆောင်းမှု

> ## "သူတို့ က လူတွေကို အတင်းအဓမ္မကိုပဲ ခေါ် သွားကြတယ်။ အိမ်တွေမှာ လူငယ်ရှိပြီဆိုရင် အဲဒီအိမ်ကိုသွားပြီး ဆွဲခေါ် တော့တာပဲ"
>
> ကချင်ပြည်နယ်တွင်း လူ့အခွင့်အရေးကာကွယ်ရေးလုပ်နေသူ ဒေသခံ တစ်ဦး ၂၃၄ [234]

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တခွင်လုံးရှိ အရပ်သားများနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်နေသူ အရာရှိများက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ အဓမ္မ စစ်သားစုဆောင်းမှု နှင့် ကလေးစစ်သား စုဆောင်းမှု အလေ့အထနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိကြောင်း ပြောဆိုခဲ့ကြသည်။ လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်နေသူ အရာရှိအများအပြားက ယင်းသို့ပြုလုပ်မှုများမှာ တိုက်ပွဲများ ပိုဖြစ်လာသောကြောင့်လားမသိ ၂၀၁၇ အစောပိုင်းများတွင် ပိုမိုများပြားလာခဲ့သည်ဟုဆိုပါသည်။

အဓမ္မခေါ် ဆောင် အင်အားစုဆောင်းမှုနှင့် မိမိသဘောအရ ပူးပေါင်းပါဝင်ခြင်း ဤနှစ်မျိုးမှာလည်း အမြဲလိုလိုပင် မသဲမကွဲရှိနေတတ်သည်။ အချို့သောမိသားစုများက အရွယ်မရောက်သေးသော ကလေးငယ်များ အပါအဝင် မိမိတို့၏ သားသမီးများကို ကိုယ်လူမျိုးအကျိုးစီးပွားနှင့် မြန်မာစစ်တပ်ရန်က ကာကွယ်ဖို့အတွက်ဆောင် ရွက်နေပုံရသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ထဲ ဝင်ရောက်ထမ်းဆောင်စေရန် သူတို့မှာ တာဝန်ရှိသည်ဟု ခံယူမှုများလည်း ရှိသည်။၂၃၅ [235] လူအများမှာ လက်နက်ကိုင် အဖွဲ့ထဲတွင် သူတို့၏ ဆွေမျိုးသားချင်းများရှိနေပြီး ထိုသို့ရှိနေသည့်အတွက် ၎င်းတို့၏ မလျော်ကန်သော လုပ်ရပ်များကို အသိပေးအကြောင်းကြားဖို့ တွန့်ဆုတ်နေကြသည့်အချက်က အဓမ္မခေါ် ဆောင် အင်အားစုဆောင်းမှုနှင့် ကလေးစစ်သားစုဆောင်းမှု အတိုင်းအတာအား မှတ်တမ်းတင်ရေးကို ပိုမိုရှုပ်ထွေးစေပါသည်။

[229] ၂၂၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။
[230] ၂၃၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။
[231] ၂၃၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နမ္မတူ စစ်ဘေးရှောင် ဒုက္ခသည်စခန်း၊ ၉ မေ ၂၀၁၇။
[232] ၂၃၂ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၊ နိုင်ငံတကာ လူ့အခွင့်အရေး ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၈၉။ အသက်ကိုရန်ရှာခြင်း၊ ဥပဒေသ ၉၈။ ဖမ်းဆီးခေါ် ဆောင်သွားပြီး ပျောက်ဆုံးသွားခြင်း နှင့် ဥပဒေသ ၉၉ လွတ်လပ်ခွင့်ကို ရုပ်သိမ်းခြင်း။
[233] ၂၃၃ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၊ နိုင်ငံတကာ လူ့အခွင့်အရေး ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၁၀၅။ မိသားစုဘဝကို လေးစားခြင်း၊ ဥပဒေသ ၉၈။ ဖမ်းဆီးခေါ် ဆောင်သွားပြီး ပျောက်ဆုံးသွားခြင်း နှင့် ဥပဒေသ ၁၁၇ ပျောက်ဆုံးနေသူများ၏ အကျိုးအကြောင်းရှင်းပြခြင်း
[234] ၂၃၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ မြစ်ကြီးနား၊ ၂၃ မတ် ၂၀၁၇။
[235] ၂၃၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လိုင်ဇာ၊ လားရှိုး နှင့် ရန်ကုန်၊ မတ် နှင့် မေ ၂၀၁၇။

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်မှ ၃၉နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးက သူတို့ဒေသထဲက ကလေးအမြောက်အများနဲ့ အမျိုးသားငယ်တွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက တပ်သားစုဆောင်းနေကြကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြခဲ့ပါသည်။ *"အဖွဲ့တိုင်းပဲ။ တီအင်အယ်အေ၊ ရှမ်းအဖွဲ့တွေ၊ ကေအိုင်အေ၊ သူတို့အားလုံး အဲဒီလိုလုပ်ကြတယ်"* လို့ သူကပြောပါတယ်။[၂၃၆][236] ရွာထဲက စစ်သားစုဆောင်းခံရတဲ့ ကလေးနှစ်ယောက်ကို သူသိကြောင်း။ တစ်ယောက်ကို ကေအိုင်အေက၊ နောက်ကလေးတစ်ယောက်ကိုတော့ မြန်မာတပ်မတော်လက်အောက်ခံ လက်နက်ကိုင်အဖွဲ့ကခေါ် သွားကြောင်း အဲဒီအမျိုးသမီးကပြောခဲ့ပါသည်။ *"အဲဒီအခြေအနေကြောင့် ကျွန်မတို့ရွာကလူငယ်တွေ အများအပြားဟာ ရွာထဲမှာရော အနီးအဝိုက်မှာပါ နေဖို့ကြောက်နေကြတယ်"* ဟု ပြောခဲ့သည်။[၂၃၇][237]

ကလေးသူငယ်များကို တပ်ဖွဲ့အတွင်း အတင်းခေါ် ယူနေကြောင်း ကောလာဟလများထွက်ပေါ် လာသည့်အတွက် ရွာထဲမှ လူငယ်များနှင့် ကလေးများထွက်ပြေးခဲ့ကြကြောင်း ရှမ်းပြည်မြောက်ပိုင်းမှ အခြား အရပ်သားငါးဦးတို့ကလည်း ပြောပြကြသည်။[၂၃၈][238] မီဒီယာသတင်းများတွင်လည်း စစ်သားအဖြစ်အဓမ္မစုဆောင်းခံရမည်ကို စိုးရိမ်မှုကြောင့် နေရပ်မှ ထွက်ပြေးခဲ့ကြရသည့် အကြောင်းများကို ဖော်ပြထားသည်။[၂၃၉][239]

မြန်မာနိုင်ငံမြောက်ပိုင်းတွင် အလုပ်လုပ်နေသော နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့တစ်ခုမှ အရာရှိတစ်ဦးကလည်း ၎င်း၏ အဖွဲ့က မှတ်တမ်းပြုစုထားသည့် အဓမ္မတပ်သားစုဆောင်းသည့်အဖွဲ့များတွင် ကေအိုင်အေ၊ တီအင်အယ်အေ၊ အာစီအက်စ်အက်စ် နှင့် အမ်အန်ဒီအေအေတို့ပါဝင်ကြောင်းပြောပြခဲ့သည်။ ကေအိုင်အေဆိုလျှင် ယင်းအဖွဲ့နှင့် အဆက်အသွယ်ရှိသော မိသားစုများက ၎င်းတို့၏ ကလေးများကို တပ်တွင်းအသွင်းမခံရရင် မကြာမကြာ အဝေးသို့သွားနေစေခဲ့သည်ဟု သူက ပြောပြသည်။[၂၄၀][240] အမျိုးသမီးများကိုလည်း တပ်ထဲသွင်းမှုများရှိနေကြောင်း လူသားချင်းစာနာသည့်အကူအညီပေးရေးအဖွဲ့များမှ ဝန်ထမ်းများက ပြောပြကြသည်။ [၂၄၁][241] မြောက်ပိုင်းရှမ်းပြည်တွင် ၂၀၁၇ ခုနှစ်အစောပိုင်းမှ စတင်၍ တီအင်အယ်အေက ၎င်းတို့အဖွဲ့အတွင်းသို့ အဓမ္မရော မိမိဆန္ဒအလျောက်ပါ လူသစ်များ ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းနေခဲ့သည်ဟု လူ့အခွင့်အရေးကာကွယ်သူများနှင့် အရပ်သားများက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြခဲ့ကြသည်။ ယင်းလူသစ်စုဆောင်းမှုများမှာ အစိုးရတပ်က ဆက်လက်ထိုးစစ်ဆင်နေမှုများ၊ တီအင်အယ်အေနှင့် အာစီအက်စ်အက်စ်တို့အကြား ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ဆက်စပ်နေသည်ဟု ဆိုကြသည်။[၂၄၂][242]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မေးမြန်းချက်ကို ပီအက်စ်အယ်အက်ဖ်/တီအင်အယ်အေ နိုင်ငံခြားရေးဌာနက ၎င်းတို့၏ "စစ်သားစုဆောင်းရေးမူဝါဒများ" ကို ပြန်လည်ဖြေကြားခဲ့ရာတွင် "တအာင်းမြေအတွက် အမှုထမ်းချင်၍ မိမိတို့တပ်ဖွဲ့အတွင်း ဆန္ဒအလျောက် ဝင်လိုသူများ" ကို ကြိုဆိုကြောင်း၊ "တအာင်းစစ်မှုထမ်းဥပဒေအရ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိ သားယောကျ်ားလေးနှစ်ဦးထက် ပိုရှိသော တအာင်းလူမျိုးများသည် မိမိတို့အဖွဲ့သို့ဝင်ရောက်ရမည်" ဖြစ်ကြောင်း၊ တက္ကသိုလ်တက်နေသူများ၊ မသန်စွမ်းသူများနှင့် နာတာရှည် ရောဂါရှိသူများကို ချွင်းချက်ပေးထားကြောင်း ဖော်ပြခဲ့သည်။[၂၄၃][243] အခြား တိုင်းရင်းသား လူမျိုးများကို ၎င်းတို့ ဆန္ဒအလျောက်သာ ဝင်ရောက်စေပြီး တအောင်းတပ်ဖွဲ့ဝင် ၉၉ ရာခိုင်နှုန်းမှာ ပလောင်လူမျိုးများဖြစ်ကြောင်းလည်း နိုင်ငံခြားရေးဌာနက ဖြေကြားခဲ့သည်။[၂၄၄][244] သားယောကျ်ားလေး အများအပြားရှိသော မိသားစုများမှ လူများကို စစ်သားအဖြစ် ခေါ်ဆောင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို အရပ်သားများနှင့် အရပ်လူကြီးများက ပြောပြကြသော အဓမ္မတပ်သားသစ်စုဆောင်းခြင်းများ ဖြစ်သည်။ သို့ရာတွင် မိသားစုဝင် အနည်းအများကို မကြည့်ပဲစစ်သားများက အဓမ္မလူသစ် စုဆောင်းကြသည့် အကြောင်းများကိုလည်း အရပ်သားများက ပြောပြကြပါသည်။[၂၄၅][245]

ကေအိုင်အေ၏ စာရေးသား အကြောင်းပြန်ချက်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ၎င်းတို့၏ မူဝါဒမှာ အသက် ၁၈ နှစ်ပြည့်ပြီးသူ ကချင်လူမျိုးတိုင်းသည် အဆင်သင့်ဖြစ်ချိန်တွင် ကေအိုင်တပ်ဖွဲ့အတွင်း နှစ်နှစ်အမှုထမ်းရမည် ဟုဖော်ပြထားသည်။[၂၄၆][246] အသက် ၁၈ နှစ်အောက်ကလေးများ "ကေအိုင်အေအဖွဲ့ထဲတွင် အမှုမထမ်းစေရ" ဟုလည်းဖော်ပြထားပြီး "ကလေးစစ်သားများ ကိစ္စကို စုံစမ်းစစ်ဆေးရန်" ယူနီဆက်ဖ်နှင့် ပူးပေါင်းလုပ်ဆောင်နေသည်ဟု

---

236 ၂၃၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၆ မေ ၂၀၁၇။

237 ၂၃၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၆ မေ ၂၀၁၇။

238 ၂၃၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊  မေ ၂၀၁၇။

239 ၂၃၉ နန်းလွင်နှင်းပွင့်၏ "ရှမ်းပြည်တောင်ပိုင်းတွင် အဓမ္မ စစ်သားစုဆောင်းခံရမည်စိုးသဖြင့် ဒေသခံများထွက်ပြေး" ဧရာဝတီ ၁၆ မေ ၂၀၁၇ နှင့် Fiona MacGregor နှင့် သူသူအောင်တို့၏ "တိုက်ပွဲများတိုးနေပြီး ဖမ်းဆီးမှုများလည်း တိုး - ကလေးများ ပျောက်ဆုံးနေရသည့် ရှမ်းပြည်မြောက်ပိုင်းမှ ရွာများ၊" မြန်မာတိုင်း၊ ၂၀၁၆ ဖေဖော်ဝါရီ ၅။

240 ၂၄၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နေရာ နှင့် နေ့စွဲ မဖော်ပြလိုပါ။

241 ၂၄၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နေရာ နှင့် နေ့စွဲ မဖော်ပြလိုပါ။

242 ၂၄၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ လူ့အခွင့်အရေးဆိုင်ရာ အရာရှိများ၊ ရပ်ရွာအကြီးအကဲများ၊ ဒေသခံ လူ့အခွင့်အရေးကာကွယ်သူများ နှင့် အင်တာဗျူးများ၊ လားရှိုး၊ မေ ၂၀၁၇။

243 ၂၄၃ PSLF/TNLA မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ အကြောင်းပြန်ကြားစာ၊ ၄ ဇွန် ၂၀၁၇၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

244 ၂၄၄ PSLF/TNLA မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ အကြောင်းပြန်ကြားစာ၊ ၄ ဇွန် ၂၀၁၇၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

245 ၂၄၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။

246 ၂၄၆ ကေအိုင်အို တုံ့ပြန်ချက်၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

ဆိုပါသည်။[၂၄၇][247] နောက်ဆုံးတွင် "ကေအိုင်အိုသည် လူထုကို ခြိမ်းခြောက်အဓမ္မ တပ်ထဲသွင်းခြင်းမပြု" ဟု ဖော်ပြထားပြီး "ဝေးလံသော ဒေသများမှ တပ်ဖွဲ့လေးများ" က ပြုလုပ်ခဲ့လျှင်လည်း "ကျူးလွန်သူကို အရေးယူ အပြစ်ပေးပြီး တပ်သားသစ်များကို ပြန်လွှတ်ပေးသည်" ဟု ဆိုပါသည်။[၂၄၈][248] တီအင်အယ်အေကဲ့သို့ပင် ကေအိုင်အေ၏ စစ်သားစုဆောင်းရေးမူမှာလည်း အရပ်သားများအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်စေပြီး အချို့မိသားစုများက ၎င်းတို့သားသမီးများ အသက် ၁၈ နှစ်ပြည့်ခါနီးလာလျှင် အဝေးသို့ စေလွှတ်ရခြင်း၏ အကြောင်းရင်းများကို ပြနေပါသည်။ သို့ရာတွင် အရပ်သားများက ပြောပြသော စစ်သားသစ်စုဆောင်းပုံများ အားလုံးကိုမူ ရှင်းမပြနိုင်ခဲ့ပါ။

၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ပဋိပက္ခများနှင့် ပတ်သက်အလုပ်လုပ်နေသော နိုင်ငံတကာ အဖွဲ့တစ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့များ အများအပြားရှိနေသည့်အတွက် ကလေးသူငယ်များကို အဓမ္မတပ်ထဲမသွင်းရန် ဆိုသည့်အချက်ကို နားလည်သော အထက်ပိုင်းမှ တပ်မှူးများနှင့် မြေပြင်တွင်ဖြစ်ပေါ်နေသော အခြေအနေများ အကြားကွာဟမှုများရှိနေကြောင်း၊ မြေပြင်အခြေအနေမှာ တွေ့တဲ့လူဖမ်းခေါ်ခဲ့ ဆိုသလိုမျိုးဖြစ်နေကြောင်း ပြောပြသည်။[၂၄၉][249] အချို့က ယင်းအချက်ကို လက်မခံကြပါ။ တပ်မှူးများက လွယ်လွယ်အကြောင်းပြ ဆင်ခြေပေးခြင်းမျိုးသာဖြစ်ပြီး ၎င်းတို့လုပ်ချင်လျှင် လိုအပ်လျှင် လုပ်နိုင်သည့် အနေအထားရှိပါသည်ဟု ထောက်ပြကြသည်။[၂၅၀][250]

၂၀၁၇ ခုနှစ်မေလတွင် မြန်မာနိုင်ငံမှ အရပ်ဖက်အဖွဲ့အစည်း ၇၀ ကျော်စုပေါင်းဖွဲ့စည်းထားသော ငြိမ်းချမ်းရေးအတွက် အရပ်ဖက်အဖွဲ့အစည်းဆွေးနွေးပွဲက ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်နှင့် ဆက်နွယ်နေသော ပြည်သူ့စစ်များ၏ လုပ်ရပ်များကို ထောက်ပြပြီး အဓမ္မတပ်သားသစ် စုဆောင်းနေမှုများ ရပ်တန့်ရန်တောင်းဆိုခဲ့သည်။[၂၅၁][251]

အသက် ၁၅နှစ်အောက်ကလေးများကို တပ်ထဲသွင်းခြင်းနှင့် ၎င်းတို့အား တိုက်ပွဲများတွင် အသုံးပြုခြင်း နှစ်မျိုးစလုံးမှာ နိုင်ငံတကာ လူသားချင်းစာနာမှု ထုံးထမ်းဥပဒေများအရ စစ်ရာဇဝတ်မှု မြောက်ပါသည်။ [၂၅၂][252] ထို့အပြင် မြန်မာနိုင်ငံက လက်မှတ် မရေးထိုးရသေးသော မကြာခင်က ပြဋ္ဌာန်းခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသော ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်အပါအဝင် စာချုပ်များတွင် ပဋိပက္ခတွင် ပါဝင်ပတ်သက် နေသော အဖွဲ့များသည် အသက် ၁၈ နှစ်အောက်ကလေးများ တိုက်ပွဲများတွင် တိုက်ရိုက် ပတ်သက်မှု မရှိစေအောင် "ဖြစ်နိုင်သမျှသော အစီအစဉ်များပြုလုပ်ပေးရမည်"၊ လက်နက်ကိုင် အဖွဲ့များသည် ကလေးသူငယ်များအား ပဋိပက္ခအတွင်း အသုံးပြုခြင်းမှ တားမြစ်ထားသည်ဟု ဖော်ပြထားသည်။[၂၅၃][253] ထို့အပြင် မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး အပစ်ရပ်ရေးသဘောတူညီချက်တွင်လည်း မြန်မာ့တပ်မတော်နှင့် အခြားစာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် အရပ်သားများကို ကာကွယ်စောင့်ရှောက်ရန်၊ အဓမ္မတပ်သားသစ် စုဆောင်းခြင်း မပြုရန်နှင့် ကလေးသူငယ်များအား ဖမ်းဆီးခေါ် ဆောင်ခြင်း မပြုရန် ပြဋ္ဌာန်းထားသည်။[၂၅၄][254] မြန်မာစစ်တပ်သည် ၎င်းတို့က ထောက်ခံအားပေးထားသော ပြည်သူ့စစ်များအတွက်ပါ တာဝန်ယူရမည်ဖြစ်သည်။

# ရွာများ၊ ရွာသားများထံမှ အဓမ္မဆက်ကြေး ကောက်ခံခြင်း

> **"ဈေးသွားတဲ့ လမ်းမှာဆို ဆိုင်ကယ်တစ်စီးကို ၂၀၀၀ ကနေ ၃၀၀၀ အထိကောက်တယ်။"**
>
> ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ထဲရှိ ရွာတစ်ရွာမှ အသက် ၃၈ နှစ်အရွယ် ဈေးသည်တစ်ဦး[၂၅၅][255]

---

[247] ၂၄၇ ကေအိုင်အို တုံ့ပြန်ချက်၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

[248] ၂၄၈ ကေအိုင်အို တုံ့ပြန်ချက်၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

[249] ၂၄၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ ရန်ကုန်၊ ၁၁ မေ ၂၀၁၇။

[250] ၂၅၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ ဘန်ကောက်၊ ၄ မေ ၂၀၁၇။ နှင့် ရန်ကုန်၊ ၁၁ မေ ၂၀၁၇။

[251] ၂၅၁ နီးလွင်နှင်းပွင့် "အဓမ္မစစ်မှုထမ်းခိုင်းခြင်း အဆုံးသတ်ရန် အရပ်သားလူမှုအဖွဲ့အစည်းဖိုရမ် တောင်းဆို" ဧရာဝတီ၊ ၁၈ မေ ၂၀၁၇။

[252] ၂၅၂ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၊ နိုင်ငံတကာ လူ့အခွင့်အရေး ဓလေ့ထုံးတမ်း ဥပဒေ၊ ဥပဒေသ ၁၃၆။ ကလေးစစ်သား စုဆောင်းခြင်း၊ နှင့် ဥပဒေသ ၁၃၇။ တိုက်ပွဲများတွင် ကလေးစစ်သားများ ပါဝင်စေခြင်း။ ရောမ သဘောတူညီချက် ပုဒ်မ ၈(၂)(ခ)(၂၆) နှင့် (င)(၇) ကို လည်းရှု။

[253] ၂၅၃ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာသဘောတူညီချက်မှ ကလေးသူငယ်များအား တိုက်ပွဲများတွင် ပါဝင်စေခြင်းဆိုင်ရာ နောက်ဆက်တွဲ စာချုပ် (၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် အသက်ဝင်ခဲ့သည်။ ပုဒ်မ ၁၊ ၂ နှင့် ၄။

[254] ၂၅၄ အန်စီအေ၊ အခန်း ၉(ပ)။

[255] ၂၅၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

တိုက်ပွဲများကြောင့် စီးပွားရေးအကြပ်အတည်း ကြုံနေရသော ရွာသားများနှင့် ဈေးသည်များထံမှ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့အသီးသီးက ဆန်နှင့် ငွေကြေးကို "အခွန်အဖြစ်" ကောက်ခံကြသည်။ မြန်မာပြည် မြောက်ပိုင်းတွင် လှုပ်ရှားနေကြသော အဓိက လက်နက်ကိုင်အဖွဲ့များဖြစ်သည့် ကေအိုင်အေ၊ တီအင်အယ်အေ၊ အာစီအက်စ်အက်စ်၊ နှင့် အက်အက်စ်အေ မြောက်ပိုင်းတို့သည် တရားမဝင်အခွန်များ ကောက်ခံခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အထောက်အထားများတွေ့ခဲ့ရသည်။ ယင်းအဖွဲ့များထဲမှ အချို့ အထူးသဖြင့် ကေအိုင်အိုက ၎င်းတို့ထိန်းချုပ်ရာ နယ်မြေအတွင်း ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ တရားစီရင်ရေး အပါအဝင် အုပ်ချုပ်ရေးလုပ်ငန်းများ[၂၅၆ 256] ဆောင်ရွက်ပေးသော်လည်း ပဋိပက္ခဖြစ်ရာ ဒေသများတွင် စစ်သားများနှင့် တပ်ဖွဲ့များက ကောက်ခံသော "ဆက်ကြေး"ဆိုသည်မှာ တရားဝင်ကောက်ခံသော အခွန်များမှ ကွဲပြားပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်က အသက်၃၀ရှိ လက်ဖက်တောင်သူ တစ်ဦးက သူ့ရွာထဲသို့ တီအင်အယ်အေတပ်သားများက ဆက်ကြေးကောက်ရန် ၂၀၁၆အတွင်း နှစ်ကြိမ် သုံးကြိမ် လာရောက်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြပါသည်။ "ဆက်ကြေးကောက်တယ်။ သူတို့က ငွေ မတောင်းပဲ ဆန်ကိုပဲ တောင်းတယ်။ တစ်ရွာကို ဆန်အိတ်ကြီး တစ်အိတ်၊ နှစ်အိတ်စီ ပေးကြရတယ်။ ရွာသားတွေ စုပေါင်းထည့်ကြရတာပါပဲ။" [၂၅၇ 257] ၂၀၁၇ တွင်ရွာသို့တပ်သားများ နောက်ထပ် လာမလာကိုမူ ၎င်းရွာသားက တစ်နှစ်လုံးနီးပါး ဒုက္ခသည်စခန်းသို့ တိမ်းရှောင်နေရသောကြောင့် မသိတော့ပါဟု ဆိုပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းက အနည်းဆုံး အခြားရွာ ၆ရွာက ရွာသူရွာသားများကလည်းအလားတူ ဖြစ်ရပ်မျိုး ကြုံတွေ့ကြရကြောင်း ပြောပြကြပါသည်။ အဖွဲ့အမျိုးမျိုးမှ တပ်သားများအား ဆန် ထောက်ပံ့ရကြောင်း၊ ငွေပါ ပေးရသည့် အကြိမ်များလည်း ရှိကြောင်းပြောပါသည်။

ရွာရှိ ဈေးဆိုင်တွင်ဖြစ်စေ၊ ဈေးတွင် ဖြစ်စေ ပစ္စည်းများရောင်းချရာတွင်လည်း အခွန်ပေးရသည့်အကြောင်း အမျိုးသမီးတော်တော်များများက ပြောပြကြသည်။ နမ့်ခမ်းမြို့နယ်အတွင်းရှိ အစိုးရနှင့် တီအင်အယ်အေထိန်းချုပ်မှု အောက်တွင် တစ်လှည့်စီရှိနေသော ရွာတစ်ရွာမှ အသက် ၃၅ နှစ်အရွယ်အမျိုးသမီးတစ်ဦးက သူ့တွင် စတိုးဆိုင် အသေးလေးတစ်ခုရှိသဖြင့် တီအင်အယ်အေ စစ်သားများက ၂၀၁၇ ခုနှစ် ဧပြီလကပင် ဆန် ငါးအိတ် လာတောင်းသည်ဟု ပြောပြသည်။ ကျွန်မသူတို့ကို နှစ်အိတ်ပဲ ပေးလိုက်တယ်။ ငါးအိတ်တော့ မပေးနိုင်ဘူးလို့ ပြောလိုက်တယ်၊ ဆိုင်ပိုင်ရင် ကားပိုင်ရင် အခွန်ကောက်တတ်တယ်ဟု ပြောပြပါသည်။[၂၅၈ 258] နမ့်ခမ်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှပင် အသက် ၃၈ နှစ်အရွယ်ဈေးသည်တစ်ဦးကလည်း တီအင်အယ်အေ စစ်သားတွေဟာ ဈေးကိုလာတဲ့ လူတိုင်းကို အခွန်ကောက်တတ်တယ်ဟု ပြောပြပါသည်။ ဈေးသွားတဲ့ လမ်းမှာ ဆိုင်ကယ်တစ်စီးကို ကျပ် ၂၀၀၀ ကနေ ၃၀၀၀ အထိကောက်တယ်ဟု သူက ပြောပြပါသည်။[၂၅၉ 259]

အချို့ဖြစ်ရပ်များတွင် အခွန်ကောက်ခြင်းနှင့် တပ်သားသစ်စုဆောင်းခြင်းတို့ ဆက်စပ်နေသည်။ ရွာတစ်ရွာ သို့မဟုတ် မိသားစု တစ်စုသည် တပ်သားသစ် မပေးအပ်နိုင်ပါက "အခွန်" ပေးဆောင်ကြရသည်။ နမ္မတူမြို့မှ နာရီအတန်ကြာ မော်တော်ဆိုင်ကယ်ဖြင့်သွားရသော ရွာတစ်ရွာတွင် နေသည့် ၂၀၁၆ ခုနှစ်တွင် စစ်ဘေးရှောင် ဒုက္ခသည်တစ်ဦးဖြစ်လာသော အသက် ၅၂ နှစ်အရွယ်အမျိုးသားတစ်ဦးက အမျိုးသားနှစ်ဦး သုံးဦးရှိသော အိမ်များကို ကေအိုင်အေ စစ်သားများရောက်လာပြီး တစ်ဦးကို ၎င်းတို့တပ်ထဲထည့်ရန် ပြောလေ့ရှိသည်ဟု ဆိုပါသည်။ ရွာမှ ညှိနှိုင်းပြီး "အခွန်"ပေးလိုက်တတ်သည်ဟုဆိုသည်။ သူက မည်မျှပေးလိုက်ရသည်ကို မမှတ်မိသော်လည်း "ရွာရှိအိမ်အားလုံးမှ စုပေါင်းထည့်ဝင်၍ ပေးလိုက်ကြသည်" ဟု ဆိုပါသည်။[၂၆၀ 260] နမ့်ခမ်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ အသက် ၁၉ နှစ်အရွယ်အမျိုးသားတစ်ဦးကလည်း တီအင်အယ်အေစစ်သားများ ၎င်း၏ရွာသို့ရောက်လာပြီး လူငါးဦး တောင်းခံခဲ့သည်ဟု ပြောပြသည်။ "ရွာလူကြီးက ရွာကသေးသေးလေးမို့ အခွန်ပဲ ပေးလိုက်ပါရစေ" လို့ ပြောလိုက်တယ်၊ "အခွန်ကတော့ ဆန်အိတ်ကြီးတစ်အိတ်နဲ့ တစ်ယောက်အတွက် ကျပ် ၃၀၀၀၀ ပါ" ဟုပြောပြသည်။[၂၆၁ 261]

နေရပ်မှ ထွက်ပြေးတိမ်းရှောင်နေရခြင်း၊ တိုက်ပွဲများနှင့် မြေမြုပ်မိုင်းများကြောင့် မိမိတို့လယ်ယာများသို့ မသွားနိုင်ခြင်း စသဖြင့် ပုံမှန် သက်မွေးဝမ်းကျောင်း အလုပ်မလုပ်နိုင်သော ရွာသားများအတွက် ယင်းကဲ့ သို့ အခွန်များပေးဆောင်နေရခြင်းမှာ စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများ ချိုးဖောက်ခံနေရခြင်း ဖြစ်ပါသည်။

ဆက်ကြေးကိစ္စသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေပြီး ဆက်ကြေးမပေးနိုင်ပါက တိုင်းရင်းသားလက်နက်ကိုင်များက ခြိမ်းခြောက်ခြင်းများ သို့မဟုတ် ထို့ထက်ဆိုးသော ပြုမူမှုများ လုပ်တတ်ကြောင်း မြန်မာပြည်မြောက်ပိုင်းမှ

---

256 ၂၅၆ ရှုရန်- ထက်ခေါင်လင်း "စစ်ပွဲများကြားမှ ကချင်သူပုန်တွေ ဒုက္ခသည်စခန်းများအတွက် ပညာရေးစနစ်တိုးချဲ့" ၊ *Myanmar Now* ၂ ဩဂုတ် ၂၀၁၆။ Brian McCartan and Kim Jolliffe, *Ethnic Armed Actors and Justice Provision in Myanmar* (အာရှ ဖောင်ဒေးရှင်း၊ အောက်တိုဘာ ၂၀၁၆) စာ ၄၈။

257 ၂၅၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

258 ၂၅၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

259 ၂၅၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

260 ၂၆၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နမ္မတူ၊ ၉ မေ ၂၀၁၇။

261 ၂၆၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။

ရပ်ရွာအကြီးအကဲများနှင့် လူသားချင်းစာနာမှု အကူအညီများပေးနေသည့်သူ တော်တော်များများက ပြောပြကြသည်။[၂၆၂ 262] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာချက်ထဲတွင် မပါဝင်သော်လည်း မြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုများသည် အခွန်နှင့် အခြား အကျိုးအမြတ်များ မြိုးမြိုးမြက်မြက်ရနိုင်သည့် သစ်နှင့် ကျောက်စိမ်းထုတ်လုပ်သည့် လုပ်ငန်းများရှိရာ ဒေသများကို မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များက ထိန်းချုပ်ရန် ကြိုးပမ်းရင်း တိုက်ပွဲဖြစ်လေ့ရှိသော ဒေသများတွင် ပိုပြင်းထန်လေ့ရှိသည်ကို တွေ့ရသည်။[၂၆၃ 263]

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား ကေအိုင်အေက စာရေးသားအကြောင်းပြန်ရာတွင် ကေအိုင်အေသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ "စီးပွားရေးလုပ်ငန်း ကြီးငယ်များထံမှ အခွန်ကောက်ကြောင်း"၊ သို့သော် "မိမိတို့သဘောနှင့် အခွန်မကောက်ရန် ကေအိုင်အေအဖွဲ့ဝင်များကို တားမြစ်ထားပြီး ကျူးလွန်ပါက အရေးယူသည်" ဟုဆိုသည်။[၂၆၄ 264] ပီအက်စ်အယ်အက်ဖ်/တီအင်အယ်အေကလည်း သူတို့ စီးပွားရေးလုပ်ငန်းကြီးများထံမှသာ အခွန်ကောက်သည်၊ အခွန်ကို စနစ်တကျကောက်သည်၊ သို့သော် "လုပ်ငန်းငယ်လေးများနှင့် ရွာများထံမှ အခွန်မကောက်ပါ" ဟု အကြောင်းပြန်သည်။ ထို့အပြင် တီအင်အယ်အေက ရွာများထံမှ "ဆန်နှင့် ငွေတောင်းခံလေ့မရှိကြောင်း"၊ သို့သော် ရွာများရောက်၍ "အခက်အခဲရှိနေလျှင် ရွာသားများထံမှ ထမင်းကျွေးရန် အကူအညီတောင်းခံခြင်းမျိုးရှိပါသည်" ဟု ဖော်ပြခဲ့သည်။[၂၆၅ 265] ယင်းအကြောင်းပြန်ချက် နှစ်ခုစလုံးမှာ အရပ်သားများ၊ ကချင်နှင့် ပလောင်တိုင်းရင်းသားများ တညီတညွတ်ထဲ ပြောပြကြသော ရှမ်းပြည်မြောက်ပိုင်း တိုက်ပွဲများဖြစ်ရာဒေသများတွင် ဖြစ်ပျက်နေသော အခြေအနေများနှင့် ကွာခြားနေပါသည်။

အချို့သောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် စစ်သားစုဆောင်းခြင်းနှင့် ဆက်ကြေးကောက်ခံခြင်းတို့ကို ပို၍ ဆိုးဆိုးဝါးဝါး ပြုလုပ်လာသည်ကို တွေ့ရကြောင်း မြန်မာ့အရေးကျွမ်းကျင်သူ နှစ်ဦးက ပြောကြသည်။ ယင်းဖြစ်ရခြင်းမှာ အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရှေ့သို့မတိုးပဲ ဖြစ်နေသည်ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ယူဆလာကြခြင်းနှင့် ပြီးခဲ့သည့် ခုနှစ်လခန့်မှ စတင်ကာ တပ်မတော်၏ ထိုးစစ်များကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ နယ်မြေအတော်များများ ဆုံးရှုံးသွားခဲ့ရမှုများနှင့် ဆက်စပ်နိုင်သည်ဟု ဆိုကြသည်။[၂၆၆ 266] ဤလမ်းကြောင်းအတိုင်း ဆက်သွားနေမည်ဆိုလျှင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပြင်ပမှ လက်နက်ကိုင်အဖွဲ့များသည် တပ်ဖွဲ့အင်အားတိုးချဲ့ခြင်း၊ ရန်ပုံငွေများတိုးကောက်ခြင်းတို့ ပြုလုပ်လာနိုင်ပြီး အရပ်သားများ ပို၍ ဒုက္ခရောက်နိုင်ပါသည်။

---

262 ၂၆၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ မြစ်ကြီးနား၊ လားရှိုး နှင့် ရန်ကုန်၊ မတ်နှင့် မေ ၂၀၁၇။ နှင့် စကိုက် အင်တာဗျူး၊ ၁၈ မေ ၂၀၁၇။

263 ၂၆၃ Global Witness က တစ်နှစ်လျှင် ဒေါ်လာ ၃၁ ဘီလျံခန့်တန်ဘိုးရှိသော ကျောက်စိမ်းလုပ်ငန်းကို စစ်တပ်မှ ထိပ်ပိုင်းအရာရှိကြီးများနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော လုပ်ငန်းရှင်ကြီးများက ထိန်းချုပ်ထားပြီး၊ ပဋိပက္ခနှင့် လာဘ်ပေးလာဘ်ယူများသာတိုးပွားစေခဲ့ပြီးသတ္တုတွင်းများ တည်ရှိရာဒေသရှိ ပြည်သူများအတွက် အကျိုးအမြတ် မရှိခဲ့ဟု ဖော်ပြထားသည်။ ကေအိုင်အေကဲ့သို့သော လက်နက်ကိုင်အဖွဲ့များကလည်း ကျောက်စိမ်းတူးသူများနှင့် ရောင်းဝယ်သူများထံမှ အခွန်ကောက်ကြပြီး မပေးသူများကို ရန်ပြုကြသည်။ ၂၀၁၅ အောက်တိုဘာက ထုတ်ဝေခဲ့သော Global Witness ၏ *Jade: Myanmar's "Big State Secret"*၊ ၂၀၁၇ မတ်လထုတ် တိုင်းမဂ္ဂဇင်းပါ Hannah Beech ၏ "Battling for Blood Jade," *နှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့ထုတ် Financial Times* မှ Daniel Pye ၏ "The dark shadow of Myanmar's jade trade တို့တွင် ရှု။

264 ၂၆၄ ကေအိုင်အို တုံ့ပြန်ချက်၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

265 ၂၆၅ PSLF/TNLA မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ အကြောင်းပြန်ကြားစာ၊ ၄ ဇွန် ၂၀၁၇၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

266 ၂၆၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၈ မေ ၂၀၁၇။ နှင့် ရန်ကုန်၊ ၁၁ မေ ၂၀၁၇။

# ၄။ မြေမြှုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ

> **“မိုင်းလည်းကွဲရော သူတို့တူးထားတဲ့ ကျင်းထဲ ကျွန်တော်ကျသွားတယ်။ ငုံ့ကြည့်လိုက်တော့ ကျွန်တော့် ခြေတစ်ဖက် မရှိတော့ဘူး။”**
>
> ရှမ်းပြည်မြောက်ပိုင်း နမ္မတူ မြို့နယ်အတွင်း တွင် ၂၀၁၇ ခုနှစ် ဖေဖော် ဝါရီလက မြေမြှုပ်မိုင်းကဲ့သို့ ဖောက်ခွဲရေး ပစ္စည်းတစ်ခုကို နင်းမိခဲ့သော အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး။[၂၆၇][267]

ပြီးခဲ့သည့် ဆယ်စုနှစ်များတလျှောက် မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများကြောင့် ထိခိုက်သေဆုံးရသူ အများဆုံးရှိသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေခဲ့သည်။ [၂၆၈][268] ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်လည်း မြေမြှုပ်မိုင်းကြောင့် သေဆုံးရသူ အများဆုံးရှိသည့် နိုင်ငံ ဖြစ်သည်။[၂၆၉][269] ပြီးခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာအတွင်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက မြေမြှုပ်မိုင်း နှင့် အခြားသော မိုင်းနှင့် အလားသဏ္ဍာန်တူသည့် ဖောက်ခွဲရေး ပစ္စည်းများကို ချခဲ့ပြီး ဆက်လက်၍လည်း ချနေဆဲ ဖြစ်သည့်အတွက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသသည် အထူးသဖြင့် မိုင်းများ ပြည့်နှက်နေသော ဒေသများဖြစ်သည်။ မပေါက်ကွဲသေးသော အခြားလက်နက်များလည်း ရှိနေခြင်းက အခြေအနေကို ပိုဆိုးစေသည်။ [၂၇၀][270] မြန်မာ စစ်တပ်သည် မြောက်ကိုရီးယား၊ ဆီးရီးယား စစ်တပ်များနှင့်အတူ အစိုးရတပ်က မြေမြှုပ်မိုင်းများ အသုံးပြုနေဆဲ ဖြစ်သည့် အနည်းငယ်မျှသော နိုင်ငံများစာရင်းတွင် ပါဝင်နေပါသည်။[၂၇၁][271]

မြန်မာနိုင်ငံရှိ မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (MRWG) ၏ အဆိုအရ ၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့် မေလအတွင်း ကချင်နှင့် ရှမ်းပြည်နယ်များတွင် မိုင်းနှင့် အခြားစစ်ဖက်လက်နက်များကြောင့် ဖြစ်ရပ် ၄၀ အတွင်း အရပ်သား ၆၅ ဦး ထိခိုက်ခဲ့သည်ဟု

---

267 ၂၆၇ ၂၀၁၇ ခုနှစ် မေလ ၇ ရက်နေ့က လားရှိုးမြို့တွင်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု၊ ယခုအခန်းတွင် မြေမြှုပ်မိုင်းနှင့် ဆက်နွယ်၍ ဆိုသောအသုံးကို ယခုအစီရင်ခံစာက လေ့လာခဲ့သော ဒေသအတွင်း မြန်မာစစ်တပ်ကသော အဓိက သုံးစွဲခဲ့သော မြေမြှုပ်မိုင်းအမျိုးအစားဖြစ်စေ၊ မြေမြှုပ်မိုင်းနှင့် အလားသဏ္ဍာန်တူသော ထိမိသူက ဖောက်ခွဲမိလိုက်စေသည့် လက်လုပ်ဖောက်ခွဲရေးပစ္စည်း အမျိုးအစားကို ဖြစ်စေ ရည်ညွှန်းသုံးစွဲထားပါသည်။ ထိမိသူက ဖောက်ခွဲမိသည့် လက်နက်အမျိုးအစားမှာ တစ်ဦးတစ်ယောက်က တက်နင်းမိလျှင်ဖြစ်စေ၊ တန်းထားသော ကြိုးကို တိုးမိလျှင်ဖြစ်စေ ပေါက်ကွဲသော လက်နက်မျိုးဖြစ်သည်။ ယင်းလက်နက်မှာ ဖောက်ခွဲသူက အဝေးမှ ရေဒီယိုလှိုင်းဖြင့် ဖြစ်စေ ဖောက်ခွဲသည့် မိုင်းမျိုးနှင့် ကွာခြားပါသည်။

268 ၂၆၈ ၂၀၁၆ နိုဝင်ဘာ ၂၁ နေ့ထုတ် Landmine & Cluster Munition Monitor ၏ *Myanmar_Burma: Casualties and Victim Assistance၊ ၂၀၁၆ ဇန်နဝါရီ ၇ ရက်နေ့ထုတ်* IRIN ၏ “Why can't Myanmar clear its landmines?” (၁၉၉၉ နှင့် ၂၀၁၄ ခုနှစ်အတွင်း မြေမြှုပ်မိုင်းကြောင့် ထိခိုက် သေဆုံးရသူများ ကိုလံဘီယာနှင့် အာဖဂန်နစ္စတန် ပြီးလျှင် မြန်မာနိုင်ငံတွင် တတိယ အများဆုံး ရှိခဲ့ကြောင်း ဖော်ပြထားသည်။)

269 ၂၆၉ Roger Fasth and Pascal Simon “Mine Action in Myanmar,” *ERW and Mine Action* ဂျာနယ်၊ အတွဲ ၁၉(၂)၊ စာ-၂၃။

270 ၂၇၀ ၂၀၁၆ နိုဝင်ဘာ ၁၈ ရက်နေ့ထုတ် Landmine & Cluster Munition Monitor ၏ *Myanmar_Burma: Mine Action နှင့်* Roger Fasth နှင့် Pascal Simon တို့၏ “Mine Action in Myanmar,” *Journal of ERW and Mine Action အတွဲ ၁၉ (၂)၊ စာ ၂၀-၂၅*.

271 ၂၇၁ မြေမြှုပ်မိုင်း တားဆီးရေး နိုင်ငံတကာ လှုပ်ရှားမှု၊ မြေမြှုပ်မိုင်း စောင့်ကြည့်ရေး ၂၀၁၆၊ နိုဝင်ဘာ ၂၀၁၆၊ စာ-၁၊ http://www.the-monitor.org/media/2386748/Landmine-Monitor-2016-web.pdf.

သိရသည်။ ၆၅ ဦးအနက် ၂၇ ဦးမှာ ကလေးသူငယ်များဖြစ်ပြီး ထိခိုက်မှု ရာခိုင်နှုန်း ၄၀ ကျော် ဖြစ်သည်။ ကလေး သုံးဦးအပါအဝင် လူပေါင်း ၁၂ ဦး အသက်ဆုံးခဲ့ပါသည်။ [၂၇၂ 272]

၂၀၁၇ ခုနှစ် အတွင်း မြောက်ပိုင်းရှမ်းပြည်တွင် မြေမြုပ်မိုင်းနှင့် အခြား မပေါက်ကွဲသေးသည့် လက်နက်များကြောင့် ထိခိုက်မှု ၁၄ ခု ရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုနိုင်ခဲ့သည်။ သေဆုံးသူ နှစ်ဦး ရှိပြီး ခြေထောက်ပြတ်ခြင်း အပါအဝင် ခန္ဓာကိုယ်အစိတ်အပိုင်း ဆုံးရှုံးမှုများလည်း ရှိခဲ့သည်။ နှစ်ဖက်တပ်ဖွဲ့များမှ စစ်သားများလည်း မိုင်းထောင်၊ မိုင်းပြင်၊ မိုင်းရှင်းရင်း ဒဏ်ရာရ သေဆုံးမှုများလည်း ရှိသည်။ [၂၇၃ 273]

၂၀၁၇ ခုနှစ် ဇန်နဝါရီလက ကလေးနှစ်ဦးဖခင် အသက် ၄၁ နှစ်အရွယ်အမျိုးသားတစ်ဦးသည် နမ့်ဆမ်မြို့နယ်အတွင်းရှိ ရွာတစ်ရွာ၏ အပြင်ဖက်မှ ၎င်း၏ လက်ဖက်ခင်းသို့ သွားခဲ့သည်။ နေ့လယ်ခင်း ထမင်းစားချိန်တွင် သူက အိမ်သို့ယူသွားမည့် ဝါးနှစ်လုံးကို ဆွဲလျှက် မော်တော်ဆိုင်ကယ်ဆီသို့ လမ်းလျှောက်လာခဲ့သည်။ "ဆိုင်ကယ်ပေါ် တက်မလို့ လုပ်တဲ့အချိန်မှာပဲ မိုင်းကိုနင်းမိပြီး ပေါက်ကွဲသွားတယ်" ဟု သူက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ "မိုင်းက လမ်းဘေးမှာပဲ ကပ်ပြီးချထားတာ၊ အသံကလည်းအကျယ်ကြီးပဲ၊ ခြေထောက်တစ်ဖက် ပူသွားတာပဲ သိလိုက်တယ်။ ကြည့်လိုက်တော့ ခြေထောက်ပြတ်သွားပြီ၊ ခြေထောက်ကလည်း အရမ့်ပေ့ါပြီး သွေးတွေလည်း အများကြီးထွက်နေတယ်၊ ခေါင်းလည်းမူးလာတယ်။" [၂၇၄ 274] သူ ဆေးရုံတွင် ၁၆ ရက်နေခဲ့ရပြီး ခြေထောက်ကိုလည်း ဒူးအောက်မှ ဖြတ်လိုက်ရပါသည်။ "အခုတော့ ဒုက္ခတွေရောက်တာပေ့ါ၊ မိသားစုကို ရှာကျွေးချင်ပေမယ့် ယာထဲ ဆင်း အလုပ်မလုပ်နိုင်တော့ဘူးလေ။" [၂၇၅ 275]

သူ ဆေးရုံ တက်နေရချိန်တွင် မြန်မာစစ်တပ်မှ စစ်သားတစ်ဦး ရောက်လာ၍ မိုင်းကို သူတို့ချခြင်း မဟုတ်ကြောင်း ငြင်းဆိုပြောကြားခဲ့သည်ဟု ၎င်း၏ ဇနီးသည်က အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ ယင်းဒေသတွင် မြန်မာစစ်တပ် တစ်ခုတည်းကသာ မိုင်းများချနေသည်ကို အများအသိဖြစ်သည်ဟု ဇနီးသည်က ဆိုပါသည်။ ရပ်ကွက်လူကြီးတစ်ဦးကလည်း အရပ်သားများသွားလာနေသည့် လမ်းတွင် မိုင်းများမချရန် မြန်မာစစ်တပ်ကို အတိအလင်း ပြောထားခဲ့သည်ဟုလည်း ဆိုသည်။ မိုင်းထိခံရသူ နှင့် ၎င်း၏ ဇနီးတို့က သူတို့ အထင်မှန်ကြောင်း လအတန်ကြာပြီး အခြေအနေအေးချမ်းသွားသည့်အခါ မြန်မာစစ်တပ်က ယင်းဒေသတွင် မိုင်းများလာရှင်းခြင်းက ပြခဲ့သည်ဟုဆိုသည်။ ယင်းသို့ မိုင်းရှင်းနေစဉ် စစ်သားတစ်ဦးလည်း မိုင်းနင်းမိ၍ ခြေတစ်ဖက် ပြတ်ခဲ့ရပါသည်။ [၂၇၆ 276]

မြန်မာစစ်တပ်က မြေမြုပ်မိုင်းများချလေ့ရှိသလို တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကလည်း အလားတူစစ်ရေး ရည်မှန်းချက်ဖြင့် လက်လုပ် ဖောက်ခွဲရေးပစ္စည်းများ ချလေ့ရှိကြောင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သော ကေအိုင်အေ အရာရှိနှစ်ဦးက အတည်ပြုပြောပါသည်။ [၂၇၇ 277] တိုင်းရင်းသားတပ်ဖွဲ့များက မိုင်းများကို ၎င်းတို့၏ စခန်းများ အနီးတဝိုက်နှင့် တပ်မတော်က ၎င်းတို့၏ စခန်းများကို လာတိုက်ရာတွင် အသုံးပြုနိုင်မည့် လမ်းများပေါ် တွင် ချထားလေ့ရှိသည်။ ၂၀၁၇ ဖေဖေါ်ဝါရီလတွင် နမ္မတူမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ အသက် ၂၅ နှစ်အရွယ်ရွာသားတစ်ဦးကို တီအင်အယ်အေက ခေါ် ၍ ၎င်းတို့ စခန်းအနားတွင်ရှိသော မြက်များ ရှင်းခိုင်းခဲ့သည်။ "ကျွန်တော်နင်းမိပြီ ခြေထောက်ကို မလိုက်တော့ မိုင်းကကွဲသွားတယ်။ ဗုံးကွဲတဲ့ အသံလိုပဲ။ မြေကြီးအောက်မှာ မြုပ်ထားတော့ ကျွန်တော်လည်း မမြင်လိုက်ဘူး" ဟု သူက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြခဲ့သည်။ [၂၇၈ 278] သူ့ ခြေကျင်းဝတ်မှ စ၍ ချက်ခြင်းပြတ်ထွက်သွားပြီး ဆေးရုံတွင် ညာဖက်ခြေထောက်ကို ဒူးအောက်မှ ဖြတ်လိုက်ရပါသည်။

ယင်း မိုင်းကဲ့သို့ ပေါက်ကွဲစေခဲ့သော လက်နက်ကို မြန်မာစစ်တပ်က ချသလား၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ဖွဲ့က ချသလားဆိုသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အတည်မပြုနိုင်ခဲ့ပါ။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အမေးကို ပီအက်အယ်အက်ဖ်/တီအင်အယ်အေက ဖြေကြားရာတွင် ၎င်းတို့အဖွဲ့သည် ၂၀၀၇ ခုနှစ်က မြေမြုပ်မိုင်း အသုံးပြုခြင်းကို တားမြစ်သည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ချိန်မှ စပြီး မြေမြုပ်မိုင်းများ၊ မိုင်းနှင့် အလားသဏ္ဍာန်တူသော လက်နက်များကို အသုံးမပြုတော့ဟု ဆိုပါသည်။ [၂၇၉ 279]

---

272 ၂၇၂ Mine Risk Working Group, Mine Action in Myanmar (ဧပြီ ၂၀၁၇)၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တွင် မှတ်တမ်းရှိ၊ ၂၀၁၇ နှစ်စမှ စတင်ပြီး ရှမ်းပြည်နယ်တွင် မိုင်းကြောင့် သေဆုံးဒဏ်ရာရသူ ၃၉ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၏ ၅၇ ရာခိုင်နှုန်းရှိသည်။ ကချင်ပြည်နယ်တွင် ၂၆ ဦးရှိပြီး ၃၈ ရာခိုင်နှုန်းဖြစ်သည်။ ကချင်ပြည်နယ်တွင် သေဆုံးသူ ၇ ဦး ရှိပြီး ရှမ်းပြည်နယ်တွင် ငါးဦးရှိသည်။ ကချင်ပြည်နယ်မှ မိုင်းထိသူများထဲတွင် အမျိုးသမီးနှင့် ကလေး ၁၃ ဦးပါဝင်ပြီး ရှမ်းတွင် ခြောက်ဦးပါဝင်သည်။

273 ၂၇၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ- ကေအိုင်အို၊ လူ့အခွင့်အရေးဆိုင်ရာ အရာရှိများ၊ မိုင်းအန္တရာယ် ကင်းရှင်းရေး ပညာပေးရေးတွင် ပါဝင်သော အဖွဲ့များမှ ကိုယ်စားလှယ်များ နှင့်၊ လိုင်ဇာနှင့် လားရှိုး အင်တာဗျူးများ၊ မတ် နှင့် မေ ၂၀၁၇။

274 ၂၇၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၇ မေ ၂၀၁၇။

275 ၂၇၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၇ မေ ၂၀၁၇။

276 ၂၇၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၇ မေ ၂၀၁၇။

277 ၂၇၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ ၁၀ မတ် ၂၀၁၇။ ကေအိုင်အိုမှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ အကြောင်းပြန်ကြားစာတွင်လည်း ကေအိုင်အေ အသုံးပြုသည့် မြေမြုပ်မိုင်းအားလုံးသည် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများဖြစ်ပြီး နှစ်စဉ် မိုးရာသီအပြီးတွင် သူ့အလိုအလျောက် အလုပ်မလုပ်တော့ဟုဆိုပါသည်. မြေမြုပ်မိုင်းတပ်ဆင်ထားသည့် ဧရိယာများတွင်လည်း လူအများကို ဆိုင်းဘုတ်များဖြင့် အသိပေးထားသည်ဟု ဆိုပါသည်။ ကေအိုင်အို အကြောင်းပြန်ကြားချက်၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

278 ၂၇၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လားရှိုး၊ ၇ မေ ၂၀၁၇။

279 ၂၇၉ PSLF/TNLA မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ အကြောင်းပြန်ကြားစာ၊ ၄ ဇွန် ၂၀၁၇၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ထား။

ကလေးသူငယ်များမှာ မြေမြှုပ်မိုင်းဒဏ်ကို အများဆုံးခံကြရသည်။ မြေမြှုပ်မိုင်း စောင့်ကြည့်ရေးအဖွဲ့က အချက်အလက်များကို နောက်ဆုံး ပြုစုနိုင်ခဲ့သော ၂၀၁၅ ခုနှစ်တွင် အသက်ကို သိရသမျှ မိုင်းထိခိုက်ခံခဲ့ရသူများတွင် ကလေးသူငယ် အရေအတွက်က အများစု ဖြစ်သည်ဟု ဆိုသည်။[၂၈၀ 280] ၂၀၁၇ မေလက ထုတ်ပြန်သော ယူနီဆက်ဖ်အစီရင်ခံစာအရလည်း  မိုင်းထိသူ သုံးဦးတွင် တစ်ဦးမှာ ကလေးဖြစ်သည်ဟု ဆိုပါသည်။[၂၈၁ 281] ရှမ်းပြည်မြောက်ပိုင်းတွင် မြေလမ်းတစ်ခုပေါ် တွက် လမ်းလျှောက်နေရင်း ပန်းခူးရန်သွားသော အသက် ၁၄ နှစ်အရွယ် ကလေးမလေးတစ်ဦး ကြိုးတန်းပုံးကို တိုးမိပြီး ခန္ဓာကိုယ်အပေါ် ပိုင်းတစ်ခုလုံး မိုင်းစများ မှန်ခဲ့သဖြင့် ဆေးရုံတွင် ခွဲစိတ်ထုတ်ယူခဲ့ရပါသည်။ [၂၈၂ 282]

အလားတူ ၂၀၁၇ ခုနှစ် မေလ ၈ ရက်နေ့က နမ္မတူမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း တစ်ခုအတွင်း အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်းရှိ ကိုရင်လေး ရှစ်ပါး မပေါက်ကွဲသေးသော ပုံးဆံတစ်ခုနှင့် ကစားနေစဉ် ပေါက်ကွဲခဲ့သဖြင့် အများအပြား ပြင်းထန်စွာ ဒဏ်ရာရသွားခဲ့သည်။ ယင်းနေရာ အနီးတွင် မြန်မာစစ်တပ် လာစခန်းချသွားခဲ့သည်ဟုလည်း သိရသည်။[၂၈၃ 283] ဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးခဲ့သော အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က လက်နက်ကျွမ်းကျင်သူများက ယင်းလက်နက်မှာ မြေမြှုပ်မိုင်းပုံးဟောင်းတစ်လုံး ဖြစ်နိုင်သည်ဟုဆိုပါသည်။ ကိုရင်လေးတစ်ပါးက ယင်း ပုံးကို တွေ့ရှိပြီး အန္တရာယ်မရှိဟု ယူဆသဖြင့် အခြားကိုရင်လေးများဆီ ပစ်ပေးလိုက်ရာမှ မြေပြင်ပေါ် အကျ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု အရပ်လူကြီးတစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြခဲ့သည်။[၂၈၄ 284] ၂၀၁၇ ဧပြီလ ၁၇ ရက်နေ့ကလည်း ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းရှိ မြန်မာစစ်တပ်စခန်းအနားတွင် မိုင်းကွဲ သဖြင့် အနီးရှိ ယာတောသို့ အလုပ်လုပ်ရန်သွားသည့် အသက် ၉ နှစ်အရွယ် မိန်းကလေးတစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရသွားခဲ့ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ [၂၈၅ 285]

မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းများ အသုံးပြုမှုကို ကန့်သတ်သော မိုင်းတားဆီးရေးစာချုပ်[၂၈၆ 286] နှင့် အချို့သော သမားရိုးကျလက်နက်များဆိုင်ရာ သဘောတူညီချက် နှင့် ၎င်း၏ စာချွန်လွှာအမှတ် ၂ တို့ကို လက်မှတ်မရေးထိုးရသေးပါ။[၂၈၇ 287] သို့ရာတွင် ယင်းစာချုပ်များပါ အဓိက ပြဋ္ဌာန်းချက်အများအပြားမှာ နိုင်ငံတကာ စစ်မက်ဖြစ်ပွားမှု မဟုတ်သော အခြေအနေများအပါအဝင် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများ အဖြစ် ယူဆထားကြပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များသည် အနိမ့်ဆုံးအားဖြင့် မြေမြှုပ်မိုင်းများနှင့် အခြားလက်လုပ် ဖောက်ခွဲရေးပစ္စည်းများ၏ ပစ်မှတ်မခွဲခြားပဲ ထိခိုက်မှုများကို အတတ်နိုင်ဆုံး လျှော့ချရန်၊ ယင်းလက်နက်များ ချထားသည့်နေရာများကို မှတ်သားထားပြီး တိုက်ပွဲများပြီးဆုံးသည်နှင့် ဖယ်ရှား သို့မဟုတ် အန္တရာယ်မပေးနိုင်တော့အောင်လုပ်ဆောင်ရမည် ဖြစ်သည်။ [၂၈၈ 288]

မြန်မာစစ်တပ်နှင့် အချို့သော တိုင်းရင်းသား လက်နက်ကိုင်တပ်များမှ ဤတာဝန်များကို လိုက်နာခြင်းမရှိသဖြင့် အရပ်သားများ လမ်းပေါ် လျှောက်နေချိန်၊ မိမိတို့၏ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ရန် သွားလာစဉ်များအတွင်း ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ခဲ့ရပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ကိုယ်စားလှယ်များသည် ကေအိုင်အို ထိန်းချုပ်သော နယ်မြေအတွင်း မြေမြှုပ်မိုင်းများရှိသည့်နေရာများကို သတိပေးထားသော ဆိုင်းဘုတ်များကို တွေ့ခဲ့ရပြီး အစိုးရထိန်းချုပ်သော နယ်မြေ တချို့တွင်လည်း ယင်းကဲ့သို့ သတိပေးဆိုင်းဘုတ်များရှိကြောင်း ကြားခဲ့ရသော်လည်း မိုင်းထိခံရခဲ့သူများ၊ ဒေသခံ ရပ်ရွာလူကြီးများနှင့် လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့များက ယင်းသတိပေးချက်များမှာ မိုင်းများနှင့် မြေမြှုပ်ပုံးများရှိနေသည့် ဧရိယာစုစုပေါင်းနှင့်စာလျှင် အနည်းငယ်မျှသော နေရာများတွင်သာဖြစ်သည်ဟု ပြောပြကြသည်။ မြန်မာစစ်တပ်က စိုက်ထူထားသော သတိပေးဆိုင်းဘုတ်များမှာလည်း များသောအားဖြင့် မြန်မာဘာသာနှင့်သာ ရေးသားထားသည့်အတွက် ဒေသတွင်းရှိ တိုင်းရင်းသားလူမျိုးများ မဖတ်တတ်ကြပေ။ [၂၈၉ 289]

---

280 ၂၈၀ ရှုရန်- Landmine & Cluster Munition Monitor, *Myanmar_Burma: Casualties and Victim Assistance*, ၂၁ နိုဝင်ဘာ ၂၀၁၆။

281 ၂၈၁ ယူနီဆက် "Hidden dangers," Medium၊ ၂၃ မေ ၂၀၁၇၊ https://medium.com/photography-and-social-change/hidden-dangers-e696d518b3f.

282 ၂၈၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မိုင်းထိသူနှင့် သူ့ဖခင်အား  အင်တာဗျူး၊ ရှမ်းပြည်နယ်မြောက်ပိုင်း နေရာဒေသ အတိအကျ မဖေါ်ပြလိုပါ၊ ၉ မေ ၂၀၁၇။

283 ၂၈၃ စိုင်းအော "နမ္မတူ ပုံးပေါက်ကွဲ ကိုရင် ၈ပါး ဒဏ်ရာရ" ရှမ်းသံတော်ဆင့်၊ ၈ မေ ၂၀၁၇ ကိုရှု။

284 ၂၈၄ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ တယ်လီဖုန်းအင်တာဗျူး၊ လားရှိုး၊ ၁၀ မေ ၂၀၁၇။

285 ၂၈၅ ၂၀၁၇ ဧပြီလ ၂၆ ရက်နေ့ထုတ် Burma News International ၏ "Child killed, two girls injured in Kachin landmine blast," နှင့် ၂၀၁၇ ဧပြီ ၂၁ ရက်နေ့ထုတ် အလဲဗင်းဂျာနယ်မှ "Girl killed by Kachin landmine," (ကချင်ပြည်နယ်မှ မြေမြှုပ်မိုင်းကြောင့် အခြားသေဆုံးရသူ နှစ်ဦးအကြောင်းလည်း ဖော်ပြထားသည်)

286 ၂၈၆ ၁၉၉၉ ခုနှစ် မတ်လ ၁ရက်နေ့က စတင် အသက်ဝင်ခဲ့သော လူကို ပစ်မှတ်ထားတိုက်ခိုက်သော မိုင်းများအား အသုံးပြုခြင်း၊ စုဆောင်းထားခြင်းခြင်းနှင့် လွှဲပြောင်းပေးခြင်း နှင့် ၎င်းတို့အားဖျက်ဆီးခြင်းဆိုင်ရာ သဘောတူညီချက် (အော်တိုဝါသဘောညီချက် သို့မဟုတ် မိုင်းတားဆီးရေးစာချုပ်)

287 ၂၈၇ ၁၉၈၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော ဒဏ်ရာများအလွန်အကျွံရသွားစေနိုင်သော သို့မဟုတ် မခွဲမခြားထိခိုက်မှု ကြီးမားနိုင်သော အချို့သော သမားရိုးကျလက်နက်များ အသုံးပြုမှုကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းဆိုင်ရာ သဘောတူညီချက်၏ နောက်ဆက်တွဲ အမှတ် ၂။

288 ၂၈၈နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၊ နိုင်ငံတကာ လူ့အခွင့်အရေး ဓလေ့ထုံးတမ်း ဥပဒေ၊  အခန်း ၂၉၊ မြေမြှုပ်မိုင်းများ ကိုရှု။

289 ၂၈၉ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ ကချင်ပြည်နယ်၊ မတ်၂၀၁၇။




↑ *ကေအိုင်အေက စိုက်ထူထားသော မိုင်းရှိကြောင်း သတိပေးသည့်ဆိုင်းဘုတ်၊ ကချင်ပြည်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် မိုင်းများ နေရာအနှံ့ ချထားခြင်း၊ ယင်းနေရာများကို သတ်သတ်မှတ်မှတ် မထားခြင်း၊ မိုင်းအန္တရာယ်ကင်းရေး ပညာပေးမှု အားနည်းခြင်းတို့ကြောင့် အရပ်သား အများအပြားသည် ၎င်းတို့၏ လယ်ယာများသို့ သွားရင်း လမ်းပေါ်တွင် လမ်းလျှောက်ရင်း ထိခိုက်သေဆုံးရမှုများ ရှိနေခဲ့သည်။ © အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့*

တိုက်ပွဲများပြီးသွားလျှင် သို့မဟုတ် ၎င်းတို့ ယင်းဒေသမှ ထွက်ခွာသွားလျှင် ချထားသော မိုင်းများ ရှင်းပေးခဲ့မည်ဟု မြန်မာစစ်တပ်ရော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကပါ ကတိပြုကြသည်ဟု ရပ်ရွာလူကြီးများက ပြောပြသည်။ မကြာခဏဆိုသလိုပင် အဖွဲ့များအချင်းချင်း တိုက်ပွဲများဖြစ်လာသည့်အခါ ရုတ်တရက် တပ်နေရာများရွှေ့ပြောင်းကြရ သဖြင့် မိုင်းများကို မရှင်းလင်းပဲ ချန်ခဲ့ကြသည်။ မိုင်းချရာနေရာများကို အမှတ်အသားလုပ်ရန် ပျက်ကွက်ခြင်း သို့မဟုတ် မှတ်သားမှု အားနည်းခြင်းကြောင့်လည်း စစ်သားများက ၎င်းတို့ချထားသော မိုင်းများ၏ နေရာကို မမှတ်မိခြင်းမျိုးလည်း ရှိသည်။။

ယင်းသို့ လူသားချင်းစာနာမှုဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများကို ချိုးဖောက်ခြင်းကိုပို၍ ဆိုးဝါး ရှုတ်ထွေးစေသည့် အချက်မှာ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် အရပ်သားများ အစုလိုက်နေရပ်မှ စွန့်ခွာရှောင်တိမ်းကြရသည့် ဖြစ်ရပ်ဖြစ်သည်။ နေအိမ်မှ လပေါင်း နှစ်ပေါင်းများစွာ ဝေးကွာနေရသူများသည် တိုက်ပွဲများ အရှိန်လျော့ကျလာ သည်ကိုတွေ့သည့်အချိန်တွင် အိမ်ပြန်ကြသည်။ မိုင်းများကို မူလက ချထားခဲ့သူများ ယင်းအချိန်တွင် ယင်းဒေသ အတွင်းတွင် မရှိတော့သည့်အတွက် နေရပ်ပြန်လာသူများအတွက်လည်း မိုင်းများ မည်သည့်နေရာတွင် ရှိနေသည်ကို မသိနိုင်ကြတော့ပေ။

ပြီးခဲ့သည့် ခြောက်လအတွင်း အထူးသဖြင့် မေလအတွင်းတွင် မိုင်းကြောင့် ထိခိုက် ဒဏ်ရာရသူ အရေအတွက် တဟုန်ထိုး တိုးတက်လာခဲ့သည်ဟု မြန်မာပြည်မြောက်ပိုင်းရှိ ဆေးဖက်ဝန်ထမ်းများနှင့် လူမှုကူညီရေးဆောင်ရွက်နေသူ အတော်များများက ပြောပြကြသည်။၂၉၀ [290] ထိခိုက်မှုများမှာ မြေမြုပ်မိုင်းများကြောင့် တစ်ဝက်ခန့်၊ လက်လုပ်နှင့် မပေါက်ကွဲသေးသော ကျည်ဆံ ဗုံးဆံများကြောင့် တစ်ဝက်ခန့်စီ ရှိကြသည်ဟု ဆိုပါသည်။ ၂၉၁ [291] ရှမ်းပြည်မြောက်ပိုင်းရှိ ကျေးရွာ အတော်များများတွင် မကြာသေးခင်ကမှ ခြေလက် ပြတ်ထားသူများကို တွေ့ခဲ့ရသည်ဟု ဆေးဖက်ဝန်ထမ်း တစ်ဦးက ပြောပြသည်။ ၂၉၂ [292] ထိခိုက်ဒဏ်ရာမှု တိုးမြင့်လာသည့်အချက်မှာ လူအများနေရပ်ရင်းက စွန်ခွာထွက်ပြေးရမှု၊ မိုင်းများချထားသည့် နေရာကို မသိရှိပဲ

[290] ၂၉၀ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။
[291] ၂၉၁ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ စကိုက်အင်တာဗျူး၊ နေရာ မဖော်ပြလိုပါ၊ ၁၈ မေ ၂၀၁၇။
[292] ၂၉၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နေရာ နှင့် နေ့စွဲ မဖော်ပြလိုပါ။

စစ်ဘေးရှောင်နေရာများမှ နေရပ်ပြန်လာမှုများနှင့် ဆက်စပ်နေသည်ဟု လူသားချင်းစာနာကူညီရေးဆောင်ရွက်ပေးနေသူ တော်တော်များများက ပြောပြကြသည်။၂၉၃ [293]

မိုင်းဘေးကို စိုးရိမ်ကြောက်ရွံ့၍ နေရပ်ကို မပြန်ရဲပဲ နေကြသူ အများအပြားလည်းရှိနေသဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းနှင့် ရိက္ခာဖူလုံမှုတို့အပေါ် ထိခိုက်မှုများရှိပါသည်။၂၉၄ [294] "ကျွန်တော်တို့က မိုင်းကို ကြောက်တယ်၊ အလုပ်သွားရင်လည်း ဒဏ်ရာရမလား သေမလား မသိရဘူး" ဟု မန်တုံမြို့နယ်ထဲရှိ ရွာတစ်ရွာမှ အသက် ၆၁ နှစ်အရွယ်အမျိုးသားကြီးတစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။၂၉၅ [295] ကချင်ပြည်နယ်ရှိ လူမှုကူညီရေးဝန်ထမ်းတစ်ဦးကလည်း "လူတွေက မိုင်းတွေကို ကြောက်တာနဲ့ပဲ အဲဒီ တိုက်ပွဲ ဖြစ်ခဲ့တဲ့နေရာတွေကို ပြန်မသွားရဲကြဘူး" ဟုပြောသည်။၂၉၆ [296]

ရွာထဲတွင် ဆက်နေလျှင် သို့မဟုတ် ရွာသို့ ပြန်လာချိန်တွင်လည်း ရွာသားများမှာ မိုင်းများချထားတတ်သည့် ရွာပြင်ရှိ ၎င်းတို့၏ လယ်ယာများသို့ သွားရောက်လုပ်ကိုင်ရန် ကြောက်ရွံ့ကြသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသ တလျှောက်မှ လူများက ရွာနားမှ တောစပ်ရှိ မိုင်းများကိုတက်နင်းမိပြီး ကျွဲများ နွားများ သေဆုံးရကြောင်း ပြောပြကြသည့်အတွက် ၎င်းတို့၏ စိုးရိမ်မှုများမှာ အကြောင်းရင်းရှိနေကြောင်း တွေ့ရသည်။ "ကျွန်တော်လည်း မိုင်းနင်းမိပြီးရော တခြားရွာသားတွေ့ သူတို့လယ်တောဆီ မသွားရဲကြတော့ဘူး၊ လူတွေ အလုပ်မလုပ်ကြတော့ဘူး၊ မိုင်းတွေ ထပ်ပေါက်မှာ စိုးလို့ သူတို့ လက်ဖက်ခင်းတွေဆီ မသွားရဲကြတော့ဘူး၊ ကျွန်တော်တို့က လက်ဖက်ခင်းတွေ အပေါ် မှီခိုနေရတာလေ" ဟု နမ့်ဆမ်မြို့နယ်အနီးရှိ ၎င်း၏ ရွာအနီးတွင် မိုင်းတက်နင်းမိခဲ့သော အသက် ၄၁ နှစ်အရွယ် ဖခင်တစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြသည်။ ၂၉၇ [297] "မိုင်းတွေနဲ့ တိုက်ပွဲတွေကြောင့် ကျွန်မတို့ တောထဲလည်း မသွားရဲဘူး၊ ဘာမှလည်း စိုက်လို့ ပျိုးလို့ မရဘူး" ဟု ၂၀၁၇ ခုနှစ် မတ်လအတွင်းက မန်တုံမြို့နယ် အတွင်းရှိ ၎င်းတို့ရွာမှ လူတစ်ယောက် မိုင်းနင်းမိပြီး ခြေတစ်ချောင်းပြတ် ခဲ့ရသည့်အကြောင်း ပြောပြသော အမျိုးသမီးတစ်ဦးကဆိုပါသည်။၂၉၈ [298]

---

[293] ၂၉၃ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူးများ၊ လားရှိုး နှင့် ရန်ကုန်၊ မေ ၂၀၁၇။

[294] ၂၉၄ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ "မြန်မာမှ နေရာရွှေ့ပြောင်းရသူများအတွက် မြေမြှုပ်မိုင်းများက အိမ်အပြန်လမ်းတွင် ရှိနေ" ၈ မေ ၂၀၁၇ ကိုရှု။

[295] ၂၉၅ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နမ္မတူ၊ ၉ မေ ၂၀၁၇။

[296] ၂၉၆ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ လိုင်ဇာ၊ ၈ မတ် ၂၀၁၇။

[297] ၂၉၇ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး လားရှိုး၊ ၇ မေ ၂၀၁၇။

[298] ၂၉၈ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်တာဗျူး၊ နမ္မတူ၊ ၉ မေ ၂၀၁၇။

# ၅။ နိဂုံးနှင့် အကြံပြုချက်များ

ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းမှ အရပ်သားများသည် ဘက်ပေါင်းစုံမှ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေကြရပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်နေသော မြန်မာစစ်တပ်သည် မကြာမကြာဆိုသလိုပင် တိုင်းရင်းသားလူနည်းစု အရပ်သားများအပေါ် ဆိုးဝါးရက်စက်သော ကျူးလွန်မှုများ ပြုလုပ်တတ်သည်။ တပ်မတော် စစ်ဆေးရေးဂိတ်များနှင့် ရင်ဆိုင်တိုးမိရသော လက်ဖက်တောင်သူများသည် အခန့်မသင့်ပါက အဖမ်းခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ အသတ်ဖြတ်ခံရခြင်းနှင့် အစဖျောက်ခံရခြင်းများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ တပ်မတော်က အရပ်ဖက်နှင့် စစ်ဖက် ပစ်မှတ်များကို ခွဲခြားထားခြင်းမရှိသလို ပဋိပက္ခဖြစ်စဉ်တွင် အရပ်သားများထိခိုက်မှု အနည်းဆုံးဖြစ်အောင် လိုအပ်သော သတိထားဆောင်ရွက်မှုများ ပြုလုပ်လေ့မရှိသဖြင့် တိုက်ပွဲဖြစ်ပွားရာ အနီးအနားတွင် ရှောင်ပုန်းနေရာမှ ထွက်လာသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများသည် ၎င်းတို့၏နေအိမ်အနီးတွင် ကျရောက်ပေါက်ကွဲသော ဖုံးဆံအမြောက်ဆံများ ထိခိုက်ခံရနိုင်သည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်ကြရပါသည်။ အခြေအနေကို ပိုဆိုးစေသည့်အချက်မှာ အစိုးရနှင့်တပ်မတော်က ၎င်းတို့ ထိန်းချုပ်ရာ အပြင်ဖက်ရှိ ဒေသများသို့ လူသားချင်းစာနာသည့် အကူအညီပေးပို့မှုကို ကန့်သတ်တားမြစ်ထားသဖြင့် စစ်ဘေးရှောင်ပြေးရသော ထောင်သောင်းချီသည့် အရပ်သားများကို ထပ်မံ အပြစ်ပေးသကဲ့သို့ ဖြစ်ရပါသည်။

တိုင်းရင်းသားလူနည်းစုထဲမှ အတော်များများက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ၎င်းတို့အား ကာကွယ်ပေးနေသူများဟု မှတ်ယူခြင်းရှိသော်လည်း ယင်းအုပ်စုများ၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရသည်လည်း ရှိပါသည်။ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများသည် ယင်းတပ်ဖွဲ့များအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခြင်းများ ခံကြရသည်။ သက်မွေးဝမ်းကျောင်း အလုပ်လုပ်ရန် အဆင်မပြေသည့်ကြားမှ မိမိတို့ရွာကို ဖြတ်သန်းသွားသော အဖွဲ့ပေါင်းစုံက ဆန်ပေးရန်၊ ငွေထောက်ပံ့ရန် တောင်းဆိုခံရသည်လည်းရှိသည်။ တခါတရံတွင်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အချင်းချင်း တိုက်ပွဲများ ဖြစ်ပွားသည့်ကြားတွင် အရပ်သားများ ညပ်ပြီး ပြန်ပေးဆွဲ ခေါ် ဆောင်သွားခံရနိုင်သည့် အန္တရာယ်ကိုလည်း ရင်ဆိုင်ကြရသည်။ လပေါင်းများစွာ နှစ်ပေါင်းများစွာ ကြာသည်အထိ မိမိတို့၏ ခင်ပွန်းများ သားများ မည်သည့်နေရာကို ရောက်နေသည်ကို မသိကြရသည့် မိသားစုများလည်း ရှိနေပါသည်။

နေရပ်ဒေသမှ ထွက်ပြေးတိမ်းရှောင်နေရသည့် လူများက ၎င်းတို့၏ ကျေးရွာများသို့ ပြန်၍ လယ်ယာလုပ်ကိုင်လိုပြီး သားသမီးများ၏ ပညာရေးကို ဆက်သင်ယူစေချင်သည့် ဆန္ဒရှိကြောင်း အကြိမ်ကြိမ် ပြောခဲ့ကြပါသည်။ သို့ရာတွင် တိုက်ပွဲများပြီးဆုံးသွားသည်မှာ ကာလကြာမြင့်သည့်တိုင် အဖွဲ့အသီးသီးက ချသွားခဲ့သည့် မြေမြုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းမြောက်ပိုင်းမှ စစ်ရှောင်များ နေရပ်မပြန်နိုင်ပဲ ရှိခဲ့ကြပါသည်။

ဆယ်စုနှစ်ပေါင်းများစွာကြာအောင် မြန်မာစစ်တပ်သည် အရေးယူပြစ်ဒဏ်ပေးခြင်းခံရမှုမှ လုံးဝါးနီးပါး ကင်းလွတ်လျှက် စိတ်ထင်သလို ပြုမူခွင့်ရနေခဲ့ပါသည်။ အရပ်သားအစိုးရဟု ခေါ် နိုင်သော အစိုးရတစ်ရပ်တက်လာပြီး ဒေါ် အောင်ဆန်းစုကြည်က နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်လာခြင်းက တိုင်းပြည်ကို ယင်းအမွေဆိုးမှ ကင်းလွတ်စေတော့မည်လား ဟူသော မျှော်လင့်ချက်များ ဖြစ်ပေါ် လာစေခဲ့သည်။ သို့ရာတွင် တိုင်းရင်းသားနှင့် ဘာသာရေးအရ လူနည်းစုများကို ပို၍တိုးတက် ပစ်မှတ်ထားလာနေမှုများနှင့် မြန်မာပြည်မြောက်ပိုင်းတွင် ဆက်လက် ဖြစ်ပေါ် နေသော တိုက်ပွဲများက တိုင်းပြည်တွင် တိုးတက်မှု မည်မျှလောက် လိုနေသေးသည်ကို ပြနေပါသည်။ တစ်နိုင်ငံလုံးငြိမ်းချမ်းရေး လုပ်ငန်းစဉ်အောင်မြင်ဖို့ဆိုလျှင် တာဝန်ခံမှုနှင့် တိုင်းရင်းသားလူနည်းစုများ အပါအဝင် အရပ်သားများအားလုံး၏ အခွင့်အရေးများကို လေးစားမှုပေါ် တွင် အခြေခံရမည် ဖြစ်သည်။

# အကြံပြုချက်များ

## မြန်မာ အစိုးရ သို့

- မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်မှုကို တရားဝင်အသိအမှတ်ပြုပြီး ပြစ်တင် ရှုတ်ချရန်၊ တရားရေး၊ နိုင်ငံရေးနှင့် သံတမန်ရေးနည်းလမ်းများ အားလုံးကို အသုံးပြု၍ စစ်တပ်မှ ယင်းကျူးလွန်မှုများ ရပ်တန့်အောင် လုပ်ရန်
- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းပေးထားသော လွတ်လပ်သည့် အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ကို လွတ်လပ်စွာ ဝင်ရောက် စုံစမ်းခွင့်ပေးပြီး ပူးပေါင်းဆောင်ရွက်ရန်
- ဥပဒေနှင့်မညီသော သတ်ဖြတ်မှုများ၊ လူများကို အစဖျောက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ အရပ်သားများအပေါ် မခွဲခြားပဲ သို့မဟုတ် တမင်သက်သက် ပစ်မှတ်ထား တိုက်ခိုက်မှုများ အပါအဝင် စစ်ရာဇဝတ်မှုနှင့် အခြား နိုင်ငံတကာ လူသားချင်းစာနာသည့် ဥပဒေများကို ချိုးဖောက်သည်ဟု ယုံကြည်ရလောက်သော စွပ်စွဲချက်များအားလုံးကို စုံစမ်းစစ်ဆေးရန်၊ မိမိတို့ အုပ်ချုပ်မှုအောက်တွင်ရှိသော တပ်ဖွဲ့ဝင်များကို ကြီးလေးသော ပြစ်မှုကြီးများ ကျူးလွန်အောင် အမိန့်ပေးစေခိုင်းသော၊ တားဆီးရန် ပျက်ကွက်သော၊ ဖြစ်ပေါ် လာသော မှုခင်းများကို စုံစမ်းဖော်ထုတ်ရန် ပျက်ကွက်သော တပ်မှူးများအပါအဝင် တာဝန်ရှိသူများကို လွတ်လပ်သော အရပ်ဖက်တရားရုံးများတွင် မျှတစွာ စုံစမ်းစစ်ဆေးပြီး သေဒဏ်မှ အခြားသော ပစ်ဒဏ်များ ချမှတ်ရန်
- အစိုးရကသော်လည်းကောင်း၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများက သော်လည်းကောင်း ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နှိပ်စက်မှုများကို သတင်းပေးတိုင်ကြားလာသော နစ်နာသူများနှင့် သက်သေများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့အတွက် လိုအပ်သမျှ စီစဉ်ဆောင်ရွက်ပေးရန်နှင့် သက်ဆိုင်သူ မိသားစုများအား တုံ့ပြန်လက်စားချေခံရခြင်းတို့မှ ကင်းလွတ်ရေးအတွက် ဆောင်ရွက်ပေးရန်၊ နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ခံစားရမှုများအတွက် ပြည့်စုံလုံလောက်သော လျော်ကြေးများ၊ ပြန်လည် ထူထောင်ပေးမှုများနှင့် နောက်ထပ် ကျူးလွန်ခံရခြင်းမျိုး မရှိစေရပါဆိုသော အာမခံချက်များ ပေးအပ်ရန်
- မြေမြှုပ်မိုင်းတားဆီးရေးစာချုပ်၊ သမားရိုးကျလက်နက်အချို့နှင့် ဆက်စပ်သောသဘောတူညီချက်နှင့် ၎င်းနှင့်ဆက်စပ်သော စာချွန်လွှာများအားလုံး၊ ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ သဘောတူညီချက်၊ ပဋိပက္ခများ စစ်ပွဲများတွင် ကလေးသူငယ်များအား ပါဝင်ပတ်သက်စေမှုဆိုင်ရာ ထပ်ဆောင်း သဘောတူညီချက်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီး၏ အဓမ္မခိုင်းစေမှု ဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီချက် (သဘောတူညီချက် အမှတ် ၁၀၅) အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ စာချုပ်များကို လက်မှတ်ရေးထိုး အတည်ပြုရန်
- မုံးကိုးဒေသတဝိုက်နှင့် အခြား အစိုးရ၏ ထိန်းချုပ်မှုပြင်ပတွင် ရှိနေသော နေရာများအပါအဝင် ကချင်ပြည်နယ်တွင်းနှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများ အားလုံးသို့ လူသားချင်းစာနာသည့် အကူအညီများ အတားအဆီးမရှိ ပေးအပ်နိုင်ဖို့ ချက်ခြင်းခွင့်ပြုရန်၊ နေရပ်စွန့်ခွာထွက်ပြေးနေရသော အရပ်သားများ၏ လိုအပ်ချက်များကို သိရှိပြီး ကူညီထောက်ပံ့ပေးနိုင်စေရန်အတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ လူမှုကူညီရေးအဖွဲ့များအား သွားရောက်လေ့လာခွင့်ပြုရန်
- ပဋိပက္ခဖြစ်ပွားနေသော ဒေသများနှင့် အခြားကန့်သတ်ထားသော ဒေသများသို့ လူမှုကူညီရေး လုပ်သားများ သွားရောက်ခွင့်ရရန် တင်ပြတောင်းခံရသော လုပ်ငန်းစဉ်အဆင့်များကို လျှော့ချ၍ စံတပြေးညီတည်း ဖြစ်အောင် ပြုလုပ်ပေးရန်၊ အဖွဲ့အစည်း အများအပြားမှာ အရေးပေါ် အခြေအနေများအတွက် သွားရောက်ရန် ခွင့်ပြုချက်တောင်းခံခြင်းဖြစ်သည်ကို စဉ်းစား၍ ခွင့်ပြုချက်ကို သင့်တော်သော အချိန်အတွင်း စနစ်တကျ ပေးအပ်ရန်
- နေရပ်စွန့်ခွာထွက်ပြေးနေရသူများ နေအိမ်ပြန်ခြင်းကို လုံခြုံစိတ်ချရသော အခြေအနေတွင်၊ သတင်းအချက်အလက် ပြည့်ပြည့်စုံစုံရရှိပြီး မိမိတို့သဘောဆန္ဒအလျောက်သာ ပြုလုပ်စေရန်၊ မြေမြှုပ်မိုင်း အန္တရာယ် ပညာပေးခြင်းအစီအစဉ်နှင့် မိုင်းရှိရာဒေသများကို အမှတ်အသား ပြုလုပ်ထားခြင်းများအတွက် ရန်ပုံငွေများ တိုးမြှင့်ထောက်ပံ့ရန်
- လူ့အခွင့်အရေးများကို အပြည့်အဝ ကာကွယ် မြှင့်တင်နိုင်သော အခွင့်အာဏာရှိသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီး ရုံးတစ်ရုံးကို အမြန်ဆုံးဖွင့်လှစ်ထားရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်

## မြန်မာ့ တပ်မတော်သို့

- ပဋိပက္ခဖြစ်ပွားနေသော ဒေသများနှင့် အပစ်ရပ်ထားသောဒေသများအပါအဝင် ဒေသများတွင် ပြုလုပ်သော စစ်ဆင်ရေးများတွင် နိုင်ငံတကာဥပဒေနှင့် အခြားလူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်မှုများကို ချက်ခြင်းရပ်ဆိုင်းရန်နှင့် ယင်းချိုးဖောက်မှုများကို နှိမ်နင်းရန်၊ ပြည်တွင်းပဋိပက္ခများတွင် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေပါ ပြဌာန်းချက်များကို တိကျစွာလိုက်နာရန်

  တပ်ဖွဲ့ဝင်များက မော်တာနှင့် အမြောက်ကျည်များပစ်လွှတ်ရာတွင် စစ်ဖက်နှင့် အရပ်ဖက်ပစ်မှတ်များကို ခွဲခြားပြုလုပ်စေရန်၊ အရပ်သားများ ထိခိုက်မှုကို ရှောင်ရှားနိုင်ရန်အတွက် လုံလောက်သော ကြိုတင်သတိထားချက်များဆောင်ရွက်ရန်၊ ကျည်ဆံများသည် ရည်မှန်းရာ တရားဝင် စစ်ဖက်ပစ်မှတ်များသို့သာ ကျရောက်စေရန်အတွက် စောင့်ကြည့်သူများ ထားရှိရန်

- နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများမြောက်သော ပြစ်မှုကျူးလွန်သူများ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ဆိုးဆိုးဝါးဝါးချိုးဖောက်သူ မည်သူကိုမဆို ရှေ့တန်းစစ်မျက်နှာ တာဝန်မှ ချက်ခြင်းရုပ်သိမ်းရန်

- တပ်မတော်မှ ထွက်ပြေးရန် ကြိုးပမ်းသူများကို ပစ်မိန့်ပေးထားခြင်းကို ရုပ်သိမ်းရန်၊ ဤကဲ့သို့ အမိန့်ပေးထားသော အရာရှိတစ်ဦးဦးသည် ရာဇဝတ်ပြစ်မှုကြောင်းအရ တာဝန်ရှိသည်ဟု ယူဆနိုင်သော လုံလောက်သည့် သက်သေအထောက်အထားရှိပါက စုံစမ်းစစ်ဆေး၍ မျှတသောတရားစစ်ဆေးစီရင်မှု ပြုလုပ်ရန်

- ယခုအစီရင်ခံစာထဲတွင် ဖော်ပြထားသော သူများအပါအဝင် ပျောက်ဆုံးနေသောသူများ မည်သည့်နေရာတွင်ရှိနေသည်၊ ၎င်းတို့၏ ကံကြမ္မာမည်သို့ ရှိသည်ဆိုသည်ကို မိသားစုဝင်များနှင့် သက်ဆိုင်သူများအား ချက်ခြင်းအသိပေးရန်နှင့် ၎င်းတို့အား မည်သည့်အတွက် ဖမ်းဆီးထိန်းသိမ်းသည် ဆိုသော အသေးစိတ်အချက်အလက်များကို ပေးအပ်ရန်

- မြေမြုပ်မိုင်းများ၊ ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုခြင်းကို ရပ်တန့်ရန်၊ မြေမြုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းကို ထောက်ခံရန်၊ လောလောဆယ်တွင် မိုင်းများ မိုင်းနှင့်အလားသဏ္ဍာန်တူသော ဖောက်ခွဲရေးပစ္စည်းများ ရှိနေသော နေရာများကို အရပ်သားများအား သတိပေးနိုင်ရန် တတ်နိုင်သ မျှလုပ်ဆောင်ရန်၊ ယင်းသို့လုပ်ရာတွင် ဆိုင်းဘုတ် အမှတ်အသားများ ထောင်ခြင်း၊ လိုက်လံကြေညာခြင်း များကို မြန်မာလိုသာမက သက်ဆိုင်ရာ ဒေသတွင်နေထိုင်ကြသော လူမျိုးများ၏ ဘာသာစကားဖြင့်ပါ လုပ်ဆောင်ရန်

- အရပ်သားများအား အထမ်းသမား၊ လမ်းပြများ အဖြစ် အဓမ္မခေါ် ဆောင်အသုံးပြုခြင်းအပါအဝင် အဓမ္မလုပ်အားပေးခိုင်း စေခြင်းများကို ရပ်တန့်ရန်၊ အရပ်သားများကို အချိန်တိုကလေးဖြစ်စေ ယင်းကဲ့သို့ အဓမ္မခိုင်းစေသော စစ်သား သို့မဟုတ် တပ်ဖွဲ့ကို အရေးယူရန်

- မုံးကိုးဒေသတဝိုက်နှင့် အခြား အစိုးရ၏ ထိန်းချုပ်မှုပြင်ပတွင်ရှိနေသော နေရာများအပါအဝင် ကချင်ပြည်နယ်တွင်းနှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများ အားလုံးသို့ လူသားချင်းစာနာသည့် အကူအညီများ အတားအဆီးမရှိ ပေးအပ်နိုင်ဖို့ ချက်ခြင်းခွင့်ပြုရန်၊ နေရပ်စွန့်ခွာထွက်ပြေးနေရသော အရပ်သားများ၏ လိုအပ်ချက်များကို သိရှိပြီး ကူညီထောက်ပံ့ပေးနိုင်စေရန်အတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ လူမှုကူညီရေးအဖွဲ့များအား သွားရောက်လေ့လာခွင့်ပြုရန်

- လူ့အခွင့်အရေး ကောင်စီက တာဝန်ပေးအပ်ထားသော လွတ်လပ်သည့် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်၊ ပဋိပက္ခဖြစ်စဉ်များအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်ခဲ့သူများ အားလုံးကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ယင်းအဖွဲ့အားတစ်နိုင်ငံလုံးသို့ အဆီးအတားမရှိ သွားရောက်ခွင့်ပြုရန်

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့

- ကလေးသူငယ်များကို တပ်ဖွဲ့အတွင်း စည်းရုံးသိမ်းသွင်းခြင်း၊ အဓမ္မစစ်မှုထမ်းစေခြင်း စသည့် အလေ့အထများကို ရပ်ဆိုင်းရန်၊ အရပ်သားများကို အထမ်းသမားများ၊ ကားမောင်းသူများ၊ လမ်းပြများအဖြစ် ခေါ် ယူအသုံးပြုမှုများကို ရပ်ဆိုင်းရန်၊ အဓမ္မ ဆက်ကြေးကောက်ခံမှုများကိုလည်း ရပ်ဆိုင်းရန်

- အရပ်သားများ နေထိုင်သည့်ဒေသများတွင် တပ်စခန်းချခြင်း၊ ယင်းဒေသများအတွင်း ဖြတ်သန်းလှုပ်ရှားခြင်းများကို တတ်နိုင်သမျှရှောင်ရှားရန်

- လူကို ပစ်မှတ်ထား၍ တိုက်ခိုက်သော မြေမြုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေး ပစ္စည်းများအသုံးပြုခြင်းကို ရပ်ဆိုင်းရန်၊ မိုင်းရှင်းရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် အားပေးကူညီပြီး၊ လောလောဆယ် အနေနှင့် မြေမြုပ်မိုင်းများနှင့် မိုင်းနှင့် သဏ္ဌာန်တူသော ဖောက်ခွဲရေးပစ္စည်းများ ချထားသည့်နေရာများကို အရပ်သားများအား သတိပေးရန်

- တပ်သားသစ်အဖြစ် အဓမ္မစုဆောင်းထားသူများ အပါအဝင် တိုက်ခိုက်ရေးတွင် ပါဝင်နေရသော အရပ်သားများ အားလုံးကို ချက်ခြင်းပြန်လွှတ်ရန်၊ မိမိတို့အဖွဲ့အတွင်း ဆက်လက်ထိန်းသိမ်းထားသော အရပ်သားဖြစ်စေ၊ တပ်ဖွဲ့ဝင်ဖြစ်စေ အားလုံး၏ အမည်များကို ထုတ်ပြန်ပေးရန်

- လူ့အခွင့်အရေး ကောင်စီက တာဝန်ပေးအပ်ထားသော လွတ်လပ်သည့် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်၊ ပဋိပက္ခဖြစ်စဉ်အတွင်း ပတ်သက်နေသူ အားလုံး၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးနိုင်ရန် ယင်းအဖွဲ့ကို အစိုးရ ထိန်းချုပ်မှု ပြင်ပတွင်ရှိနေသည့် ဒေသများကို လာရောက်ခွင့်ပြုရန်

## ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့

- လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးအဖွဲ့သည် ၎င်းတို့ကို ပေးအပ်ထားသော တာဝန်နှင့် အညီ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသော ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းအပါအဝင် နိုင်ငံတဝန်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အခြားသော ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် ယင်းတာဝန်ဝတ္တရားများ ဆောင်ရွက်နိုင်ရန် လုံလောက်သော ပံ့ပိုးမှုများ ပေးအပ်ရန်

## မြန်မာနိုင်ငံတွင်းရှိ ကုလသမဂ္ဂဌာနေရုံးနှင့် ကုလသမဂ္ဂအေဂျင်စီများသို့

- အစိုးရ ထိန်းချုပ်မှုမှ ကင်းလွတ်နေသော ဒေသများအပါအဝင် ဒေသများသို့ လူသားချင်းစာနာသည့် အကူအညီများပေးပို့မှုကို ကန့်သတ်ထားခြင်းအား ပယ်ဖျက်ပေးရန် မြန်မာအစိုးရကို လူသိထင်ရှားဖြစ်စေ၊ သီးသန့်တိုက်ရိုက်ဖြစ်စေ တောင်းဆို၍ ဖိအား တိုးမြှင့်ပေးရန်

## အလှူရှင် အစိုးရများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံတကာ မိတ်ဆွေများသို့

- အစိုးရ ထိန်းချုပ်မှုမှ ကင်းလွတ်နေသော ဒေသများအပါအဝင် ဒေသများသို့ လူသားချင်းစာနာသည့် အကူအညီများပေးပို့မှုကို ကန့်သတ်ထားခြင်းများ အားလုံးကို ပယ်ဖျက်ပေးရန် မြန်မာအစိုးရနှင့် တပ်မတော်ကို လူသိထင်ရှားတောင်းဆိုရန်

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်နေမှုများကို ချက်ခြင်းရပ်တန့်ပြီး အတိတ်က ပြုလုပ်ခဲ့သော၊ လက်ရှိ ပြုလုပ်နေဆဲဖြစ်သော ကျူးလွန်မှုများအတွက် တာဝန်ခံရန် မြန်မာစစ်တပ်ကို လူသိထင်ရှားတောင်းဆိုရန်

- စစ်တပ်ချင်း ပူးပေါင်းဆောက်ရွက်မှု ထိတွေ့မှုများတွင် မိမိတို့နှင့် ထိတွေ့ဆက်ဆံရသော တပ်ဖွဲ့များ၊ တပ်မှူးများသည် ယခင်က လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်ခဲ့ဖူးခြင်း ရှိမရှိ စစ်ဆေးပြီးမှ ဆောင်ရွက်ရန်၊ လေ့ကျင့်သင်တန်းပေးရာတွင် အရပ်ဖက် စစ်ဖက်ခွဲခြားမှုနှင့် အင်အားကို သင့်တင့်မျှတသလောက်သာ သုံးရခြင်း စသော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေစံနှုန်းများကို အခြေပြုရန်အတွက် ဦးစားပေး လုပ်ဆောင်ရန် နှင့်
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် လုပ်ကိုင်နေသော လူသားချင်းစာနာသည့် အကူအညီပေးရေးအဖွဲ့များအား ထောက်ပံ့မှုများတိုးမြှင့်ပေးရန်အတွက် စဉ်းစားပေးရန်၊ အစိုးရထိန်းချုပ်မှုအောက်နှင့် ထိန်းချုပ်မှုမှ ကင်းလွတ်သောဒေသ နှစ်မျိုးစလုံးတွင် အရေးပေါ် လိုအပ်နေသော အကူအညီများ ပေးအပ်ရန်၊ မြေမြုပ်မိုင်း အန္တရာယ်ကင်းရှင်းရေး အစီအစဉ်နှင့် ပညာပေးမှုများကို တိုးချဲ့ လုပ်ဆောင်ပေးရန်

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည်
လူ့အခွင့်အရေးများအတွက် ကမ္ဘာတဝန်း
လှုပ်ရှားမှုကြီး တစ်ခုဖြစ်သည်။
လူတစ်ဦး မတရားပြုကျင့်ခံရခြင်းသည်
လူတိုင်းကို ထိခိုက်စေခြင်း ဖြစ်သည်။


ဆက်သွယ်ရန်

info@amnesty.org

+၄၄(၀)၂၀၇၄၁၃၅၅၀၀

လက်တွဲပါဝင်ရန်

www.facebook.com/AmnestyGlobal

@Amnesty

# “အရပ်သားများ အားလုံး ဒုက္ခ ခံစားကြရ”

**မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားနေသော ပဋိပက္ခ၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ**

ပြီးခဲ့သည့် ခုနှစ်လအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ခဲ့သည်။ ယင်းဒေသများရှိ တိုင်းရင်းသားများက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပိုမိုရရှိရေးနှင့် ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုခံရ ရေးအတွက် တောင်းဆို တိုက်ပွဲဝင်နေပြီး ပဋိပက္ခများ တိုက်ပွဲများ ကာလတာရှည် ဖြစ်နေခဲ့သည်။

၂၀၁၇ ခုနှစ် မတ်လမှ မေလအတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းသို့ လေ့လာသုတေသနပြုခရီးစဉ် သုံးကြိမ်သွားရောက်ခဲ့ပြီး လူပေါင်း ၁၄၀ ကျော်နှင့်တွေ့ဆုံမေးမြန်းခဲ့ပြီး ပြုစုခဲ့သော ယခု အစီရင်ခံစာတွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မ လုပ်အားပေး ခိုင်းစေခြင်း နှင့် မခွဲခြားပဲ အမြောက်နှင့် ပစ်ခတ်တိုက်ခိုက်ခြင်းများအပါအဝင် စစ်ရာဇဝတ်မှုနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ အများအပြားကို မှတ်တမ်းပြုစုတင်ပြထားပါသည်။ ထိခိုက်နစ်နာသူ အများစုမှာ ယင်းဒေသအတွင်းရှိ တိုင်းရင်းသားလူနည်းစု အရပ်သားများ ဖြစ်ကြပြီး ကျူးလွန်သူ စစ်သားများနှင့် တပ်မှူးများမှာ အရေးယူအပစ်ပေးခံရခြင်းမှ ကင်းလွတ်ပြီး ဆက်လက်ချိုးဖောက်ကျူးလွန်နေနိုင်သော အစဉ်အလာဆက်ဖြစ်နေပါသည်။ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကလည်း ပြန်ပေးဆွဲ ဖမ်းဆီးခြင်း၊ တပ်ဖွဲ့ဝင်အဖြစ် အဓမ္မစုဆောင်းခြင်းနှင့် အဓမ္မအခွန်ကောက်ခြင်းစသည့် ချိုးဖောက်မှုကြီးများကို ကျူးလွန်ခဲ့ကြောင်း ယခုအစီရင်ခံစာတွင်ဖော်ပြထားပါသည်။

ယင်းဒေသတွင် လူပေါင်း ၉၈၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရပြီး ၎င်းတို့ထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးပို့ခြင်းကို မြန်မာအာဏာပိုင်များက ကန့်သတ်ထားသဖြင့် အခြေအနေပိုဆိုးစေခဲ့သည်။ မြန်မာနိုင်ငံ မြောက်ပိုင်းမှ အရပ်သားများသည် ၎င်းတို့ လယ်ယာသို့ အသွား သို့မဟုတ် နေအိမ်သို့ အပြန်လမ်းတွင် မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များက ဆက်လက်ချထားနေဆဲဖြစ်သော မြေမြှုပ်မိုင်းနှင့် အခြားဖောက်ခွဲရေးပစ္စည်းများကို တက်နင်းမိနိုင်သည့် အန္တရာယ်လည်း ရှိနေပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားနေခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စစ်ပွဲများကို အဆုံးသတ်ရေးကို ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အစိုးရက ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ထားသည်။ ယင်းသို့ ဖြစ်ရန်မှာ တာဝန်ယူ တာဝန်ခံမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုတို့က အစိုးရ၏ အစီအစဉ်တွင် ဗဟိုချက်မမှ ပါဝင်ရန်လိုအပ်ပါသည်။

အညွှန်း- ASA ၁၆/၆၄၂၉/၂၀၁၇
ဇွန် ၂၀၁၇
ဘာသာ- အင်္ဂလိပ်
amnesty.org